# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

**ယမကဝဂ်(ဓမ္မပဒ-၁၀)**


၁၃၈၁ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၃ ရက် | ၂၀၁၉ ခုနှစ်၊ ဇူလိုင် ၂၉ ရက်၊ တနင်္လာနေ့ | အတွဲ (၅၈)၊ အမှတ် (၃၀၂)




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အိန္ဒိယသမ္မတနိုင်ငံ မွန်ဒရာဆိပ်ကမ်းရှိ **Adani Ports and Logistics** ၌ ကြည့်ရှုလေ့လာစဉ်။

ဓာတ်ပုံ-တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# မြန်မာ့တပ်မတော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မွန်ဒရာမြို့ရှိ Adani Ports and Logistics နှင့် SEZ & Solar Panel manufacturing unit သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၂၈**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယတပ်မတော် အထူးလေယာဉ်ဖြင့် မွန်ဒရာမြို့သို့ ရောက်ရှိကြရာ အိန္ဒိယရေတပ်မှ Rear Admiral Sanjay Roye နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့သည် မွန်ဒရာဆိပ်ကမ်းရှိ Adani Ports and Logistics သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် စက်ရုံများအတွင်း ဘေးအန္တရာယ်လုံခြုံစိတ်ချမှုရှိစေရေးအတွက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရေနက်ဆိပ်ကမ်းတစ်လျှောက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုလေ့လာကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❑

# အောက်တိုဘာ ၁ ရက်မှစ၍ ဥရောပ ခြောက်နိုင်ငံမှ ခရီးသွားဧည့်သည်များအား ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဝင်ရောက်ခွင့်ပြုမည်

**မန္တလေး ဇူလိုင် ၂၈**

လာမည့် အောက်တိုဘာလ ၁ ရက်နေ့မှစ၍ စမ်းသပ်ကာလတစ်နှစ် သတ်မှတ်၍ ဥရောပ ခြောက်နိုင်ငံမှ နိုင်ငံတကာ ခရီးသွားများအတွက် ဆိုက်ရောက်ဗီဇာစနစ်ဖြင့် လေကြောင်းလိုင်းများမှ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစန်းယုက ပြောသည်။

## ဝင်ရောက်ခွင့်ပြုမည်

အဆိုပါဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဥရောပခြောက်နိုင်ငံဖြစ်သော ဩစတြီးယား၊ ဂျာမနီ၊ အီတလီ၊ ရုရှား၊ စပိန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ခရီးသွားများအား ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်ခွင့်ပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၈ ခုနှစ် အောက်တိုဘာလကလည်း ဖြေလျှော့မှုများအဖြစ် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့ကို ဗီဇာကင်းလွတ်ခွင့်နှင့် တရုတ်နိုင်ငံအတွက် ဆိုက်ရောက်ဗီဇာစနစ်ဖြင့် ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း သိရသည်။

## ပိုမိုဝင်ရောက်လာဖို့လို

"ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ ခရီးသွားအရင်းအမြစ်တွေ အများကြီးရှိတဲ့အတွက် နိုင်ငံတကာက ခရီးသွားဧည့်သည်တွေ ပိုမိုဝင်ရောက်လာဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ဗီဇာကင်းလွတ်ခွင့်တွေ ဆိုက်ရောက်ဗီဇာစနစ်တွေနဲ့

*စာမျက်နှာ ၄ ကော်လံ ၁* ✾

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၈-၇-၂၀၁၉

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| စစ်တွေမြို့ | ၄ | ဒသမ | ၈၀ | လက်မ | လောင်းလုံးမြို့ | ၁ | ဒသမ | ၇၃ | လက်မ |
| ကျောက်တော်မြို့ | ၂ | ဒသမ | ၅၂ | လက်မ | ပူတာအိုမြို့ | ၁ | ဒသမ | ၆၉ | လက်မ |
| ဥက္ကံမြို့ | ၂ | ဒသမ | ၄၄ | လက်မ | ဇလွန်မြို့ | ၁ | ဒသမ | ၅၇ | လက်မ |
| ဖျာပုံမြို့ | ၂ | ဒသမ | ၁၃ | လက်မ | သံတောင်ကြီးမြို့ | ၁ | ဒသမ | ၅၀ | လက်မ |


**ကြီးအုံကြီးဝတမံမှ ရေကျော်ကျနေ၍ ဒေသခံပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေ အသိပေးကြေညာ**

ပြည်တွင်းသတင်း | စာ » ၅

**ဘရိဇစ်အရေး သတိထားလုပ်ဆောင်ဖို့ ဥရောပမိတ်ဖက်တွေ ဗြိတိန်ဝန်ကြီးချုပ်ကို သတိပေး**

နိုင်ငံတကာရေးရာ | စာ » ၁၅



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ဆေးလိပ်၊ ကွမ်းယာ၊ အရက်သောက်သုံးမှု ထိရောက်စွာ ထိန်းကွပ်နိုင်ဖို့လို

ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုနှင့် ကွမ်းယာစားသုံးမှုသည် လူငယ်များအတွင်း ဆိုးရွားစွာပျံ့နှံ့နေကြောင်းနှင့် ယင်း၏ အကျိုးဆက်ဖြစ်သော ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာဖြစ်ပွားမှု ပိုမိုများပြားလာကြောင်း သတင်း စကားက လူငယ်ထုအတွက် အချက်ပေးခေါင်းလောင်းသံတစ်ခုပင် ဖြစ်သည်။ နိုင်ငံအတွင်း ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်ရန် ဆွေးနွေးပြောဆိုမှုများပြုလာခဲ့ကြသည်မှာလည်း လွန်ခဲ့သည့်နှစ်များမှပင် ဖြစ်သည်။

၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့သော သုတေသနစစ်တမ်းတစ်ခုအရ အမျိုးသားလူဦးရေ၏ ၆၂ ရာခိုင်နှုန်းက ကွမ်းစားကြပြီး ၄၄ ရာခိုင်နှုန်းက ဆေးလိပ်သောက်ကြသည်ဟု ဆိုထားသည်။ ဖော်ပြပါကိန်းဂဏန်းများတွင် ဆေးလိပ်သောက်သော်လည်း ကွမ်းမစားသူ၊ ကွမ်းစားသော်လည်း ဆေးလိပ်မသောက်သူ၊ ဆေးလိပ်ရော ကွမ်းပါ သောက်လည်းသောက် စားလည်းစားသူများ ပါလိမ့်မည်ဟု ယူဆရသည်။ ၎င်းစစ်တမ်းမှာ ငါးနှစ်ခန့်ကျော်လွန်ခဲ့ပြီဖြစ်ရာ လက်ရှိအခြေအနေတွင် ကိန်းဂဏန်းများ ပိုမိုများပြားနေပေလိမ့်မည်။

ဇူလိုင် ၂၇ ရက်က နေပြည်တော်တွင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများနှင့် အရက်ယမကာများအပေါ် အခွန်အကောက်ဆိုင်ရာလုပ်ငန်းများ ရှင်းလင်းတင်ပြခြင်းအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၏ ပြောကြားချက်အရ မြန်မာနိုင်ငံတွင် အသက် ၁၅ နှစ်မှ ၁၉ နှစ်အကြား လူငယ်များ အရက်အလွန်အကျွံသောက်သုံးမှုနှုန်းမှာ အာဆီယံနိုင်ငံများနှင့်တန်းတူရှိနေကြောင်းနှင့် ဆေးပေါ့လိပ်အပါအဝင် ဆေးလိပ်အလိပ်ရေ ၁၂ ဘီလီယံကျော်ကို နှစ်စဉ်သုံးစွဲနေကြောင်း သိရသည်။ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းအဆင့်များတွင် ပညာသင်ကြားနေကြရမည့်အရွယ်များဖြစ်သည့် အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား လူငယ်များ ဆေးလိပ်ကွမ်းယာသုံးစွဲမှုစစ်တမ်းကို ၂၀၁၆ ခုနှစ်က ကောက်ယူခဲ့ရာတွင် လူငယ် ၁၃ ဒသမ ၆ ရာခိုင်နှုန်းတို့က သုံးစွဲနေကြကြောင်း Global Youth Tobacco စစ်တမ်းအရ သိရှိရသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု တစ်နည်းအားဖြင့် ဆေးလိပ်သောက်၊ ကွမ်းစား၊ ဆေးရွက်ငုံကြခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူခုနစ်သန်းခန့် သေဆုံးနေကြရသည်။ ယင်းအနက် ခြောက်သန်းမှာ သောက်ကြ၊ စားကြ၊ ငုံကြသည့်အတွက်ကြောင့် သေဆုံးကြရခြင်းဖြစ်သော်လည်း လူ ၈၉၀၀၀၀ ခန့်တို့မှာမူ သူများသုံးသည့် ဆေးလိပ်ငွေ့ကို တစ်ဆင့်ခံရှူမိရာမှ မဆီမဆိုင်သေကြရခြင်းဖြစ်သည်။ ဆေးလိပ်သောက်သူများက မသောက်သူများထက် ကင်ဆာဖြစ်နိုင်ခြေ ခြောက်ဆပိုသည်။ ဆေးငုံကွမ်းစားသူများမှာလည်း မစားသူများထက် သွားဖုံးနှင့် ပါးစပ်ကင်ဆာဖြစ်နိုင်ခြေအဆ ၅၀ပိုသည်။ အရက်သောက်သူများမှာလည်း မသောက်သူများထက် ကင်ဆာဖြစ်နိုင်ခြေ ခြောက်ဆပိုသည်ဟု မှတ်သားရဖူးသည်။ ကင်ဆာသာမက အခြားရောဂါများလည်း ဖြစ်နိုင်ခြေပိုများသည်။ ဆေးလိပ်၊ ကွမ်းယာ၊ အရက်သုံးစွဲခြင်းအားဖြင့် ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ဆိုးကျိုးများစွာ ခံစားကြရနိုင်မည်ဖြစ်သလို ရှောင်ကြဉ်ခြင်းအားဖြင့် ကောင်းကျိုးရလဒ်များ ရရှိကြမည်ဖြစ်သည်။ အထူးသဖြင့် ကျောင်းများနှင့် လုပ်ငန်းခွင်များကို အခြေပြု၍ ပညာပေးလုပ်ငန်းများကို ထိထိရောက်ရောက်ပြုလုပ်ကြရန်ဖြစ်ပြီး ဆေးလိပ်၊ အရက်၊ ကွမ်းယာထုတ်လုပ်၊ ရောင်းချသည့်လုပ်ငန်းများကိုလည်း ထိထိရောက်ရောက်ထိန်းချုပ်မှုများ ပြုလုပ်သွားရန်ပင်ဖြစ်သည်။

ဆေးလိပ်၊ ဆေးရွက်ကြီးနှင့် အရက်သောက်သုံးခြင်းသည် အပြုအမူအလေ့အထမှစတင်ခြင်းဖြစ်ပြီး ကျန်းမာရေးပြဿနာနှင့် အခြားနောက်ဆက်တွဲပြဿနာများစွာတို့နှင့် အဆုံးသတ်သည်။ ကင်ဆာအပါအဝင် ရောဂါများခံစားနေရသည့် ဝေဒနာသည် ဘဝနှင့်ဆေးရုံဆေးခန်းများသို့ ရောက်ကြရသည်။ "ယခုအချိန်တွင် ဤပြဿနာကိုအထူးအလေးပြုဦးစားပေးကြိုးပမ်းမဆောင်ရွက်နိုင်ပါက နောင် ၁၀ နှစ် ၁၅ နှစ်မှာ နိုင်ငံတွင် ကျန်းမာရေးအသုံးစရိတ် လွန်စွာကြီးမြင့်လာပြီး နိုင်ငံ၏ စီးပွားရေးကို ထိခိုက်လာနိုင်ကြောင်း" ယမန်နှစ် ဇွန်လအတွင်းက ကျင်းပခဲ့သည့် ဆေးလိပ်နှင့် ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ သုံးသပ်ပြောကြားချက်သည်လည်း ပဲ့တင်ထပ်နေဆဲ သတိပေးခေါင်းလောင်းသံတစ်ရပ်အဖြစ် တင်ပြအပ်ပါကြောင်း။ ။

# ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် သွေးချင်းတို့၏ ပွဲတော်ဆီ မိတ်ဆက်ရှင်းလင်း

**လှိုင်ကော် ဇူလိုင် ၂၈**

၂၀၂၀ ပြည့်နှစ် ရန်ကုန်မြို့ကျိုက္ကဆံကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည့် သွေးချင်းတို့၏ ပွဲတော်ဆီ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယမန်နေ့က လှိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ခဲ့သည်။



သွေးချင်းတို့၏ ပွဲတော်ဆီ ကျင်းပနိုင်ရေး မိတ်ဆက်ရှင်းလင်းပွဲ ပြုလုပ်စဉ်။

အခမ်းအနားကို မငြိမ်းချမ်းလို့ မဖြစ်ဘူးသီချင်းဖြင့် စတင်ဖွင့်လှစ်ခဲ့ပြီး ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလုထွေးက သွေးချင်းတို့ရဲ့ ပွဲတော်ဆီ ကျင်းပရခြင်းသည် ပြည်ထောင်စုအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများကို ပိုမိုချစ်ကြည်ရင်းနှီးအောင်နှင့် စာပေနှင့် ယဉ်ကျေးမှုများ ဖွံ့ဖြိုးတိုးတက်စွာ ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများစွာ ရရှိနိုင်ကြောင်း၊ တိုင်းရင်းသား နယ်မြေဒေသရှိ စီးပွားရေးလုပ်ငန်းရှင်များ၏ လွတ်လပ်စွာလုပ်ကိုင်နိုင်ရေး အဓိကရည်မှန်းချက်မှာ ငြိမ်းချမ်းရေးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိပါမှ ပြည်ပရင်းနှီးမြှုပ်နှံမှုများ လာရောက်လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ လုပ်ငန်းရှင်များမှာလည်း စီးပွားရေးဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အနာဂတ်လူငယ်များ၏ ရင်လေးစရာမှာ မူးယစ်ဆေးဝါးများဖြစ်သည့်အတွက် ပြည်နယ်အတွင်း မူးယစ်ကင်းစင်ပြီး အေးချမ်းသာယာသော ပြည်နယ်ဖြစ်အောင် ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဒေသကွပ်ကဲရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **လှိုင်ကော်သား**

# မဲဆန္ဒရှင် စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ပေါက် ဇူလိုင် ၂၈**

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင် စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်း အစည်းအဝေးကို ယမန်နေ့က ပေါက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က လူဦးရေစာရင်းကောက်ယူရမည့်အခြေအနေများနှင့် ပတ်သက်၍ ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိရာ ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားတိုင်း မဲစာရင်းတွင် ပါဝင်ခြင်းဖြင့် ၎င်းတို့၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန်၊ မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရေး ပြုစုဆောင်ရွက်ရန် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးလုပ်ငန်းများကို မြို့နယ်မဲစာရင်းပြုစုရေးလုပ်ငန်းအဖွဲ့ဝင်များက ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ မြို့နယ်ကော်မရှင်ရုံးဦးစီးအရာရှိ ဒေါ်ဇင်မာသက်က လူဦးရေစာရင်းကောက်ယူခြင်း၊ မဲဆန္ဒရှင်စာရင်းကောက်ယူခြင်းနှင့် စာရင်းများကို စဉ်ဆက်မပြတ်ဖြည့်စွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဉာဏ်တိုး (ပြန်/ဆက်)**

# အပူပိုင်းဇုန်ဒေသအတွင်း ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု သုတေသနပြုချက်များအား ချပြရှင်းလင်း

**မုံရွာ ဇူလိုင် ၂၈**

မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေများရှိ ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု သုတေသနပြု တွေ့ရှိချက်များ ချပြရှင်းလင်းပွဲကို ယမန်နေ့က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

"သုတေသနတွေ့ရှိချက်တွေ တောင်သူတွေကို အသိပညာပေးဖို့ဆိုတာက စိုက်ပျိုးရေးဦးစီးဌာနက လုပ်ဆောင်တာဖြစ်တဲ့အတွက် စိုက်ပျိုးရေးဝန်ထမ်းတွေကို အခုလိုလာပြီး သုတေသနပြုတွေ့ရှိချက်တွေကို ချပြရှင်းလင်းပေးတာဖြစ်တယ်။ နောက်ပြီး စိုက်ပျိုးထုတ်လုပ်မှုတွေမှာ အကူအညီပေးနေတဲ့ တခြားအဖွဲ့အစည်းတွေကိုလည်း ဖိတ်ကြားပြီးတော့ ပညာပေးတာဖြစ်တယ်။ သုတေသနပြုစဉ်က တောင်သူတွေ ပူးပေါင်းပါဝင်တဲ့ သီးနှံစံနှုန်းထား သတ်မှတ်ခြင်းစနစ်နဲ့ လုပ်ကိုင်ခဲ့တာဖြစ်တယ်။ လုပ် ဆောင်ပုံက တောင်သူတွေရဲ့ကွင်းထဲမှာ တောင်သူတွေ ဆောင်ရွက်ခဲ့တဲ့အနေအထား၊ တောင်သူစိုက်တဲ့မျိုးမှာ သုတေသနပညာရှင်၊ တောင်သူ၊ စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးအဖွဲ့တွေ ပူးပေါင်းပြီး သူတို့လုပ်ကိုင်ခဲ့တဲ့ အချက်တွေကို မှတ်တယ်။ အထွက် ရရှိမှုတွေကို ခွဲခြားတယ်။ အမြင့်ဆုံးအထွက် ၅ ရာခိုင်နှုန်းအဆင့်အထိ ဆောင်ရွက်ခဲ့တဲ့ တောင်သူက ဘယ်လိုနည်းနဲ့လုပ်ခဲ့သလဲဆိုတာကြည့်တယ်။ ပြန်ပြီးတော့ တခြားတောင်သူတွေကို လုပ်ကိုင်ဆောင်ရွက်စေတဲ့နည်းလမ်းက အအောင်မြင်ဆုံးနည်းလမ်းဖြစ်တယ်။ အဲဒီလိုနည်းလမ်းတွေ တခြားတောင်သူတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေဖို့ စိုက်ပျိုးရေးနည်းပညာတွေကို အဓိကဖြန့်ဝေပေးနေတဲ့ ဝန်ထမ်းတွေကို ချပြရှင်းလင်းပေးတာဖြစ်တယ်"ဟု မြေဆီလွှာ၊ ရေအသုံးချရေးနှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဌာန(ခွဲ)၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး (မြေဆီလွှာ) ဒေါက်တာစုစုဝင်းက ပြောသည်။

အပူပိုင်းဒေသအတွင်း ဒေသနှင့်ကိုက်ညီသော ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု သုတေသနပြုလုပ်ငန်းကို ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဩစတြေးလျနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ သီးနှံစိုက်ပျိုးထုတ်လုပ်မှု သုတေသနအဖွဲ့အစည်း၏ ပညာရှင်များမှ မြန်မာနိုင်ငံ အပူပိုင်းဇုန်ဒေသရှိ တောင်သူများ၏ လူနေမှုဘဝဖွံ့ဖြိုးမှုအတွက် စိုက်ပျိုးထုတ်လုပ်မှု လိုအပ်ချက်များကို သုတေသနပြုပြီး အကြံပြုချက်ပေးနိုင်ရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# လူသုံးကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော် ဆော၌ ကျင်းပ

**ဆော ဇူလိုင် ၂၈**

အောင်ဩဘာမိသားစုကုမ္ပဏီမှ ဦးစီးကျင်းပသော လူသုံးကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ယမန်နေ့မှ စတင်၍ ဂန့်ဂေါခရိုင် ဆောမြို့ စကြာသီဟဘုရား ကွင်းပြင်တွင် ရန်ကုန်မြို့ မန္တလေးမြို့ တောင်ကြီးမြို့များမှ ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချလျက်ရှိသည်။

အဆိုပါ လူသုံးကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နံနက် ၉ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ရောင်းချကြပြီး စားသောက်ကုန်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စာအုပ်စာစောင်များကို ရောင်းချလျက်ရှိသည့်အပြင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် ညပိုင်းတွင် Model Dancer အဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုအစီ အစဉ်များပါရှိပြီး ဈေးရောင်းပွဲတော်ကာလမှာ ဇူလိုင် ၂၇ ရက်မှ ဩဂုတ် ၂ ရက်အထိ ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




ခုနစ်ရက်ကြာ လူသုံးကုန်ပစ္စည်းဈေးရောင်းပွဲ ဆောမြို့၌ ကျင်းပစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့ တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်၊ တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Zhao Kezhi ၏ ဖိတ်ကြားချက်အရ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့်အဖွဲ့သည် ဇူလိုင် ၂၃ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်ခဲ့သည်။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် တရုတ်ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဝန်ကြီး **Mr. Zhao Kezhi** နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၄ ရက်က ပေကျင်းမြို့ ပြည်သူ့ရေးရာ လုံခြုံရေး ဝန်ကြီးဌာန အစည်းအဝေး ခန်းမ၌ နိုင်ငံတော် လူဝင်မှုကြီးကြပ်ရေး ဌာနကြီးမှူး၊ ပြည်သူ့ရေးရာ လုံခြုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.XuGan Lu နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံခေါင်းဆောင်များအကြား သဘောတူညီချက်အရ ဝန်ထမ်းများအား နှစ်စဉ်သင်တန်းပေးခြင်း၊ နှစ်နိုင်ငံနယ်စပ်အကြား တရားမဝင် ဝင်/ထွက်မှုများ ထိန်းချုပ်နိုင်ရေး၊ တရားမဝင် ဝင်ရောက်သည့် နှစ်ဖက်နိုင်ငံသားများအား စိစစ်လွှဲပြောင်းလက်ခံရေး၊ နယ်စပ်ဖြတ်ကျော် မှုခင်းကျူးလွန်သူများ၏ ကိုယ်ရေးအချက်အလက်များ ဖလှယ်နိုင်ရေး၊ သတင်းအချက်အလက် နည်းပညာဖြင့် ပြစ်မှုကျူးလွန်သူများအား နှစ်နိုင်ငံပူးပေါင်းဖော်ထုတ်နိုင်ရေး၊ လူကုန်ကူးမှုများ၊ မူးယစ်ဆေးဝါး တရားမဝင် သယ်ဆောင်ခြင်းနှင့် တရားမဝင် လက်နက်မှောင်ခိုရောင်းဝယ်မှုများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့သည်။

**ညှိနှိုင်းဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးသည် ညနေ ၅ နာရီခွဲတွင် နိုင်ငံတော်ကောင်စီဝင်၊ တရုတ်ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဝန်ကြီး Mr. Zhao Kezhi နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံနယ်စပ်အကြား တရားမဝင် ဝင်/ ထွက်မှုများ ထိန်းချုပ်နိုင်ရေး၊ တရားမဝင် ဝင်ရောက်သည့် နှစ်ဖက်နိုင်ငံသားများအား စိစစ်လက်ခံရေး၊ နယ်စပ်ဖြတ်ကျော်မှုခင်းများ၊ သတင်းအချက်အလက်နည်းပညာဖြင့် ပြစ်မှုကျူးလွန်ခြင်း၊ လူကုန်ကူးမှုနှင့် လက်နက်မှောင်ခို ရောင်းဝယ်မှုများတွင် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၅ ရက်တွင် ကွမ်တုန်းပြည်နယ် ကျူးဟိုင်မြို့ ပြည်သူ့လုံခြုံရေးဌာန ဌာနကြီးမှူး Mr. Zhao Haishan အား သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၂၆ ရက်တွင် ကွမ်တုန်းပြည်နယ် ပြည်သူ့လုံခြုံရေး ဌာနကွပ်ကဲမှု ဌာနချုပ်သို့ သွားရောက်လေ့လာခဲ့ရာ Mr. Zhao Haishan နှင့် တာဝန်ရှိသူများက Artificial Intelligence နည်းပညာ အသုံးပြု၍ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ထိန်းချုပ်မှုစနစ်၊ ပြစ်မှုကျူးလွန်သူများအား စောင့်ကြည့်ထိန်းချုပ်ရေးစနစ်၊ ကွန်ရက် တည်ဆောက်ထားရှိမှုများ၊ မြေပြင်မှရရှိသည့် သတင်းအချက်အလက်များအား အချိန်နှင့်တစ်ပြေးညီ ပေးပို့ဖလှယ်သည့်စနစ်များ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

**စီစဉ်ဆောင်ရွက်**

ယင်းနောက် ကွမ်တုန်းပြည်နယ် ဒုတိယပြည်နယ်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လုံခြုံရေး ပြည်နယ်ဦးစီးဌာနမှူး Mr. Li Chunsheng နှင့် တွေ့ဆုံရာ ၎င်းမှ ကွမ်တုန်းပြည်နယ်သည် မြန်မာနိုင်ငံနှင့် တရားဥပဒေစိုးမိုးရေးနှင့် ပြည်ပဋိပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးအရေးယူမှုတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်း၊ နှစ်နိုင်ငံခေါင်းဆောင်များ၏ သဘောတူညီချက်အရ ကွမ်တုန်းပြည်နယ်သည် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရန်အတွက် သင်တန်းများ ဖွင့်လှစ်လေ့ကျင့်ပေးနိုင်ရေးကိုလည်း တရုတ်နိုင်ငံဘက်မှ စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဇူလိုင် ၂၇ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၀၁၉) ခုနှစ် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

(၂၀၁၉) ခုနှစ် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါ တိုက်ဖျက်ရေးနေ့ (World Hepatitis Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သူနာပြုတက္ကသိုလ် ရန်ကုန်၌ ကျင်းပသည်။

**ဂရုပြုမှုရှိလာစေရန်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အသည်းရောင် အသားဝါရောဂါပိုင်းရပ်စ်ပိုးများကြောင့် ဖြစ်ပွားသည့် အသည်းရောင်အသားဝါရောဂါများနှင့် ပတ်သက်၍ ပြည်သူများပိုမိုသိရှိ ဂရုပြုမှုရှိလာစေရန် ရည်သန်၍ ကျင်းပသည့် **"ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့"** ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၁၀ ပြည့်နှစ်မှ စတင်၍ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၁၃ ခုနှစ်မှ စတင်၍ နှစ်စဉ်ကျင်းပခဲ့ပါကြောင်း၊ ဝန်ကြီးဌာနသည် World Hepatitis Alliance အဖွဲ့နှင့် ပူးပေါင်း၍ "အသည်းရောင်ရောဂါ ကင်းဝေးရေး၊ ဝိုင်းဝန်းရှာဖွေ စစ်ဆေးပေး (Finding the missing millions)" ဆောင်ပုဒ်ဖြင့် အသည်းရောင် အသားဝါရောဂါနှင့် ပတ်သက်၍ပြည်သူလူထုအား အသိပေးနှိုးဆော်မှု၊ ကျန်းမာရေးအသိပညာမြှင့်တင်မှု၊ ရောဂါစစ်ဆေးမှု၊ ရောဂါကာကွယ်မှုနှင့် ကုသမှုလုပ်ငန်းများကို လွန်ခဲ့သည့် ၂၀၁၈ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်ဆောင်ပုဒ်ဖြစ်သော "အသည်းရောင်ရောဂါ ကင်းဝေးဖို့ ရင်းနှီးမြှုပ်နှံဆောင်ရွက်စို့ (Invest in Eliminating Hepatitis) နှင့်အညီ လုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

အသည်းရောင်အသားဝါ (စီ) ရောဂါ ကုသလမ်းညွှန် (Simplified Treatment Guidelines for Hepatitis C Infection (2017))နှင့် အသည်းရောင်အသားဝါ (ဘီ) ရောဂါ ကုသရေးလမ်းညွှန် (Simplified Treatment Guidelines for Hepatitis B Infection (2019)) အပါအဝင် လမ်းညွှန်များ ရေးဆွဲပြုစုခဲ့ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ဝေသည့် လမ်းညွှန်များနှင့် အမြဲကိုက်ညီမှု ရှိစေရေး အတွက် မွမ်းမံမှုများပြုလုပ်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ၂၀၁၅ ခုနှစ်တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာနနှင့် မြန်မာအသည်းဖောင်ဒေးရှင်းတို့ ဦးစီးကောက်ယူခဲ့သော စစ်တမ်းတွေ့ရှိချက်များအရ အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါ ဖြစ်ပွားမှုမှာ မြင့်တက်လျက်ရှိပြီး လူဦးရေ၏ ၆ ဒသမ ၅ ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ (ဘီ) ရောဂါနှင့် လူဦးရေ၏ ၂ ဒသမ ၇ ရာခိုင်နှုန်းမှာ အသည်းရောင်အသားဝါ (စီ) ရောဂါဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရကြောင်း။

**အခမဲ့ထိုးနှံပေးလျက်ရှိ**

ရောဂါဖြစ်ပွားသူများ၏ ၁၀ ဦးတွင် တစ်ဦးခန့်သည် ရောဂါဖြစ်ပွားနေသည်ကို မသိရှိကြသဖြင့် ကုသမှုများကို အချိန်မီ မခံယူနိုင်ကြသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနရှိ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ ကလေးငယ်များအတွက် အသည်းရောင်အသားဝါ (ဘီ) ပိုးကာကွယ်ဆေးများကို မွေးကင်းစ၊ အသက် (၂) လ၊ အသက် (၄)လနှင့် အသက် (၆) လ အရွယ်တို့တွင် အခမဲ့ထိုးနှံပေးလျက်ရှိကြောင်း၊ ၂၀၁၇ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့ရှိ ပြည်သူ့ဆေးရုံကြီး ခုနစ်ရုံ၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် မြစ်ကြီးနားနှင့် မော်လမြိုင်မြို့ ပြည်သူ့ ဆေးရုံကြီးများ၌




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး (၂၀၁၉) ခုနှစ် ကမ္ဘာ့အသည်းရောင် အသားဝါရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

လည်းကောင်း အသည်း ရောင်အသားဝါ (စီ) ကုသမှုဌာနများ ဖွင့်လှစ်၍ အသည်းရောင် အသားဝါ (စီ) ရောဂါလူနာများကို အခမဲ့ကုသမှုပေးလျက်ရှိကြောင်း။

ထိုသို့ ကုသမှုပေးခဲ့ရာတွင် ၂၀၁၉ ခုနှစ် မေလအထိ အသည်းရောင် အသားဝါရောဂါ (စီ) ပိုးဝေဒနာရှင် ၅၀၀၀ ခန့်ကို ဆေးဝါးကုသမှုပေးနိုင်ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင်လည်း အသည်း ရောင် အသားဝါ (စီ) ကုသမှုဌာနများ ထပ်မံဖွင့်လှစ်၍ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာအသည်း ဖောင်ဒေးရှင်းအနေဖြင့်လည်း ဝန်ကြီးဌာနနှင့် ပူးပေါင်း၍ မြို့နယ်အသင်းခွဲ ၂၃ ခုဖြင့် အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါ ရှိ၊ မရှိ စစ်ဆေးပေးခြင်း၊ အသည်း ရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထိုးနှံပေးခြင်း၊ အသည်းရောင် အသားဝါ (ဘီ) နှင့် (စီ) ရောဂါဖြစ်ပွားသူများကို ကုသမှုပေးခြင်း လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

**ဆက်လက်ဆောင်ရွက်**

၂၀၃၀ ပြည့်နှစ်တွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားသော အသည်းရောင် အသားဝါရောဂါများဖြစ်ပွားမှု လျော့နည်းကင်းစင်ကာ ပြည်သူ့ကျန်းမာရေး ခြိမ်းခြောက်မှုအဖြစ်မှ ဖယ်ရှားနိုင်စေရေး အတွက် စုစည်းဝိုင်းဝန်း၍ အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်သူအားလုံးက မိမိကိုယ်တိုင် အသည်းရောင်အသားဝါရောဂါ ဖြစ်ပွားနေရသကဲ့သို့ ကြည့်ရှုခံစားပြီးလည်း အသည်းရောင် အသားဝါရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအသည်း ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါက်တာခင်ပြုံးကြည်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေ ကိုယ်စားလှယ် Dr. Stephen Paul Jost က ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရှေ့တောင်အာရှ ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ World Hepatitis Alliance President Mr. Micheal-Nimberg ၏ သဝဏ်လွှာကို မြန်မာအသည်းဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာစည်သူရ က ဖတ်ကြားသည်။

ထို့နောက် မြန်မာအသည်း ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာတင်ညွှန့်က ဖောင်ဒေးရှင်းမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ နည်းပညာဆိုင်ရာ အကြံပေးဆိုင်ရာ အဖွဲ့ခေါင်းဆောင် အသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဝင်းနိုင်က "အသည်းကင်ဆာရောဂါ သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ကျန်းမာရေး အသိပညာပေး ဟောပြောသည်။

**၂၂၃ ဦးအား ထိုးနှံ**

အဆိုပါ အခမ်းအနားတွင် အသည်းရောင်အသားဝါ (ဘီ) နှင့် (စီ) ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးလိုသူ ၂၂၇ ဦးအား စစ်ဆေးပေးခဲ့ပြီး၊ အသည်းရောင် အသားဝါ (ဘီ) ကာကွယ်ဆေး ထိုးနှံလိုသူ ၂၂၃ ဦးအား ထိုးနှံပေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးသည် ယမန်နေ့ ညပိုင်းတွင် နိုင်ငံ ၁၆၅ နိုင်ငံ၌ အသင်းခွဲပေါင်း ၃၃၀၀၀ ကျော်နှင့် အသင်းဝင် ၁ ဒသမ ၂ သန်းခန့်ရှိ၍ ပိုလီယိုရောဂါ တိုက်ဖျက်ရေး အပါအဝင် လူမှုရေးကဏ္ဍများ၊ ကျန်းမာရေးကဏ္ဍများ၌ အဓိကအလှူရှင် အဖွဲ့အစည်းဖြစ်သည့် Rotary International ၏ အဖွဲ့ခွဲဖြစ်သော Rotary Club of Yangon, Rotary Club of Central Yangon နှင့် Rotary Club of Greater Yangon တို့မှ ရန်ကုန်မြို့၌ ပြုလုပ်ခဲ့သော Officers Installation Ceremony (2018-2019) တွင် Guest of Honor အဖြစ် တက်ရောက်၍ အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ကယားပြည်နယ် ဝန်ကြီးချုပ်၊ ချင်းပြည်နယ် ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ကမ္ဘာ့နိုင်ငံများမှ Rotary အဖွဲ့ အကြီးအကဲများနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်း



**ရန်ကုန်  ဇူလိုင် ၂၈**

ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံး(ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။

**သြဝါဒကထာမြွက်ကြား**

အခမ်းအနားတွင် အလှူရှင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်ရပ်ကွက် မော့ကနင်ကျောင်းကြီး ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝီရိယက သြဝါဒကထာ မြွက်ကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်**

ထို့နောက် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ထားကိုးကွယ်ရေးအတွက် မော့ကနင်ကျောင်းကြီးပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တဝီရိယက အလှူတော် ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လက်ခံပြီး(**ယာပုံ**) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ဆက်ကပ်ကာ ကျေးဇူးတင်ဝမ်းမြောက်စကား လျှောက်ထားသည်။

**သတင်းစဉ်**

# ကျောင်းပြင်ပ ပညာရေး အရောက်သင် အသက်မွေးဝမ်းကျောင်း ပညာသင်ကြားရေး မိတ်ဆက်အစီအစဉ် အခမ်းအနားကျင်းပ

**ရန်ကုန်  ဇူလိုင်  ၂၈**

ပညာရေးဝန်ကြီးဌာနနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပညာရေးကွန်ရက်တို့ ပူးပေါင်းဆောင်ရွက်သည့် ကျောင်းပြင်ပပညာရေး အရောက်သင် အသက်မွေးဝမ်းကျောင်းပညာသင်ကြားရေး မိတ်ဆက်အစီအစဉ် အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) ရန်ကုန်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ သိမ်ကျောင်းဝန်ထမ်းအိမ်ရာ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးညီညီက အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ပညာ သင်ယူခြင်းကိုသာ အားပေးလိုကြောင်းနှင့် ကျောင်းမထွက်ကြစေလိုကြောင်း၊ ကျောင်းသုံးဖတ်စာအုပ်များကို စနစ်တကျအသုံးပြုကြ၍ Grade-3 တက်ရောက်ပြီးပါက စာဖတ်တတ်၊ ရေးတတ်၊ တွက်တတ်ရန် အရေးကြီးကြောင်း၊ ကျောင်းသား ကျောင်းသူကလေးငယ်များအနေဖြင့် အိမ်စာမှန်မှန်လုပ်ရန်လိုအပ်ပြီး လိမ်လိမ်မာမာနှင့် မိဘကို ကူညီကြရမည်ဖြစ်ကြောင်း၊ တစ်ယောက်နှင့်တစ်ယောက် ကူညီရိုင်းပင်းကြရမည်ဖြစ်သဖြင့် မိမိတို့၏အလုပ်ကို အကောင်းဆုံး ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မူလတန်းပညာသင်ယူပြီးမြောက်ပါက အလယ်တန်းပညာ ဆက်လက်သင်ယူရမည်ဖြစ်၍ အလယ်တန်းပညာသင်ယူပြီးမြောက်ပါက အထက်တန်းပညာ ဆက်လက်သင်ယူရမည်ဖြစ်ပါကြောင်း၊ အထက်တန်းပညာ သင်ယူပြီးမြောက်ပါက အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို ဆက်လက်လေ့ကျင့်ကာ တစ်သက်တာသင်ယူမှု အခွင့်အလမ်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီး ကျောင်းသား ကျောင်းသူများအား ကျောပိုးလွယ်အိတ်များ၊ ဗလာစာအုပ်များနှင့် ခဲတံများ ပေးအပ်စဉ်။**

ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အလှူရှင်များက ပံ့ပိုးပေးသည့် ကျောပိုးလွယ်အိတ်များ၊ ဗလာစာအုပ်များနှင့်ခဲတံများကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ခဲ့ကြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) ရန်ကုန်စည်ပင်သာယာရေးကော်မတီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ သိမ်ကျောင်းဝန်ထမ်းအိမ်ရာ၌ အိမ်ထောင်စု ၉၀ ခန့် နေထိုင်ကြပြီး KG တန်းမှ တက္ကသိုလ်ဝင်တန်းအထိ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူစုစုပေါင်း ၉၅ ဦးရှိကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံမြို့သစ်(တောင်ပိုင်း)၌ ဆောက်လုပ်လျက်ရှိသည့် စက်မှုလက်မှုသိပ္ပံကျောင်းများ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး လုပ်ငန်းခွင်လုံခြုံမှုရှိရေးနှင့် အရည်အသွေးကောင်းမွန်ရေး၊ အချိန်မီတည်ဆောက်ပြီးစီးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုမည့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်နိုင်ရေးစသည်တို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✻ *ရှေ့ဖုံးမှ*

ဖြေလျှော့မှုတွေပေးပြီး ဆောင်ရွက်နေသလို ပြည်တွင်းမှာရှိတဲ့ ခရီးစဉ်ဒေသတွေကို ပိုမိုသိရှိအောင် ဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက် ခရီးစဉ်ဒေသတွေနဲ့ နိုင်ငံတကာ ခရီးသွားတွေ တိုက်ရိုက်ချိတ်ဆောင်ရွက်နိုင်အောင် Digital marketing စနစ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်''ဟု ၎င်းက ပြောသည်။

လက်ရှိတွင် ဗီဇာဖြေလျှော့မှုများနှင့် နိုင်ငံတကာလေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲပေးနေခြင်းကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာ ခရီးသွားဧည့်သည် တိုးတက်များပြားစွာ ဝင်ရောက်လျက်ရှိပြီး နိုင်ငံတော်အကျိုး၊ ဒေသခံပြည်သူများ အကျိုးစီးပွားကို ဖြစ်ပေါ်စေမည့် ခရီးသွားများ အဓိကဝင်ရောက်လာစေရန်လည်း မျှော်မှန်းလုပ်ဆောင်နေကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

မန္တလေးတိုင်းဒေသကြီးအတွင်းသို့ နိုင်ငံတကာ ခရီးသွားဧည့်သည်ဝင်ရောက်မှုအနေဖြင့် ၂၀၁၆ ခုနှစ်တွင် ၃၈၅၀၃၁ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၄၈၃၇၈၄ ဦး၊ ၂၀၁၈ ခုနှစ်တွင် ၄၉၂၀၉၇ ဦး ဝင်ရောက်လျက်ရှိပြီး ယခု ၂၀၁၉ ခုနှစ်တွင် ခြောက်လတာကာလအတွင်း၌ သုံးသိန်းကျော် ဝင်ရောက်လျက်ရှိရာ ယမန်နှစ်များထက် ပိုမိုဝင်ရောက်နိုင်မည်ဟု ခန့်မှန်းထားရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



**နိုင်ငံခြားသားခရီးသွားဧည့်သည်များ မန္တလေးမြို့ တောင်သမန်အင်းအတွင်း ငှက်လှေစီးနေမှုကို တွေ့ရစဉ်။**

✻ *ကျောဖုံးမှ*

တုန်းကန်ကျေးရွာ၊ သန်းဝေ(စိစစ်ဆဲ)၊ အမည်မသိသူ သုံးဦးနှင့် ရဲတပ်သားပေါင်းကပ်ခွာတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိပြီး ဝင်းသိန်း (၄၁ နှစ်) ငဖဲမြို့ တပ်ကုန်းရပ်ကွက်၊ ထန်ဗျက်ဆန်း (၃၃ နှစ်) ကလေးမြို့ သာယာကုန်းကျေးရွာ၊ ကျော်လွင်ဦး (၄၁ နှစ်) ပျော်ဘွယ်မြို့နယ် ယင်းတော်ကျေးရွာ၊ ပြေမင်း (၂၈ နှစ်) မြိုင်မြို့နယ် ဆိတ်ချေးကျေးရွာနှင့် ရဲတပ်ကြပ်မျိုးမြင့်အောင်၊ ရဲတပ်သားအောင်ခိုင်ခန့်တို့ကို ဆက်လက်ရှာဖွေနေဆဲဖြစ်ကြောင်း ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ဆက်လက်ရှာဖွေလျက်ရှိ**

တောင်ကမ်းပါးယံပြိုကျရာနေရာသို့ ကချင်ပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်း၊ နယ်မြေလုံခြုံရေးရဲတပ်ဖွဲ့မှ ရဲမှူးကြီးကျော်အေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးရာ ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်

**နေပြည်တော်  ဇူလိုင်  ၂၈**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မကွေးတိုင်းဒေသကြီး မင်းဘူး၊ စလင်းမြို့နယ်များရှိ ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ကူညီ

နေပြည်တော် ဇူလိုင် ၂၈

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း ရောဝတီမြစ်ရေ မြင့်တက်မှုကြောင့် ဘေးလွတ်ကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည့် ပြည်သူများကို ဖောင်းလင်းကျေးရွာရှိ ရှင်ပင်ရွှေစောလူးဓမ္မာရုံတွင် တွေ့ဆုံအားပေးစကား ပြောကြားသည်။**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာအုပ်စု ခုနစ်စုမှ အိမ်ခြေ ၄၇၁ လုံးအတွက် ထောက်ပံ့ငွေစုစုပေါင်း ငွေကျပ် ၂၉၀၆၄၀၀၊ ရှင်ပင်ရွှေစောလူးစေတီတော်မြတ် ကုန်းတော်မြေထိန်းနံရံပြုလုပ်ရန်အတွက် အလှူတော်ငွေကျပ် ၆၄ သိန်းတို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကလေးသူငယ်များအား အာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ပေးအပ်ခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်ဖြူကျွန်းမြို့တွင် တည်ဆောက်လျက်ရှိသော ရွှေကျွန်းဆည်းဆာ အဘိုးအဘွားစောင့်ရှောက်ရေးဂေဟာ ဆောက်လုပ်ရာနေရာသို့ ရောက်ရှိကြရာ ဂေဟာစတင်တည်ထောင်သူ ဒေါက်တာကျော်ထက်အောင်နှင့် တာဝန်ရှိသူများက ဂေဟာဖြစ်ပေါ်လာပုံနှင့် ဂေဟာဆောက်လုပ်ဆဲအခြေအနေများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဂေဟာအတွက် ရန်ပုံငွေကျပ် ၁၀ သိန်း ပေးအပ်ခဲ့ရာ တာဝန်ရှိသူများက လက်ခံရယူသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူးမြို့ အောက်ကျောင်းဘုန်းတော်ကြီးကျောင်းတွင် ထုံမကြီးကျေးရွာမှ ရေဘေးအန္တရာယ်ကြောင့် ခေတ္တခိုလှုံနေသော ပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားပြီး **(အပေါ်ပုံ)** လတ်တလောစားသုံးရန် ရိက္ခာဖိုးငွေကျပ် ၂၁၄၂၀၀၊ ကလေးငယ်များအတွက် စားစရာအာဟာရမုန့်များနှင့် ကစားစရာအရုပ်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ ရေလှောင်တမံ ၁၃ ခုတွင် အရေးပေါ်အခြေအနေများ ကြိုတင်စီမံဆောင်ရွက်ထား

**စစ်တွေ ဇူလိုင် ၂၈**

ရခိုင်ပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသော ရေလှောင်တမံ ၁၃ ခုတွင် သဘာဝဘေးအန္တရာယ် တစ်ရပ်ရပ်ကြောင့် ကျိုးပေါက်မှု မဖြစ်ပေါ်စေရေးနှင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါကလည်း တမံအောက်ဘက်ရှိ ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များ ထိခိုက်မှု လျော့ပါးသက်သာစေရန်အတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်သည့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ကြိုတင်စီမံဆောင်ရွက်နိုင်ရန် ရေလှောင်တမံတစ်ခုချင်းစီအလိုက် အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်များ ရေးဆွဲဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။



**တောင်ကုတ်မြို့နယ်ရှိ ကြိုးကြာကွင်းရေလှောင်တမံအတွင်း ရေပြည့်နေသည်ကို တွေ့ရစဉ်။**

**စိုးရိမ်ဖွယ်ရာမရှိ**

ရေလှောင်တမံတစ်ခုချင်းအလိုက် အရေးပေါ်အခြေအနေ ဖြစ်ပေါ်လာပါက ကြိုတင်စီမံခန့်ခွဲမှုကို အဆင့်သုံးခုဖြင့် သတ်မှတ်ဆောင်ရွက်ထားရှိကာ ရေပိုလွှဲမှ ရေကျော်လာသည်နှင့် အရေးပေါ်အခြေအနေ အဆင့်(၁) သတ်မှတ်ထားပြီး ရေပိုလွှဲမှ ရေစတင်မကျော်သော်လည်း တမံကိုယ်ထည်၏ အပြင်ဘက်အပိုင်းမှ ရေစိမ့်ထွက်သည့် ဧရိယာအသစ်များ ဖြစ်ပေါ်ခြင်း၊ တမံထိပ်မျက်နှာပြင်၊ အတွင်းဘက်နှင့် အပြင်ဘက် ဆင်ခြေလျှောများ လျှောကျခြင်း၊ တမံနှင့် မိုင် ၅၀ ပတ်လည်ဧရိယာအတွင်း ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်ခြင်း၊ အဖျက်အမှောက်လုပ်ရပ်တစ်ခုခုကြောင့် တမံနှင့်ဆက်စပ်ရေအားအဆောက်အအုံများ ထိခိုက်ပျက်စီးမှုဖြစ်ပေါ်ခဲ့သော်လည်း တမံ၏ ကြံ့ခိုင်လုံခြုံမှုအား စိုးရိမ်ဖွယ်ရာမရှိခြင်းတို့ ဖြစ်ပေါ်လာပါကလည်း အရေးပေါ်အခြေအနေ အဆင့်(၁) အဖြစ် သတ်မှတ်ထားကြောင်း၊ ရေပိုလွှဲမှ ရေကျော်ကျမှု ဆက်လက်မြင့်တက်လာပြီး မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ရေကြီးမှုအမြင့်ဆုံးအမှတ်သို့ ရောက်ရှိကာ တမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်လျှင် အရေးပေါ်အခြေအနေ အဆင့်(၂)အဖြစ် သတ်မှတ်ပြီး ရေပိုလွှဲမှ ရေကျော်စီးထွက်နေမှုမှာ မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် ရေကြီးမှုအမြင့်ဆုံးအမှတ်ထက်ကျော်လွန်ကာ ရေပိုလွှဲအဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အခြေအနေဖြစ်ပေါ်လာလျှင် အရေးပေါ်အခြေအနေ အဆင့်(၃)အဖြစ် ပိုင်းခြား သတ်မှတ်ထားကြောင်း ရခိုင်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက ပြောသည်။

**ဆက်သွယ်အသိပေးမည်**

အရေးပေါ်အခြေအနေ အဆင့်(၁) ဖြစ်ပေါ်လာပါက ပြည်သူများသို့ ဆက်သွယ် အသိပေးသွားမည်ဖြစ်ပြီး အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံလွှင့်ထူသွားမည်ဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေ အဆင့်(၂) ဖြစ်ပေါ်လာပါက အဝါရောင်အလံလွှင့်ထူခြင်းနှင့် အရေးပေါ် အခြေအနေ အဆင့်(၃) ဖြစ်ပေါ်လာပါက အနီရောင်အလံလွှင့်ထူခြင်း၊ အသံချဲ့စက်များဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**အချိန်မရွေးဆက်သွယ်နိုင်**

ယခုအခါတွင် ရခိုင်ပြည်နယ် သံတွဲခရိုင်အတွင်းရှိ ငပလီရေလှောင်တမံ၊ ကမ်းသာယာရေလှောင်တမံ၊ ကြိုးကြာကွင်းရေလှောင်တမံ၊ ရဟိုင်ကွင်းရေလှောင်တမံနှင့် ဇီးဖြူကုန်းရေလှောင်တမံများတွင် ရေပိုလွှဲများမှ ရေကျော်လျက်ရှိသဖြင့် တမံအောက်ခြေရှိ ပြည်သူများသို့ အရေးပေါ်အခြေအနေ ကြိုတင်စီမံဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းစနစ်များကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသပြီး လက်ကမ်းစာစောင်များ ပေးဝေကာ သက်ဆိုင်ရာ တမံတာဝန်ခံ၊ ဆည်တမံလုံခြုံမှု စစ်ဆေးသူနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ ဖုန်းနံပါတ်များကိုလည်း အချိန်မရွေး ဆက်သွယ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်လွင်၊ ဓာတ်ပုံ-ကိုသွင်**

# ကြီးအုံကြီးဝတမံမှ ရေကျော်ကျနေ၍ ဒေသခံပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေ အသိပေးကြေညာ



**ကြီးအုံကြီးဝတမံမှ ရေကျော်မှုအခြေအနေကို တွေ့ရစဉ်။**

**ပွင့်ဖြူ ဇူလိုင် ၂၈**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ စိုက်ပျိုးရေရရှိရေးအတွက် အဓိက မှီခိုအားထားရသည့် ကြီးအုံကြီးဝတမံသည် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက တမံရေပြည့်မှတ် ပေ ၃၄၀ ထက် ၂ ဒသမ ၁ ပေ ကျော်လွန်ကာ ရေပိုလွှဲမှရေကျော်လာ၍ မုန်းချောင်းအောက်ဘက်နှင့် မြစ်ကမ်းဘေးကျေးရွာများမှ ဒေသခံပြည်သူများ သိရှိနိုင်ရန် အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် သတ်မှတ်ပြီး အစိမ်းရောင်အလံများ စိုက်ထူကာ အသိပေးနှိုးဆော်မှုများ ပြုလုပ်ထားကြောင်း ပွင့်ဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယခုလက်ရှိတွင် ကြီးအုံကြီးဝတမံအတွင်း ရေပြည့်မှတ်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်မှုများရှိသော်လည်း ပြည်သူများအတွက် စိုးရိမ်စရာအခြေအနေမရှိသေးကြောင်း၊ သဘာဝဘေးအန္တရာယ်ကင်းဝေးရေး စီမံချက်အရ အရေးပေါ်အခြေအနေသတ်မှတ်၍ တမံအခြေအနေကို ပြည်သူများသိရှိနိုင်ရန် အစိမ်းရောင်အလံစိုက်ထူ၍ အသိပေးနှိုးဆော်ခြင်းသာဖြစ်ကြောင်း သိရသည်။

ရေပိုလွှဲမှ ရေကျော်ကျမှုနှင့်ပတ်သက်၍ ပြည်သူများအား အသိပေးနှိုးဆော်ခြင်းကို အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်မည်ဖြစ်ပြီး ရေပိုလွှဲမှရေစတင်ကျော်မှုကို အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် အစိမ်းရောင်အလံ သတ်မှတ်ထားကြောင်း၊ ရေကျော်ကျမှု ဆက်လက်မြင့်တက်လာပြီး မူလဒီဇိုင်းပြုသတ်မှတ်ထားသည့် အမြင့်ဆုံးအဆင့်သို့ ရောက်ရှိကာ တမံအောက်ဘက်ဒေသများ ရေကြီးမှုဖြစ်ပေါ်နိုင်သည့် အခြေအနေကို အရေးပေါ်အခြေအနေ အဆင့်(၂) အဝါရောင်အလံဟု သတ်မှတ်ထားကြောင်း၊ ရေပိုလွှဲမှ ရေကျော်စီးထွက်နေမှုမှာ အဆင့်(၂)ထက် ကျော်လွန်ပြီး ရေပိုလွှဲအဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အခြေအနေအထိ ဖြစ်ပေါ်နိုင်ခြင်းကို အရေးပေါ်အခြေအနေ အဆင့်(၃)အဖြစ် အနီရောင်အလံ သတ်မှတ်ထားရှိကြောင်း သိရသည်။

အဆိုပါ အလံသတ်မှတ်ချက်များအတိုင်း အလံများလွှင့်ပေးကာ ပြည်သူများ သဘာဝဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် တမံအခြေအနေနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာအခြေအနေရှိ မရှိကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်စေရန် အသိပေးနှိုးဆော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူလင်းထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# ဘေးရန်ဆီးကာ

## အောင်ခိုင်မြင့် ( ပညာရေး )

အတတ်လည်းသင်
ပဲ့ပြင်ဆုံးမ
သိပ္ပမချန်
ဘေးရန်ဆီးကာ
သင့်ရာအပ်ပို့
ဆရာတို့
ကျင့်ဖို့ဝတ်ငါးဖြာ ။

ဆရာ့ဝတ္တရားငါးပါးတွင်ပါသည့် 'ဘေးရန်ဆီးကာ' ဟူသည့်ဝတ္တရားသည် ဆရာများအတွက် အလွန်အရေးပါသည်ဟု ခံယူမိပါသည်။ မြန်မာအဘိဓာန်တွင် 'ဘေး'ကို ကြောက်မက်ဖွယ်ရန်။ အန္တရာယ်ဟု အဓိပ္ပာယ်ဖွင့်ဆိုကာ 'ရန်' ကို အနှောင့်အယှက်။ အန္တရာယ်။ တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် မသင့်မတင့် ခိုက်ရန်ဖြစ်ပွားမှုဟု အဓိပ္ပာယ်ဖွင့်ဆိုပါသည်။ ဤသို့ဆိုလျှင် ဆရာများသည် မိမိတို့၏ တပည့်များကို ကြောက်မက်ဖွယ်အန္တရာယ်များနှင့် မကြုံစေရန်၊ မသင့်မတင့် ခိုက်ရန်ဖြစ်ပွားမှုများ မဖြစ်စေရန် ကာကွယ်ပေးကြရပါမည်။ တားဆီးပေးကြရပါမည်။ အလွန်အရေးကြီးသည့် တာဝန်နှင့်ဝတ္တရားပင်ဖြစ်ပါသည်။

၂၀၁၇ ခုနှစ် ဧပြီလတွင် မြန်မာနိုင်ငံ၌ နယ်စပ် ဒေသကျောင်းများအပါအဝင် အခြေခံပညာကျောင်းပေါင်း ၄၅၉၈၁ ကျောင်း၊ ကျောင်းသားဦးရေ ၈၉၄၅၁၉ ဦး၊ ဆရာ ဆရာမဦးရေ ၃၇၀၂၇၁ ဦး၊ မူလတန်းကြိုကျောင်း ၆၃၇၇ ကျောင်း၊ ကျောင်းသား ၁၆၂၉၅၆ ဦး၊ ဆရာ ဆရာမ ဦးရေ ၁၀၈၉၅ ရှိကြောင်း လေ့လာသိရှိရပါသည်။

**မည်သူမှာ တာဝန်ရှိပါသလဲ**

ဤရွေ့ဤမျှ အရေအတွက်များပြားသည့် ကျောင်းများကို သဘာဝဘေးအန္တရာယ်များမှ ကာကွယ်တားဆီးရေး၊ ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများ၏ ဘဝလုံခြုံရေး၊ အေးချမ်းစွာပညာ သင်ကြားနိုင်ရေး၊ ဝန်းကျင်ကောင်းများ ဖန်တီးဖော်ဆောင်နိုင်ရေးတို့မှာ အလွန်အရေးကြီးသည့် လုပ်ငန်းရပ်များ ဖြစ်ပါသည်။ ဤကြီးမားသည့်တာဝန်သည် ဆရာတစ်ဦးတည်း၏ တာဝန်ပေလော။ မိဘများ၏ တာဝန်ပေလော။ ကျောင်းသားများ၏ တာဝန်လော။ ပြည်သူအားလုံး၏ တာဝန်ပေလော။

ယခင်က ပညာရေးတြိဂံဟူ၍ ရှိသည်။ ကျောင်းတစ်ကျောင်း၏ ဖွံ့ဖြိုးမှု၊ တိုးတက်မှု၊ အေးချမ်းစွာ ပညာသင်ကြားမှု၊ ပညာအရည်အသွေး မြင့်မားမှုတို့အတွက် ဆရာ၊ မိဘ၊ ကျောင်းသားများက ပူးပေါင်းဆောင်ရွက်ကြသည်။ အောင်မြင်သင့်သလောက် အောင်မြင်ခဲ့ကြသည်။ တိုးတက်သင့်သလောက် တိုးတက်ခဲ့ကြသည်။

၂၁ ရာစုပညာခေတ်တွင် ပညာရေးရည်မှန်းချက်များ၊ သင်ကြားမှုနည်းစနစ်များ၊ တန်ဖိုးထားမှုများ၊ နည်းပညာများ၊ စစ်ဆေးတိုင်းတာမှုများ အရှိန်အဟုန်နှင့် ပြောင်းလဲတိုးတက်လာသည်။ ပညာသင်ကြားသင်ယူမှုဆိုင်ရာ အခွင့်အလမ်းများ ပွင့်လင်းလာသကဲ့သို့ စိန်ခေါ်မှုများကလည်း များပြားလာသည်။ ယခုအခါ ပညာရေးတြိဂံနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မပြီးပြည့်စုံနိုင်တော့ပေ။ ဆရာ၊ မိဘ၊ ကျောင်းသားအပြင် ရပ်ရွာဒေသပြည်သူလူထု၊ လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရတို့၏ အားပေးမှု၊ ထောက်ပံ့မှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ များစွာလိုအပ်လာသည်မှာ အသေအချာဖြစ်သည်။ ထို့ကြောင့် ပညာရေး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပညာရေးအရွေ့ လျင်မြန်စေရန် ပညာရေးဆဋ္ဌဂံအင်အားဖြင့် ပြိုင်တူတွန်းဖို့ လိုအပ်လာပြီဟု အဆိုပြုလာကြခြင်းဖြစ်ပါသည်။

**ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်များ**

ကျောင်းသား ကျောင်းသူများ ရင်ဆိုင်တွေ့ကြုံရနိုင်သည့် အန္တရာယ်များကို ခွဲခြားကြည့်လျှင် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်များဟူ၍ ခွဲခြားနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များကား အဘယ်နည်း။ ကျောင်းဥပဓိရုပ် ချို့တဲ့ခြင်း၊ ကျောင်းပရိဘောဂ မပြည့်စုံခြင်း၊ ဆရာ မပြည့်စုံခြင်း၊ ကျောင်းခြံစည်းရိုး မရှိခြင်း၊ သန့်စင်ခန်းများ မကောင်းခြင်း၊ ကျောင်းပတ်ဝန်းကျင်တွင် ဆူညံခြင်း၊ ကျန်းမာရေးကို ထိခိုက်စေသည့် ဝန်းကျင်ရှိခြင်း၊ ကစားကွင်း၊ စာကြည့်တိုက်မရှိခြင်း၊ မူးယစ်ဆေးဝါး ဖြန့်ဝေသည့် ဝန်းကျင်ဖြစ်ခြင်းတို့သည် ကျောင်းသား ကျောင်းသူများအတွက် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ အန္တရာယ်များကား အဘယ်နည်း။ မိစုံဖစုံ အတူမနေရခြင်း၊ မိဘနှစ်ပါး မကြာခဏရန်ဖြစ်ခြင်း၊ စိတ်ဒဏ်ရာ၊ ရုပ်ဒဏ်ရာ ရစေသည့် ဆရာ ဆရာမများ၏ ပြစ်ဒဏ်ပေးမှုများနှင့် ကြုံတွေ့ရခြင်း၊ မိမိကိုနိုင်လိုမင်းထက်ပြုမှုသူ ကျောင်းသား ကျောင်းသူများနှင့် နေ့စဉ်တွေ့ကြုံနေရခြင်း၊ ကလေးပျော် ကျောင်းဖြစ်ရမည့်အစား ကလေးများက ကျောင်းတက်ရမည်ကို စိုးရိမ်ကြောက်ရွံ့နေခြင်းတို့သည် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်များဖြစ်ပေသည်။ ဤအန္တရာယ်များကို ကလေးသူငယ်များ အရွယ်တွင် မကြုံတွေ့သင့်ပါ။

ဘေးအန္တရာယ်များကို ထပ်မံခွဲခြားကြည့်ပါက သဘာဝဘေးအန္တရာယ်နှင့် လူတို့ဖန်တီးသည့် ဘေးအန္တရာယ်ဟူ၍ နှစ်မျိုးထပ်မံခွဲခြား လေ့လာနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်တွင် မုန်တိုင်းတိုက်ခြင်း၊ ရေကြီးခြင်း၊ မြေငလျင်လှုပ်ခြင်း၊ တောင်ပြိုခြင်း၊ တောမီးလောင်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ခွေးရူးကိုက်ခြင်းနှင့် ရောဂါဆိုးများ ကျရောက်ခြင်း စသည်တို့ဖြစ်သည်။ လူတို့ဖန်တီးသည့် ဘေးအန္တရာယ်များမှာ စစ်ပွဲများဖြစ်ခြင်း၊ မီးလောင်ခြင်း၊ အနိုင်အထက်ညှဉ်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ ပြုလုပ်ခြင်း၊ လူကုန်ကူးခြင်း၊ မနိုင်ဝန်ကိုထမ်းစေခြင်းတို့ဖြစ်သည်။ ဤဘေးအန္တရာယ်များကိုလည်း ကျောင်းသား ကျောင်းသူများ မကြုံတွေ့သင့်ပါ။

> **"ကလေးသူငယ်များ ဘေးအန္တရာယ်အသွယ်သွယ်ကင်းပြီး လုံခြုံမှုရှိစေရန် နိုင်ငံတော်အစိုးရ၊ လုပ်သားပြည်သူများ၊ မိဘများနှင့်အတူ ဆရာ ဆရာမများကလည်း ဆရာ့ဝတ္တရားငါးပါးတွင် ပါဝင်သည့် ဘေးရန်ဆီးကာဟူသည့် ဝတ္တရားကို အလေးထားပြီး ယခုထက် ပိုမိုကာကွယ်စောင့်ရှောက်ပေးကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်"**

**ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသူများ**

သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်တားဆီးပေးရန် အခက်အခဲရှိခဲ့သော်လည်း လူတို့ဖန်တီးသည့် ဘေးအန္တရာယ်များ ကျောင်းသား ကျောင်းသူများထံ မကျရောက်ရန် ကာကွယ်တားဆီးပေးရမည်မှာ ဆရာ ဆရာမများ၏ တာဝန်ဖြစ်သည်။ ဆရာများ၏ ဝတ္တရားဖြစ်သည်။ မိဘများသည် သားသမီးများနှင့် တွေ့ဆုံရသည့်အချိန် အများဆုံးဖြစ်ပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တွေ့ဆုံရသည့်အချိန်မှာ ဒုတိယအများဆုံးဖြစ်သည်။ ထို့ကြောင့် သားသမီးများ ဘေးအန္တရာယ်မဖြစ်စေရန် ကာကွယ်ပေးရသည့် တာဝန်အကြီးဆုံးဖြစ်သူမှာ မိဘများပင်ဖြစ်သည်။ ဒုတိယ တာဝန်အကြီးဆုံးမှာ ဆရာများပင် ဖြစ်သည်။

သားသမီးများ ဘေးအန္တရာယ် မကျရောက်စေရန် မိဘများက အိမ်တွင် ကာကွယ်စောင့်ရှောက်ပေးရမည်။

ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ် မကျရောက်စေရန် ဆရာ ဆရာမများက ကျောင်းတွင် ကာကွယ်စောင့်ရှောက်ကြရမည်။

ကလေးသူငယ်များ လမ်းတွင်၊ ရပ်ကွက်တွင် ဘေးအန္တရာယ်မဖြစ်စေရန် ရပ်ရွာပြည်သူလူထုက ရပ်ကွက်ကျေးရွာများ၌ ကာကွယ်စောင့်ရှောက်ပေးကြရမည်။

လူငယ်လူရွယ်တို့ကို ဘေးအန္တရာယ်မဖြစ်စေရန် လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ခြင်း၊ ကူညီခြင်း၊ ထောက်ပံ့ခြင်း၊ ပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်။

ပြည်သူပြည်သားများကို ဘေးအန္တရာယ် မဖြစ်စေရန် အစိုးရအဖွဲ့အစည်းအသီးသီးက ဆိုင်ရာ ဆိုင်ရာဌာနများအလိုက် ကာကွယ်စောင့်ရှောက်ပေးကြရမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များ၊ လူငယ်လူရွယ်များ၊ ပြည်သူပြည်သားများကလည်း သဘာဝဘေးအန္တရာယ်များကို မည်သို့ကြိုတင်သိရှိမည်၊ ကာကွယ်မည်၊ မည်သို့သရုပ်ပြ လေ့ကျင့်မှုများ ပြုလုပ်ရမည်၊ မည်သို့ရင်ဆိုင်ကျော်လွှားမည်၊ လူတို့ဖန်တီးသည့် ဘေးအန္တရာယ်များကို မည်သို့ကာကွယ်မည်၊ မည်သို့သတိထားရမည်၊ မည်သို့တုံ့ပြန်မည်၊ တာဝန်ရှိသူများကို မည်သို့ဆက်သွယ်ဆောင်ရွက်မည်တို့ကို သိရှိနားလည် ဆောင်ရွက်တတ်ရန် လိုအပ်ပါသည်။ မိဘများ၊ ဆရာ ဆရာမများ၊ လူမှုအဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများကလည်း ပညာပေးခြင်း၊ ကာကွယ်မှုပေးခြင်း၊ စောင့်ရှောက်ခြင်း၊ ထိရောက်သော ပြစ်မှုပြစ်ဒဏ်များ ချမှတ်ပေးခြင်း၊ ပြန်လည်ထူထောင်မှု လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။

**လေးစားကြရမည့် ကလေးသူငယ်များ၏ အခွင့်အရေး**

ဆိုလိုသည်မှာ ကျောင်းသား ကျောင်းသူများ၊ ကလေးသူငယ်များအတွက် ဘေးရန်ဆီးကာရေး တာဝန်နှင့် ဝတ္တရားမှာ ဆရာ ဆရာမတို့အပေါ်တွင်သာ ရှိသည်မဟုတ်။ ပြည်သူအားလုံးတွင် တာဝန်ရှိလာပေပြီ ဖြစ်ပါသည်။ ထို့ပြင် ကလေးသူငယ်၏ အခွင့်အရေးများကိုလည်း လေးစားတန်ဖိုးထားကြရပါမည်။ အကာအကွယ်ပေးကြရပါမည်။

- ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန် မွေးရာပါ အခွင့်အရေးများ ရှိသည်။
- ဥပဒေအရ ခွင့်ပြုထားသော ကလေးသူငယ်ဆိုင်ရာ အသင်းအဖွဲ့ သို့မဟုတ် အစည်းအရုံးများ၊ လူမှုရေး သို့မဟုတ် ဘာသာရေး အဖွဲ့အစည်းများတွင် ပါဝင်ခွင့်ရှိသည်။
- မိမိတို့၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေမည့် စာပေများဖတ်ရှုနိုင်ခွင့်၊ ဗဟုသုတများ လေ့လာ ဆည်းပူးနိုင်ခွင့်၊ သတင်းများရယူနိုင်ခွင့်ရှိသည်။
- ကလေးသူငယ်တိုင်း၏ ဂုဏ်သိက္ခာ၊ ပုဂ္ဂလိကရေး ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုကို အကြောင်းမဲ့ ထိပါးခြင်း မခံရစေရန် ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ခံ ပိုင်ခွင့်ရှိသည်ဟူသည့် အချက်များ ပါဝင်သည့် ကလေးသူငယ်၏ အခွင့်အရေးများ (၁၄) ချက်ကိုလည်း ကာကွယ်စောင့်ရှောက်ပေးကြရမည်ဖြစ်သည်။

ကလေးသူငယ်ဆိုသည်မှာ အသက် ၁၈နှစ်အောက်ဟု သတ်မှတ်ပါသည်။ အခြေခံပညာကျောင်းများတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူများ အသက်အရွယ်ပင်ဖြစ်သည်။ ဤအသက်အရွယ်အများစုမှာ ကျောင်းနေအရွယ်ကလေးများ ဖြစ်ကြသည်။ သို့ဖြစ်လျှင် ဤကလေးများ၏ ဘေးအန္တရာယ်ကို အဓိကကာကွယ်ပေးကြရမည့်သူများမှာ ဆရာ ဆရာမများပင်ဖြစ်သည်။

ဘဘာဝဘေးအန္တရာယ်တွင် အများဆုံး ကြုံတွေ့ရလေ့ရှိသည့် မုန်တိုင်းအန္တရာယ်၊ ရေကြီးခြင်း အန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ ခွေးရူးအန္တရာယ်တို့ကို မည်သို့ကာကွယ်မည်၊ ရင်ဆိုင် ကျော်လွှားမည်တို့ကိုလည်းကောင်း၊ လူတို့ဖန်တီးသည့် အန္တရာယ်များတွင် အများဆုံးရင်ဆိုင်နေကြရသည့် လူကုန်ကူးမှု အန္တရာယ်၊ လိင်အကြမ်းဖက်မှု အန္တရာယ်၊ သက်ငယ်မုဒိမ်း အန္တရာယ်၊ ကလေးသူငယ်အကြမ်းဖက်မှု အန္တရာယ်၊ ဆေးဆိုးထားသည့် အစားအစာများအန္တရာယ်၊ မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်အန္တရာယ်များနှင့် စပ်လျဉ်းပြီး မည်သို့ ကြိုတင်ကာကွယ်မည်၊ ကြုံတွေ့လာလျှင် မည်သို့ တုံ့ပြန်မည်၊ မည်သည့်ဆိုးကျိုးများ ဖြစ်တတ်သည်တို့ကို ကျောင်းစုဝေးပွဲများတွင် ပညာပေးဟောပြောကြရမည်။ မိဘ၊ ဆရာ တွေ့ဆုံပွဲများတွင်လည်း ဆွေးနွေးကြရမည်။ အတန်းပိုင်ဆရာ ဆရာမများက အတန်းတွင်းတွင် ဆုံးမကြရမည်။ အထူးသဖြင့် စာရိတ္တနှင့်ပြည်သူ့နီတိသင်ဆရာများ၊ ဘဝအတွက်တာကျွမ်းကျင်စရာ ဘာသာရပ်သင်ဆရာများက ဘေးအန္တရာယ်အသွယ်သွယ် ကာကွယ်တားဆီးမှု အမျိုးမျိုးကို သင်ကြားပြသကြရပါမည်။

ကျောင်းများတွင် ဘေးအန္တရာယ်ကာကွယ်ရေးနှင့် စပ်လျဉ်းပြီး ပြင်ပပညာရှင်များကို ဖိတ်ကြားဟောပြောစေခြင်း၊ မိဘပညာပေးဟောပြောပွဲများ ပြုလုပ်ပေးခြင်း၊ ဘေးရန်ဆီးကာ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ ဘေးရန်ဆီးကာအဖွဲ့များကို ကျောင်းတိုင်းတွင် မဖွဲ့မနေရ ဖွဲ့စည်းဆောင်ရွက်စေသင့်ပါသည်။

**ကလေးများကို စောင့်ရှောက်ခြင်းသည် အနာဂတ်ကို စောင့်ရှောက်ခြင်းဖြစ်**

ယနေ့လူငယ်များသည် အနာဂတ်၏ ခေါင်းဆောင်များ ဖြစ်ကြသည်။ ကလေးများကို ကာကွယ်စောင့်ရှောက်ခြင်းသည် အနာဂတ်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည်။ စာရေးသူ၏မိတ်ဆွေ ဦးအေးမြင့်သန်းဋ္ဌေး ရေးစပ်သည့် ကလေးသူငယ်များဆိုင်ရာ သီချင်းစာသားကို ဖော်ပြပေးလိုပါသည်။ သီချင်း ခေါင်းစဉ်မှာ 'ချစ်ခြင်းများစွာ ပေးကြပါ' ဟူ၍ ဖြစ်ပါသည်။

"အနာဂတ်ကိုပိုင်ဆိုင်မယ့် တို့ကလေးများဘဝအတွက်ပါ ×× ဖွံ့ဖြိုးကာ ဉာဏ်ရည်ထက် ×× လူသားများ ဖြစ်ဖို့ရာ ×× တို့ကလေးတွေငယ်ပေမယ့် ×× သူ့အစွမ်းအစရှိကြတာ ×× ကမ္ဘာကြီးမှာနေရာပေး ×× တို့ကလေးအရေး တွေးပေးပါ ×××

(အရေးကြီးဆုံးက ငယ်စဉ်အခါ×× နွေးထွေးမှုနဲ့ကြင်နာပါ×× ဂရုစိုက်ပေးမှုလိုနေမှာ×× ချစ်ခြင်းများစွာပေးကြပါ)၂

တို့ကလေးတွေလုံခြုံပြီး ×× ဖွံ့ဖြိုးမှုရှိတဲ့ နေရာ ×× ဖန်တီးကာအကာကွယ်ပေး ×× လူတိုင်းအသိရှိကြပါ ×× တို့ကလေးတွေသင်ယူခွင့် ×× တကယ်အပြည့်အဝရှိဖို့ရာ ×× ကမ္ဘာကြီးမှာ ပျော်ရွှင်ရေး ×× အတူဝိုင်းလို့ကြိုးစားပါ××

(အရေးကြီးဆုံးက ငယ်စဉ်အခါ×× နွေးထွေးမှုနဲ့ကြင်နာပါ ×× ဂရုစိုက်ပေးမှုလိုနေမှာ×× ချစ်ခြင်းများစွာပေးကြပါ) ၂"

ကလေးသူငယ်များ ဘေးအန္တရာယ်အသွယ်သွယ်ကင်းပြီး လုံခြုံမှုရှိစေရန် နိုင်ငံတော်အစိုးရ၊ လုပ်သားပြည်သူများ၊ မိဘများနှင့်အတူ ဆရာ ဆရာမများကလည်း ဆရာ့ဝတ္တရားငါးပါးတွင် ပါဝင်သည့် ဘေးရန်ဆီးကာဟူသည့် ဝတ္တရားကို အလေးထားပြီး ယခုထက် ပိုမိုကာကွယ်စောင့်ရှောက်ပေးကြပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

---

## ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများ ကျင်းပ

**ရွှေဘို ဇူလိုင် ၂၈** - စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အတွင်း ပြောင်းလဲလာသောရာသီဥတုနှင့်အညီ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက တဂဏန်းကျေးရွာနည်းပညာပေး ပြန့်ပွားရေးစင်တာတွင် ကျင်းပခဲ့ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ဇာဇာမင်းထံမှ သိရသည်။

တောင်သူများ ရာသီဥတုပြောင်းလဲလာမှုအပေါ် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မျိုးကောင်းမျိုးသန့် အသုံးပြုစိုက်ပျိုးရေး၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးရေး၊ ဓာတ်မြေဩဇာများနှင့် ပိုးသတ်ဆေးများ လျှော့ချသုံးစွဲရေး၊ သီးနှံဘက်စုံပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းနည်းများ ကျင့်သုံးရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လိုက်နာကျင့်သုံးရေး စသည်တို့ကို ဆွေးနွေးဟောပြောခဲ့ပြီး တောင်သူ ၁၀၀ ဦး တက်ရောက်ခဲ့သည်။

အလားတူဆွေးနွေးပွဲကို မင်းကုန်းဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာတွင် ယင်းနေ့ နံနက် ၁၁နာရီက ဆက်လက်ကျင်းပရာ တောင်သူ ၇၀ တက်ရောက်ခဲ့ပြီး ထိုဆွေးနွေးပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးဆောင်ကျင်းပခဲ့ကြောင်း သိရသည်။

**ထွန်းမြင့်အောင် (ရွှေဘို)**

# တိပိဋကပုလဲရောင်ရှိန်စာသင်တိုက်ဆရာတော်၊ ၁၁ ပါးမြောက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုဏ္ဍပါလ၏ ဝိဇာတပူဇာမွေးနေ့အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**
တိပိဋကပုလဲရောင်ရှိန် စာသင်တိုက်ဆရာတော်၊ ၁၁ ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုဏ္ဍပါလ၏ ဝိဇာတပူဇာ မွေးနေ့အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်က ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ အဆိုပါ စာသင်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဘိဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

**လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်**

ထို့နောက် ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဧည့်ပရိသတ်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများနှင့် တိပိဋကစက္ခုပါလ မျက်စိဆေးခန်းမှ မျက်စိဆရာဝန်ကြီးများနှင့် သူနာပြုများအတွက် ဝတ်စုံများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။


တိပိဋကပုလဲရောင်ရှိန် စာသင်တိုက် ဆရာတော်၊ ၁၁ ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုဏ္ဍပါလ၏ ဝိဇာတပူဇာ မွေးနေ့အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပစဉ်။ ဓာတ်ပုံ-လှမိုး

ထို့နောက် မော်ကျွန်းဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသက အနုမောဒနာ တရားမြွက်ကြားတော်မူပြီး တိပိဋက ပုလဲရောင်ရှိန် စာသင်တိုက်ဆရာတော်က ရေစက်ချတရား မြွက်ကြားတော်မူကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

တိပိဋက ပုလဲရောင်ရှိန်စာသင်တိုက်ဆရာတော်သည် မြန်မာတစ်နိုင်ငံလုံးတွင် တိပိဋကဓရဘွဲ့ရဆရာတော် ၁၄ ပါးရှိသည့်အနက် ၁၁ ပါးမြောက်ဖြစ်သည်။

**မျက်စိအလင်းပေးလှူနိုင်**

တိပိဋကပုလဲရောင်ရှိန်စာသင်တိုက်ဆရာတော်ဦးဆောင်စီမံ၍ တိပိဋကစက္ခုပါလအဖွဲ့ဖွဲ့စည်းပြီး အဆိုပါစာသင်တိုက်ရှိ တိပိဋကစက္ခုပါလမျက်စိဆေးခန်းတွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်မှစ၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တစ်လလျှင် လေးရက် မျက်စိဆရာဝန်ကြီးများက စမ်းသပ်ကုသပေးလျက်ရှိရာ မျက်စိဝေဒနာရှင် ရဟန်းရှင်လူမည်သူမဆို အခမဲ့လာရောက် ကုသနိုင်ကြောင်း၊ အလှူရှင်များအနေဖြင့် မျက်စိတစ်လုံးလျှင် ခွဲစိတ်ကုသစရိတ် ငွေကျပ်လေးသောင်းနှုန်းဖြင့် မျက်စိအလင်းပေးလှူနိုင်ကြောင်း သိရသည်။

**ရီရီမြင့်**

# ကျိုက္ကလဲ့ ရွှေကျင်ပရိယတ္တိစာသင်တိုက်တွင် ဂုဏပူဇာမဟာမင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**
ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလဲ့ ရွှေကျင်ပရိယတ္တိစာသင်တိုက်တွင် ဇူလိုင် ၂၈ ရက်က ဒီပဲယင်းမြို့နယ်အသင်းက ကလေးမြို့ မဟာသန္တာရုံကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌ (အဂ္ဂမဟာ အကျော်၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မထေရ်မြတ်အား ထပ်ဆင့်ဂုဏ်ပြုပူဇော် ဂုဏပူဇာ မဟာမင်္ဂလာအခမ်းအနား ကျင်းပသည်။ **(ဓါတ်ပုံ)**



အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ကောလင်းဆရာတော်ဘဒ္ဒန္တဓမ္မစာရ ဆရာတော်က သြဝါဒစကား မိန့်ကြားတော်မူပြီး ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကာ ကြွရောက်တော်မူသော ဆရာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။ ယင်းနောက် ဒီပဲယင်းဆရာတော် တိပိဋကဓရ ဘဒ္ဒန္တဝိစိတ္တသာရက ကလေးမြို့ မဟာသန္တာရုံ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တပုညသေဋ္ဌ မထေရ်မြတ်၏ ထေရုပ္ပတ္တိကို ဖတ်ကြားတော်မူသည်။

ဆက်လက်၍ နိုင်ငံတော်ကချီးမြှင့်သော အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရဆရာတော်ဘဒ္ဒန္တပုညသေဋ္ဌအား ဒီပဲယင်းမြို့နယ်အသင်း (ရန်ကုန်) ၏ ဂုဏ်ထူးဆောင်နာယက ဝဏ္ဏကျော်ထင်ဦးဝင်းမြင့် ပြည်ထောင်စုဝန်ကြီး(ငြိမ်း)နှင့် အသင်းသူ အသင်းသားတို့က ထပ်ဆင့်ဂုဏ်ပြုလွှာ ဆက်ကပ်ပူဇော်ပြီး သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

"ဒီပဲယင်းမြို့နယ်မှာ သံဃအာဇာနည်ငါးပါး ပေါ်ထွန်းခဲ့ပါပြီ။ ဆရာတော်ဘုရားဟာ ဘာသာ၊ သာသနာတိုးတက်ပြန့်ပွားအောင် ကြိုးပမ်းတော်မူခဲ့လို့ ဘွဲ့တံဆိပ်တော်အပ်နှင်းရရှိခဲ့တဲ့အပေါ် ကျွန်တော်တို့အသင်းနဲ့အတူ မြို့ရဲ့ဂုဏ်ကို ပေါ်ထွန်းစေတာကြောင့် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူရပါတယ်။ ချင်းပြည်နယ်မြောက်ပိုင်းက ဘုန်းတော်ကြီးကျောင်း ၃၅ ကျောင်းကိုလည်း သွားလာရေးအဆင်ပြေအောင် ဆိုင်ကယ်နဲ့ စားသောက်ကုန်ပစ္စည်းတွေကို ဩဂုတ် ၃ ရက်မှာ ဆရာတော်နဲ့အလှူရှင်တွေ စုပေါင်းပြီး လှူဖို့ရှိပါတယ်။ သာသနာ့ အာဇာနည်တွေ ပေါ်ထွန်းတယ်ဆိုတာဟာ သာသနာကို ပူဇော်တာပဲဖြစ်ပါတယ်" ဟု ဒီပဲယင်းမြို့နယ်အသင်းမှ အမှုဆောင် ဦးဘိုဝင်းက ပြောသည်။

ထို့နောက် ကလေးမြို့ မဟာသန္တာရုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော်အရှင်သူမြတ်က ရေစက်သွန်းချအနုမောဒနာတရား ချီးမြှင့်တော်မူကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ပြီးမြောက်ကြောင်း သိရသည်။ **သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# ငါန်းဇွန်မြို့နယ် ညောင်ပင်ရိုးကျေးရွာ အလယ်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်



**ငါန်းဇွန် ဇူလိုင် ၂၈**
မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သားကျင်ကျေးရွာအုပ်စု ညောင်ပင်ရိုးကျေးရွာ အခြေခံပညာအလယ်တန်း(ခွဲ)ကျောင်းမှ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပသည်။

ရှေးဦးစွာကျောင်းဆောင်ရှေ့၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးနိုင်၊ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ မြို့နယ်ပညာရေးမှူး ဒေါ်နွဲ့နွဲ့သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ အခမ်းအနားကို ကျောင်းဆောင်အတွင်း၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ထွန်းထွန်းစိုးက အခမ်းအနားသို့ တက်ရောက်လာသူများအား ကျန်းမာရေးအကြောင်း အသိပညာပေးဆွေးနွေးပြောကြားကြောင်း သိရသည်။

**သက်နောင်ဦး(ပြန်/ဆက်)**

❑ရှေ့ဖုံးမှ

အဆိုပါ Adani Ports and Logistics သည် အိန္ဒိယနိုင်ငံ Kutch ပင်လယ်ကွေ့ရှိ ပင်လယ်ရေနက်ဆိပ်ကမ်းတစ်ခုဖြစ်ပြီး အိန္ဒိယနိုင်ငံရှိ ဆိပ်ကမ်းများအနက် အကြီးစားသင်္ဘောများ ဝင်ရောက်ဆိုက်ကပ်နိုင်သည့် ဆိပ်ကမ်းတစ်ခုဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံအတွင်းပိုင်းသို့ ကုန်စည်များပို့ဆောင်ရန်အတွက် အဓိကဝင်ပေါက်တစ်ခုဖြစ်ကာ ရေနံစိမ်း၊ ယာဉ်နှင့် အခြားပို့ကုန်၊ သွင်းကုန်ပစ္စည်းအမျိုးမျိုးတို့အား သိုလှောင်ထားနိုင်ပြီး ပြန်လည်ဖြန့်ဖြူးပို့ဆောင်လျက်ရှိကြောင်း၊ တန်ချိန်ကြီးမားသည့် ကုန်တင်သင်္ဘောများဆိုက်ကပ်နိုင်သော ဆိပ်ခံတံတားများရှိသည့် ဆိပ်ကမ်းဖြစ်ကြောင်း၊ ကမ္ဘာ့အကြီးမားဆုံး ကျောက်မီးသွေးတင်သွင်းသည့် ဆိပ်ကမ်းတစ်ခုဖြစ်ကာ Adani ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံနှင့် TATA ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ နှစ်ရုံအတွက် ကျောက်မီးသွေးများ ပို့ဆောင်ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ၎င်းကျောက်မီးသွေး စက်ရုံနှစ်ရုံသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံး ထုတ်လုပ်မှုနည်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၈၆၀၀ ခန့် ထုတ်လုပ်ပေးလျက်ရှိကာ အိန္ဒိယနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

**သွားရောက်ကြည့်ရှုလေ့လာ**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် SEZ & Solar Panel manufacturing unit သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက စွမ်းအင်ထုတ်လုပ်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

**တင်ပို့ရောင်းချလျက်ရှိ**

အဆိုပါ SEZ & Solar Panel manufacturing unit သည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ခြင်းမရှိသည့် ဆိုလာစနစ်ဖြင့် စွမ်းအင်ထုတ်လုပ်နိုင်သည့် ဆိုလာပြားများ ထုတ်လုပ်လျက်ရှိကြောင်း၊ တစ်နှစ်လျှင် ၁၂၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်သည့် ဆိုလာများထုတ်လုပ်နိုင်ကြောင်းနှင့် အဆိုပါဆိုလာများသည် ဘက်ထရီစနစ် သီးခြားထပ်မံတပ်ဆင်ရန်မလိုဘဲ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်သည့် ဆိုလာပြားများဖြစ်ကာ ၎င်းဆိုလာပြားများအား အိန္ဒိယနိုင်ငံအပြင် အမေရိကန်နိုင်ငံ၊ ဗြိတိန်နိုင်ငံနှင့် အခြားဥရောပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2019) ထပ်မံခေါ်ယူခြင်း

၁။ (၃၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ချီးမြှင့်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့ရာ အပြီးသတ်ရွေးချယ်သည့် ဒိုင်အဖွဲ့၏ဆုံးဖြတ်ချက်အရ ဆုနှင့် ထိုက်တန်သူမရှိပါသောကြောင့် ၂၀၁၉ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံး အဆိုပြုလွှာများ ထပ်မံခေါ်ယူလျက်ရှိပါသည်။

၂။ အာဆီယံဆုအတွက် အဆိုပြုသူများသည် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အကျိုးပြုသူများ ဖြစ်ရပါမည် -

- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား သိသာထင်ရှားသည့် ပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား သိသာထင်ရှားသည့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် သိသာထင်ရှားသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- အာဆီယံအသိုက်အဝန်းတည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ

၃။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် ဒိုင်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများပါဝင်သည့် ထင်ရှားသော အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီးဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။ ယင်းဆုကို ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပမည့်(၃၅) ကြိမ်မြောက် အာဆီယံခေါင်းဆောင်များ ထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ပါသည်။

၄။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကို အခြေခံပြီး ပြည်သူကို ဦးတည်၍ ပြည်သူကိုဗဟိုပြုသော အာဆီယံအသိုက်အဝန်း ထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ၂၀၁၅ ခုနှစ် အာဆီယံအသိုက်အဝန်း စတင်ထူထောင်ချိန်မှစ၍ အထောက်အကူပြုခဲ့သည့် လျှောက်ထားမည့် ပုဂ္ဂိုလ် / အဖွဲ့အစည်း၏ အောင်မြင်မှုများကို စာမျက်နှာ ၃ မျက်နှာမှ ၅ မျက်နှာအကြား (အင်္ဂလိပ်ဘာသာဖြင့်) အကျဉ်းချုပ်ရေးသားဖော်ပြရမည် ဖြစ်ပါသည်။

၅။ လျှောက်ထားရမည့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ http://www.asean.org/asean-prize တွင် ရယူ၍ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com နှင့် psaseanmmr@gmail.com သို့ **၆-၉-၂၀၁၉ ရက်နေ့ နောက်ဆုံးထား၍** လိပ်မူ လျှောက်ထားနိုင်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**(နိုင်ငံခြားရေးဝန်ကြီးဌာန)**

# ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု အင်းကြီးကျေးရွာ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးခြင်း စတင်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ပိန္နဲကုန်းကျေးရွာအုပ်စု အင်းကြီးကျေးရွာတွင် နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားဖြန့်ဖြူးခြင်းကို ယမန်နေ့ညနေ ၄ နာရီ မိနစ် ၅၀ တွင် စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျေးရွာမီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးနောင်ဘိုဘိုလင်း၊ ဒုတိယမြို့နယ်လျှပ်စစ် မန်နေဂျာ ဦးသုမောင်ဇော်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်း၊ ကျေးရွာအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ခံ ဦးထွန်းမြင့်နှင့် ကျေးရွာနေပြည်သူများ တက်ရောက်အားပေးခဲ့ကြပြီး နိုင်ငံတော်ဓာတ်အားစနစ်မှ ၂၄ နာရီ ဓာတ်အားဖြန့်ဖြူးပေးခြင်းကြောင့် အဆိုပါကျေးရွာရှိ ပြည်သူများ၏ စီးပွားရေးနှင့် လူနေမှုဘဝပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်မျိုး**

# ဖားကန့်မြို့နယ်တွင် ကျေးရွာချင်းဆက်လမ်းများပျက်စီးမှုနှင့် စက်ယန္တရားများအသုံးပြုခွင့်ရရှိရေး ပြည်နယ်ဝန်ကြီးနှင့် ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေး

**ဖားကန့် ဇူလိုင် ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် မြေသားလမ်းများနှင့် ကမ်းပါးယံများသည် မိုးသည်းထန်စွာရွာသွန်းသည်နှင့်တစ်ပြိုင်နက် ပြိုကျပျက်စီးမှုများဖြစ်ပေါ်လျက်ရှိပြီး မြေသားလမ်းများပြန်လည်ပြုပြင်ရန်နှင့် အခြားအရေးပေါ်အခြေအနေများကြုံတွေ့လာရပါက စက်ယန္တရားများ အသုံးပြုခွင့်ရရှိရေးကို ဇူလိုင် ၂၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (Green Land)မှ ဥက္ကဋ္ဌ ဦးယိန်းခေါက လုံးခင်းကျေးရွာအုပ်စု မားဆားမော်ရွာနှင့် ကုဋ္ဌေမော်ရွာအကြား အများပြည်သူသွားလာနေသည့် မြေသားလမ်း ပျက်စီးမှုကြောင့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများသွားလာရန် အခက်အခဲ ဖြစ်နေမှုကို အမြန်ဆုံးပြန်လည်ပြုပြင်ပေးနိုင်ရေး တင်ပြဆွေးနွေးသည်။

"အထက်မက်လင်ချောင်ကျေးရွာနဲ့အောက်မက်လင်ချောင် ကျေးရွာသွားလမ်းတွေပျက်စီးနေပြီး လူအားနဲ့ပြုပြင်ထားပေမယ့် ခဏပါပဲ၊ မိုးရွာတာနဲ့ပြန်ပျက်တာပဲ၊ ကျွန်တော်တို့ နှစ်ရွာလုံးက ကျောင်းသား ကျောင်းသူတွေ ရှမ်းစုကျေးရွာမှာ အလယ်တန်းကျောင်းသွားတက်ရပါတယ်။ ရှမ်းစုကျေးရွာသွားလမ်းလည်းပျက်စီးနေတော့ ကျောင်းသား ကျောင်းသူတွေအတွက် အခက်အခဲဖြစ်ရပါတယ်"ဟု အဆိုပါကျေးရွာမှ ရာအိမ်မှူး ဦးတူးမိုင်က ပြောသည်။

အလားတူ မော်မောင်းဘွမ်ကျေးရွာနှင့် ဖားကန့်မြို့သွားလမ်းမှာလည်း ဇူလိုင်လတတိယပတ်က မိုးရွာသွန်းစဉ် လမ်း၏ တစ်ဖက်ရှိ ကန်အနိမ့်ပိုင်းအတွင်းသို့ ပြိုကျပျက်စီးသွားပြီး ကျေးရွာနေ ပြည်သူများ သွားလာရခက်ခဲလျက်ရှိကြောင်း အဆိုပါကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ဆွေးနွေးတင်ပြသည်။




ဆက်လက်၍ ကျောက်စိမ်းတူးဖော်ရေး (လုံးခင်း)မှ ခေတ္တအထွေထွေမန်နေဂျာ ဦးမင်းထွန်းဟန်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လင်းအောင်တို့က လုပ်ငန်းဆောင်ရွက်ခဲ့သော ကျောက်မျက်ကုမ္ပဏီများကို ခွဲတမ်းအလိုက်တာဝန်ယူစေ၍ ဘက်ဟိုးယာဉ်နှင့် မြေသယ်ယာဉ်များ ထုတ်ပေးရေးနှင့် အသုံးပြုခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးဒါရှီလဆိုင်းက ပြည်သူများ၏ ဆွေးနွေးမှုများအပေါ် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်နိုင်ရေးနှင့် အခက်အခဲများကို အမြန်ဆုံးဖြေရှင်းပေးနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**တာလင်းမောင်(ပြန်/ဆက်)**

# ၂၀၁၉ ခုနှစ် ပေါင်းလောင်းတမံ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်အား ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဇူလိုင် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၉ ခုနှစ် ပေါင်းလောင်းတမံ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှုစီမံချက်အား ညှိနှိုင်းဆွေးနွေးခြင်းကို ဇေယျာသီရိမြို့နယ် ကျည်တောင်ကျေးရွာအုပ်စု ပေါင်းလောင်းရေလှောင်တမံ ရှင်းလင်းဆောင်၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သီဟက ပေါင်းလောင်းရေလှောင်တမံဆိုင်ရာ အချက်အလက်နှင့် တမံအရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်ရေးဆွဲခြင်းနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပြီး တည်ဆောက်ရေး(၅)မှ ဦးစီးအရာရှိ ဦးမျိုးမင်းသန့်က ပေါင်းလောင်းရေလှောင်တမံ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲမှု စီမံချက်အား အရေးပေါ်အခြေအနေအဆင့် (၃) ဆင့်ဖြင့် ရှင်းလင်းတင်ပြသည်။ အရေးပေါ်အခြေအနေ(အဆင့်-၁)တွင် ရေပိုလွှဲမှ ရေစတင်ကျော်သည်နှင့် အရေးပေါ်အခြေအနေ အဆင့်(၁)အဖြစ် သတ်မှတ်ခြင်းဖြစ်ပြီး ပြည်သူများသို့ ဆက်သွယ်အသိပေးသွားမည်ဖြစ်ကြောင်း၊ အများပြည်သူများ မြင်သာသောနေရာနှင့် ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများတွင် အစိမ်းရောင်အလံ လွှင့်ထူသွားမည်ဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေ (အဆင့်-၂)တွင် ရေပိုလွှဲမှ ရေကျော်မှု ဆက်လက်မြင့်တက်လာပြီး တမံအောက်ဘက်ဒေသများ ရေကြီးမှုအခြေအနေများ ဖြစ်ပေါ်လာနိုင်ခြင်းကို ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အဝါရောင်အလံလွှင့်ထူခြင်းနှင့် အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အရေးပေါ်အခြေအနေ(အဆင့်-၃)တွင် ရေပိုလွှဲမှ မူလဒီဇိုင်းပြု သတ်မှတ်ချက်ထက် ကျော်လွန်ပြီး ရေပိုလွှဲ အဆောက်အအုံ ကျိုးပေါက်ပျက်စီးစေနိုင်သည့် အခြေအနေဖြစ်ပေါ်လာပါက ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် အနီရောင် အလံလွှင့်ထူခြင်းနှင့် အသံချဲ့စက်ဖြင့် လှည့်လည်ကြေညာခြင်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တည်ဆောက်ရေး (၅)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သီဟက အရေးပေါ်အခြေအနေ သတ်မှတ်ခြင်းအလံများကို ကျေးရွာ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်ခဲ့ပြီးနောက် တက်ရောက်လာသူများအား ရေပိုလွှဲမှ ရေကျော်အဆင့်သတ်မှတ်ချက်များကို လိုက်လံရှင်းလင်းပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# ပုသိမ်မြို့၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေးသုတေသနလုပ်ငန်းဆောင်ရွက်ရန် အလုပ်ရုံဆွေးနွေး

**ပုသိမ် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာဖွံ့ဖြိုးရေး သုတေသနလုပ်ငန်း ဆောင်ရွက်နိုင်ရန် အလုပ်ရုံးဆွေးနွေးပွဲကို ယမန်နေ့က ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က ၂၀၁၆-၂၀၁၇ ခုနှစ် ပြည်ပပို့ကုန်၏ ၂၅ ရာခိုင်နှုန်းမှာ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဆန်၊ ရော်ဘာ၊ ပုစွန်နှင့် အခြားသော မွေးမြူရေးကဏ္ဍတို့မှဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံရရှိခဲ့ကြောင်း၊ ဆက်လက်ပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မဟာဗျူဟာကျသည့် ဆောင်ရွက်မှုများ စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်လုပ်လျက်ရှိသော တောင်သူများ ကျေးလက်နေ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နေသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် စိုက်ပျိုးရေးနှင့် အစားအစာကဏ္ဍတို့တွင် ကျွမ်းကျင်လုပ်သားပိုမို မွေးထုတ်ပေးလာနိုင်သည့် ပညာပေးသင်တန်းကျောင်းများ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ကြောင်း၊ မြန်မာ့စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာမှာ ရေးသားဖော်ပြထားပါကြောင်း ပြောကြားသည်။

**ခေါင်းစဉ်ခုနစ်ခုဖြင့် ဆွေးနွေး**

ထို့နောက် Mekong Economics မှ အဖွဲ့ခေါင်းဆောင် ဒေါက်တာခင်မာချိုက သုတေသနပြုလုပ်ရသည့် ရည်ရွယ်ချက်နှင့် ဆွေးနွေးမည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်သူများ၊ အသေးစား၊ အကြီးစားစီးပွားရေးလုပ်ငန်းရှင်များက အုပ်စုလိုက်ခွဲ၍ စိုက်ပျိုးစီးပွားရေးဆိုင်ရာ လိုအပ်ချက်၊ တိရစ္ဆာန်မွေးမြူရေးနှင့် သက်ဆိုင်သော ကြက်၊ ဝက်၊ ဘဲ၊ နွား၊ ကျွဲ၊ ငုံး များဖြစ်သော ကုန်ကြမ်း၊ ကုန်ချောဖြန့်ဖြူးမှုဈေးကွက်၊ စားသုံးသူအပိုင်း၊ ဘေးထွက်ပစ္စည်းများ အသုံးချနိုင်မှု၊ ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လိုအပ်ချက်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဆိုင်ရာလုပ်ငန်းများ အတွက်( လယ်ယာ၊ သား၊ ငါး၊ အခြားသောဝန်ဆောင်မှုများ)၊ ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသော အဖွဲ့အစည်းများအတွက် လိုအပ်ချက်များ၊ လက်ရှိလုပ်ငန်းဆောင်တာများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေ (တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်)များ စသည့်ခေါင်းစဉ်ခုနစ်ခုဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သုတေသနလုပ်ငန်းကို ရည်ရွယ်**

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် တက္ကသိုလ်များနှင့် ကောလိပ်များ ပူးပေါင်းဆောင်ရွက်ရန်၊ တက္ကသိုလ်တွင်လည်း ပုံမှန်သင်ကြားနေသည့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးနှင့် စီမံခန့်ခွဲရေး၊ အစားအစာနည်းပညာနှင့် စိုက်ပျိုးရေး ပညာပေးဘာသာရပ်များကို ထည့်သွင်းသင်ကြားသွားရန်၊ နိုင်ငံတော်မှ ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများမှ လက်ရှိသင်ကြားနေသော သင်ရိုးညွှန်းတမ်းများတွင် အထက်ဖော်ပြပါ ဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးရန်၊ စိုက်ပျိုးရေး အထက်တန်းကျောင်းများ၊ အခြားသော အစိုးရနှင့် ပုဂ္ဂလိကဆိုင်ရာ အသက်မွေးမှုပညာကျောင်းများ ပြန်လည်အသက်ဝင်လည်ပတ်စေရန်၊ အမျိုးသားပညာရေးကဏ္ဍမှ လိုအပ်နေသော လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာများကို ကူညီထောက်ပံ့နိုင်ရန်နှင့် နည်းပညာအသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျောင်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို ထည့်သွင်းသင်ကြားပေးနိုင်ရန် သုတေသနလုပ်ငန်းကို ရည်ရွယ်ပြီး ပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးရေး သုတေသနလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးများ အများဆုံးလုပ်ကိုင်သည့် ဧရာဝတီတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အလုပ်ရုံဆွေးနွေးပွဲများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပြီးရရှိသော အချက်များကို ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထွန်းဇော်**

# မှော်ဘီမြို့နယ်၌ မသန်စွမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၈**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မြို့နယ် မသန်စွမ်းသူများအဖွဲ့(မှော်ဘီ) နှင့် မသန်စွမ်းမိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက်က ရွှေအင်းဝကျောင်းတိုက် အဝင်လမ်း ကုလားကုန်းကျေးရွာ မှော်ဘီမြို့နယ်၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေ၊ ကမ္ဘောဇဘဏ်လီမိတက် အကြီးတန်းအထွေထွေမန်နေဂျာ ဦးအောင်ကျော်စိုး၊ တာဝန်ခံ ဒေါ်ခိုင်မာထွေးနှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များ၊ ကမ္ဘောဇဘဏ်လီမိတက် အရာထမ်း၊ ဝန်ထမ်းများ၊ သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အစီအစဉ် ဒါရိုက်တာ ဦးကျော်ကျော်၊ မှော်ဘီမြို့နယ် မသန်စွမ်းသူများအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ကမ္ဘောဇဘဏ်လီမိတက် အကြီးတန်းအထွေထွေမန်နေဂျာက ဖောင်ဒေးရှင်းအနေဖြင့် မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မြို့နယ်မသန်စွမ်းသူများအဖွဲ့(မှော်ဘီ)နှင့် မသန်စွမ်း မိသားစုများ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ပံ့ပိုးကူညီခြင်းနှင့် စပ်လျဉ်း၍ မုဒိတာစကားပြောကြားကာ မှော်ဘီမြို့နယ်မသန်စွမ်းသူများအဖွဲ့ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အစီအစဉ် ဒါရိုက်တာတို့က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်း ဦးဆောင်၍ မြန်မာနိုင်ငံ နားမကြားသူများ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ မြို့နယ်မသန်စွမ်းသူများအဖွဲ့(မှော်ဘီ)နှင့် မသန်စွမ်းမိသားစုများ၊ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသော လူထုပရိသတ်များသည် သီးပင်၊ စားပင်နှင့် အရိပ်ရသောအပင် စုစုပေါင်း ၁၅၀၀ တို့ကို မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာရှိ ရွှေအင်းဝကျောင်းတိုက်အဝင်လမ်းတွင် စိုက်ပျိုးကြသည်။

**သူရလွင်(ECO)**





## ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ La Villa အိမ်ရာ စီမံကိန်းတွင် သစ်ပင်စိုက်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

လူထုအခြေပြု ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှုအနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၇ ရက် က ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ La Villa အိမ်ရာစီမံကိန်းတွင် ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဟိုတယ်ဇုန်လုပ်ငန်းရှင်များ၊ i-Green Development & Engineering Group နှင့် ဒေသခံပြည်သူများက ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေ အစရှိသည့် ပျိုးပင်ပေါင်း ၂၀၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးကြသည်။

**သတင်းစဉ်**



# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ခ) ပြည့်တန်ဆာပြုလုပ်ခိုင်းစေခြင်း၊ ခိုင်းစေရန်အလို့ငှာ ကမ်းလှမ်းခြင်း၊ ရယူခြင်း၊ ဝယ်ယူခြင်း သို့မဟုတ် ထောက်ပံ့ခြင်း၊

(ဂ) ကလေးသူငယ်ညစ်ညမ်းပုံ ပြုလုပ်ဖြန့်ဖြူးခြင်း သို့မဟုတ် ယင်းကိစ္စအလို့ငှာ ကမ်းလှမ်းခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊ ပြည်ပမှတင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း။

၆၇။ (က) ဤအခန်းပါ ပြစ်မှုများသည် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ် အဖွဲ့ဝင်နိုင်ငံ အချင်းချင်းချုပ်ဆိုသည့် စာချုပ်တွင် ပါရှိသော တရားခံလွှဲပြောင်းပေးနိုင်သည့် ပြစ်မှုများတွင် ပါဝင်သည်ဟု မှတ်ယူရမည်။

(ခ) ဤအခန်းပါ ပြစ်မှုတစ်ခုခုအတွက် ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ ပရိုတိုကောလ်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ တရားခံလွှဲပြောင်းရေးကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ၊ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အကူအညီပေးရေးကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၉)
## ကလေးသူငယ်၏ ကျင့်ဝတ်စည်းကမ်းများနှင့် မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများ၏ တာဝန်ဝတ္တရားများ

၆၈။ ကလေးသူငယ်တိုင်းသည် အသက်အရွယ်အလိုက် အောက်ပါကျင့်ဝတ်စည်းကမ်းများကို လိုက်နာကျင့်ကြံ စောင့်ထိန်းရမည် -

(က) တရားဥပဒေကို စောင့်ထိန်းလိုက်နာခြင်း၊

(ခ) အသက်အရွယ်နှင့် ရင့်ကျက်မှုရှိလာသည်နှင့်အမျှ မိဘ၊ အုပ်ထိန်းသူတို့၏ ဆုံးမသွန်သင်ပေးမှုကို လေးစားလိုက်နာကာ မိမိ၏ အခွင့်အရေးများကို လက်ခံကျင့်သုံးခြင်း၊

(ဂ) မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများ၏ သွန်သင်မှုကို ခံယူပြီး ပညာသင်ယူခြင်း၊

(ဃ) ကျောင်းစည်းကမ်းနှင့် ရပ်ရွာစည်းကမ်းများကိုလည်းကောင်း၊ လူမှုရေးစည်းကမ်းနှင့် ဘာသာရေးကျင့်ဝတ်များကိုလည်းကောင်း လေးစားလိုက်နာပြီး ရပ်ရွာအတွင်း တာဝန်သိသူတစ်ဦးအဖြစ် နေထိုင်ကျင့်ကြံခြင်း၊

(င) မိမိရပ်ရွာအသိုက်အဝန်း၏ ကောင်းမွန်သော အစဉ်အလာများ၊ တန်ဖိုးများ၊ ဘာသာစကား၊ ယုံကြည်ကိုးကွယ်မှု၊ ယဉ်ကျေးမှုတို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(စ) အရက်သောက်ခြင်း၊ ဆေးလိပ်သောက်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ စိတ်ကိုပြောင်းလဲစေသော ဆေးဝါးသုံးစွဲခြင်း၊ လောင်းကစားခြင်း သို့မဟုတ် အခြားအကျင့်စာရိတ္တပျက်ပြားဖွယ်ရာ အမူအကျင့်များမှ ရှောင်ကြဉ်ခြင်း။

၆၉။ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများသည် ကလေးသူငယ်များက ပုဒ်မ ၆၈ ပါ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းသည့် အလေ့အထရှိစေရန် ရိုက်နှက်ပြစ်ဒဏ်ပေးမှုအပါအဝင် အပြစ်ပေးမှု ပုံစံတစ်မျိုးမျိုးတို့ကို အသုံးမပြုဘဲ ကျိုးကြောင်းပြ နည်းပေးလမ်းညွှန်ပြုရမည်။

၇၀။ အမျိုးသားကော်မတီသည် ပုဒ်မ ၆၈ ပါ ကလေးသူငယ်များက ယင်းတို့၏ ကျင့်ဝတ်စည်းကမ်းများ လိုက်နာကျင့်သုံးရေးအတွက်လည်းကောင်း၊ ပုဒ်မ ၆၉ ပါ မိဘ၊ အုပ်ထိန်းသူနှင့် ဆရာ၊ ဆရာမများက ရှောင်ကြဉ်ရမည့် အချက်များကို ထိန်းသိမ်းစောင့်ရှောက်ရေးအတွက်လည်းကောင်း ကျောင်းသားများ၏ မိဘများ၊ ရပ်မိရပ်ဖများနှင့် ဆရာ၊ ဆရာမများအား အသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်။

## အခန်း (၂၀)
## အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း

၇၁။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် ပတ်သက်၍ -

(က) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရန် သင့် မသင့် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ကျူးလွန်သည့် ပြစ်မှု၏ သဘာဝ၊ ကျူးလွန်ရသည့် အကြောင်းရင်းနှင့် အခြေအနေ၊

(၂) ထိုပြစ်မှုမျိုးကို မကြာခဏကျူးလွန်လေ့ ရှိ မရှိ၊

(၃) ကလေးသူငယ်၏ အသက်အရွယ် အသိဉာဏ်ဖွံ့ဖြိုးမှု၊ ရင့်ကျက်မှုအခြေအနေ၊

(၄) မိသားစု အနေအထားနှင့် ပတ်ဝန်းကျင်လွှမ်းမိုးမှုအခြေအနေ၊

(၅) ပြစ်မှုကျူးလွန်ခြင်းခံရသူ၏ ထိခိုက်နစ်နာမှုကို ပြုပြင်ကုစားပေးနိုင်မှု ရှိ မရှိ၊

(၆) ကလေးသူငယ်က ပြစ်မှုကျူးလွန်ကြောင်း သက်သေအထောက်အထား ခိုင်လုံမှု ရှိ မရှိ၊

(၇) ရပ်ရွာလူမှုအဖွဲ့အစည်း ဘေးကင်းလုံခြုံမှု ရှိနိုင် မရှိနိုင်။

(ခ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ရန်သင့်ပါက ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးခြင်း မပြုမီအဆင့်တွင်ဖြစ်စေ၊ ရဲတပ်ဖွဲ့က အမှုစုံစမ်းစစ်ဆေးသည့်အဆင့်တွင်ဖြစ်စေ ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာ အဆင့်အလိုက် ကျင့်သုံးအကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၇၂။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်မှာ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က) ပါ အချက်များနှင့် အကျုံးဝင်စေကာမူ အောက်ပါအချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်ပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်း မပြုရ -

(က) သေဒဏ်၊ ထောင်ဒဏ်တစ်သက်၊ နှစ်အကန့်အသတ်မရှိထောင်ဒဏ် သို့မဟုတ် နှစ် ၂၀ ထောင်ဒဏ်ချမှတ်နိုင်သော ပြစ်မှုအပါအဝင် ထောင်ဒဏ် ခုနစ်နှစ်နှင့်အထက် ပြစ်ဒဏ်ပေးနိုင်သောပြစ်မှုကို ကျူးလွန်ခဲ့ခြင်း၊

(ခ) အကျင့်စာရိတ္တ လွန်ကဲစွာပျက်စီးနေသော သို့မဟုတ် ထိန်းသိမ်း၍ မရနိုင်လောက်အောင် ဆိုးသွမ်းနေသော ကလေးသူငယ်ဖြစ်ကြောင်း ခိုင်လုံသောအထောက်အထားများ တွေ့ရှိခြင်း၊

(ဂ) ထောင်ဒဏ် သုံးနှစ်နှင့်အထက် ပြစ်ဒဏ်ပေးနိုင်သော ပြစ်မှုတစ်ခုခုဖြင့် ပြစ်ချက်ဟောင်းရှိသူဖြစ်ခြင်း။

၇၃။ အမျိုးသားကော်မတီ၏ လမ်းညွှန်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာနသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန် ကလေးသူငယ်တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းအရာရှိများ အပါအဝင် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ စေတနာရှင်များအား ပြည်တွင်း ပြည်ပမှ ကျွမ်းကျင်သူများဖြင့် လေ့ကျင့်ခြင်းနှင့် သင်တန်းများ ပေးခြင်းတို့ကို စီစဉ်ဆောင်ရွက်ရမည်။

၇၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီ သို့မဟုတ် ပြည်ထောင်စုနယ်မြေ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီသည် အမျိုးသားကော်မတီ၏ လမ်းညွှန်ချက်ဖြင့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း ပြုရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ရဲတပ်ဖွဲ့၊ လူမှုဝန်ထမ်းဦးစီးမှူးရုံးတို့နှင့် ညှိနှိုင်းပြီး သက်ဆိုင်ရာ မြို့နယ်အဆင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ သင့်လျော်သော တာဝန်ရှိပုဂ္ဂိုလ်များပါဝင်သည့် မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များ ဖွဲ့စည်းရမည်။

၇၅။ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့များသည် -

(က) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် စပ်လျဉ်း၍ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ် ဆောင်ရွက်ရန် သင့် မသင့် ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၇၂ တို့ပါ အချက်များကို ထည့်သွင်းစဉ်းစားပြီး ထိုလုပ်ငန်းစဉ်ဖြင့် ဆောင်ရွက်ရန် ဦးစွာဆုံးဖြတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်နှင့် ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်း ခံရသူကိုလည်းကောင်း၊ ပြစ်မှုကျူးလွန်ခြင်းခံရသူမှာ ကလေးသူငယ် ဖြစ်ပါက ယင်းနှင့် မိဘ သို့မဟုတ် အုပ်ထိန်းသူကိုလည်းကောင်း ဆင့်ဆိုပြီး နှစ်ဖက်သဘောတူညီချက်အရ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို အောက်ပါနည်းလမ်း တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ သင့်လျော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်သည် -

(၁) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်အား သတိပေးဆုံးမခြင်း၊

(၂) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်က ဖြစ်စေ၊ ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူကဖြစ်စေ၊ ၎င်းတို့ နှစ်ဦးလုံးကဖြစ်စေ ပြစ်မှုကျူးလွန်ခြင်းခံရသူနှင့် ယင်း၏ မိဘ သို့မဟုတ် အုပ်ထိန်းသူအား စာဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ဝန်ချတောင်းပန်စေခြင်း၊

(၃) ရပ်ရွာအကျိုးပြု လူမှုရေးအလုပ်တစ်ခုခုကို လုပ်ကိုင်စေခြင်း၊

(၄) ပြစ်မှုကျူးလွန်ခြင်းခံရသူအား ထိခိုက်နစ်နာမှု သို့မဟုတ် နောက်ဆက်တွဲ အကျိုးဆက်များအတွက် သင့်လျော်သည့် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးစေခြင်း၊

(၅) ထိခိုက်နစ်နာဆုံးရှုံးသော ပစ္စည်းကို ပြန်ပေးခြင်း၊ ထိုပစ္စည်းကို အစားထိုးပေးခြင်း သို့မဟုတ် ထိုပစ္စည်းအတွက် နစ်နာကြေး ပေးစေခြင်း၊

(၆) ပြစ်မှုကျူးလွန်သူအား ရပ်မိရပ်ဖလူကြီး၏ ဆုံးမသွန်သင်မှုကို ခံယူစေခြင်းနှင့် ကျူးလွန်ခံရသူအား နှစ်သိမ့်ဆွေးနွေးစေခြင်း၊

(၇) ကလေးသူငယ်၏ အကောင်းဆုံးအကျိုးစီးပွားများအလို့ငှာ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များ၊ လေ့ကျင့်သင်ကြားပေးနိုင်ရန် သင်တန်းကျောင်းများ၊ ပရဟိတဂေဟာများ သို့မဟုတ် ယာယီစောင့်ရှောက်ရေးဂေဟာများတွင် ပြုပြင်ထိန်းသိမ်းခြင်း၊

(၈) ကျွမ်းကျင်မှုနှင့် အခြားဖွံ့ဖြိုးမှုအစီအစဉ်တစ်ရပ်ရပ် ဆောင်ရွက်စေခြင်း၊

(၉) မူးယစ်ဆေးဝါး သို့မဟုတ် အရက်သေစာစွဲလမ်းမှု ကုသနိုင်ရေးအတွက် ဆရာဝန်နှင့် တိုင်ပင်ဆွေးနွေးစေခြင်း။

(ဂ) ပုဒ်မခွဲ (ခ) အရ ဆုံးဖြတ်သည့် အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို သတ်မှတ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက မိမိမြို့နယ် ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ဝင်တစ်ဦးဦး ဦးဆောင်၍ ညှိနှိုင်းဖြေရှင်းရေးအဖွဲ့ခွဲကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်း၍ ဆောင်ရွက်စေရန် တာဝန်ပေးအပ်နိုင်သည်။

၇၆။ ကလေးသူငယ်တရားရုံးသည် ရဲတပ်ဖွဲ့မှ တင်ပို့လာသော အမှုများတွင်ဖြစ်စေ၊ တိုက်ရိုက်လျှောက်ထားမှုများတွင်ဖြစ်စေ အမှုကို အပြီးသတ်အမိန့်မချမီ အမှုစစ်ဆေးနေစဉ်ကာလအတွင်း ပုဒ်မ ၇၂ ကို အထောက်အထားပြု၍ ပုဒ်မ ၇၁၊ ပုဒ်မခွဲ (က) ပါ အချက်များနှင့် ကိုက်ညီပါက အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အရ ဆောင်ရွက်ပေးနိုင်ရေးအတွက် မြို့နယ်ညှိနှိုင်းရေးအဖွဲ့သို့ အကြောင်းကြားပြီး အမှုပိတ်သိမ်းနိုင်သည်။

၇၇။ ပုဒ်မ ၇၅ အရ ဖြစ်စေ၊ ပုဒ်မ ၇၆ ပါ ကလေးသူငယ်တရားရုံး၏ အကြောင်းကြားချက်အရဖြစ်စေ မြို့နယ်ညှိနှိုင်းဖြေရှင်းရေးအဖွဲ့၏ အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်းလုပ်ငန်းစဉ်အရ ချမှတ်သော ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၂၁)
## ကလေးသူငယ်ကို ပြစ်မှုဖြင့် အရေးယူခြင်းနှင့် ကင်းလွတ်ခွင့်

၇၈။ (က) အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်စေရ။

(ခ) ပြုလုပ်စဉ်အခါက မိမိပြုသောပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်၊ အဆင်အခြင်နှင့် မပြည့်စုံသေး၍ အသက် ၁၀ နှစ်အထက်၊ ၁၂ နှစ် အောက်အရွယ်ရှိသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်စေရ။

၇၉။ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်က အသက်နှင့် စပ်လျဉ်းသည့် အထောက်အထားတင်ပြခြင်း မပြုနိုင်သေးမီ ၎င်း၏အသက်အရွယ်ငယ်ရွယ်မှုနှင့် ပုံပန်းသဏ္ဌာန်အရ အသက် ၁၈ နှစ် မပြည့်သေးသူဖြစ်နိုင်သည်ဟု ထင်မြင်ယူဆနိုင်ပါက ဤဥပဒေပါ ကလေးသူငယ်၏ အခွင့်အရေးကို ရထိုက်ခွင့်ရှိစေရမည်။

၈၀။ ရဲအရာရှိသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို ဖမ်းဆီးလျှင် -

(က) မိမိ မည်သူမည်ဝါဖြစ်ကြောင်း ကောင်းမွန်စွာ ပြောကြားရမည်။

(ခ) ကလေးသူငယ်နားလည်နိုင်သော ရိုးရှင်းသည့် စကားအသုံးအနှုန်းဖြင့် ဖမ်းဆီးရသည့် အကြောင်းရင်းနှင့် ၎င်းအား စွပ်စွဲထားသော ပြစ်မှုတို့ကို ရှင်းလင်းပြောကြားရမည်။

(ဂ) ခြိမ်းခြောက်ခြင်း၊ အဓမ္မအနိုင်အထက်ပြုခြင်း သို့မဟုတ် မလိုအပ်ဘဲ အင်အားသုံးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ ရက်စက်ခြင်း သို့မဟုတ် လူမဆန်စွာပြုမူခြင်းစသည့် အပြုအမူများကို ရှောင်ရှားရမည်။

(ဃ) လက်ထိတ်ခတ်ခြင်း၊ ကြိုးဖြင့်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ချည်နှောင်ခြင်း မပြုရ။

(င) မည်သည့်အကြောင်းနှင့်မျှ ကလေးသူငယ်ကို ရဲအချုပ်တွင် ချုပ်နှောင်ထားခြင်း မပြုရ။

(စ) လူကြီးအကျဉ်းသားများနှင့်အတူ ရောနှော၍ထားရှိခြင်း မပြုရ။ မိန်းကလေးဖြစ်ပါက အမျိုးသမီးအစောင့်အရှောက်ဖြင့်သာ ထားရှိရမည်။

(ဆ) သက်ဆိုင်သော မိဘ သို့မဟုတ် အုပ်ထိန်းသူထံချက်ချင်း သို့မဟုတ် ဆောလျင်စွာ အသိပေးအကြောင်းကြားရမည်။ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးနှင့်လည်းကောင်း၊ ရှေ့နေနှင့်လည်းကောင်း ကလေးသူငယ်ကို တွေ့ဆုံခွင့် ပြုရမည်။

(ဇ) ကျူးလွန်သောပြစ်မှုနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီသာ မေးမြန်းရမည်။

(ဈ) အခြားနည်းလမ်းဖြင့် လွှဲပြောင်းဆောင်ရွက်ခြင်း မပြုပါက ကလေးသူငယ်ကို သက်ဆိုင်ရာ ကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ရမည်။

(ည) ပုဒ်မခွဲ (ဈ) အရ ကလေးသူငယ်တရားရုံးသို့ ဆောလျင်စွာ တင်ပို့ခြင်း မပြုနိုင်ပါက ကလေးသူငယ်ကို ကောင်းမွန်စွာ ကျင့်ကြံနေထိုင်ရန် ခံဝန်ချုပ်ချုပ်ဆိုစေပြီး လွှတ်ပေးရမည်။ ထိုသို့ ခံဝန်ချုပ်ဖြင့် လွှတ်ပေးခြင်းမပြုနိုင်ပါက ယာယီစောင့်ရှောက်ရေးဂေဟာ သို့မဟုတ် အခြားသင့်တော်သော နေရာသို့ ပို့ဆောင်ရမည်။

(ဋ) ကလေးသူငယ်အသက်အရွယ်ကို သတ်မှတ်ရန် အသက်နှင့် စပ်လျဉ်းသည့် အထောက်အထားများ ရယူထားရမည်။

၈၁။ ရဲအရာရှိသည် သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံမှ ထွက်ပြေးသည့် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ် သို့မဟုတ် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ကလေးသူငယ်ကို -

(က) ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သည်။ သို့ရာတွင် ရာဇသတ်ကြီးနှင့် အခြားပြစ်မှုဆိုင်ရာ အထူးဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်း မပြုရ။

(ခ) ဖမ်းဆီးရမိလျှင် သက်ဆိုင်ရာ သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်ပို့ရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ သင်တန်းကျောင်း၊ ပရဟိတဂေဟာ၊ ယာယီစောင့်ရှောက်ရေးဂေဟာ၊ မိဘ၊ အုပ်ထိန်းသူ သို့မဟုတ် ပြုစုစောင့်ရှောက်သူထံ ပြန်မပို့နိုင်မီကာလအတွင်း အခြားသင့်လျော်သည့် နေရာ၌ ထိန်းသိမ်းထားရှိနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*



# YBS ၃၅ ယာဉ်လိုင်း လမ်းကြောင်းပြောင်းပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၂၈**

မြစ်ကူးကြိုးတံတား(ဒလ)တည်ဆောက်ရေးလုပ်ငန်း၏ ရန်ကုန်ဘက်ခြမ်း ပင်မချဉ်းကပ်တံတားပိုင်တိုင်စိုက်ထူခြင်းကို ဩဂုတ်လတွင် စတင်ဆောင်ရွက်မည်ဖြစ်ရာ YBS ယာဉ်လိုင်းများသည် အနော်ရထာလမ်းမှ ကမ်းနားလမ်းအတွင်းရှိ ဘုန်းကြီးလမ်းတစ်လျှောက် ပြေးဆွဲခြင်းမရှိဘဲ လမ်းကြောင်းပြောင်းပြေးဆွဲမည်ဟု သိရသည်။

သို့ဖြစ်ရာ ကမ်းနားလမ်းပေါ်တွင် ဂိတ်ဖျားမှတ်တိုင်အဖြစ် ခရီးစဉ်ဆုံး၍ လာလမ်းအတိုင်း မြို့ပြင်သို့ပြန်လည်ပြေးဆွဲနေသော YBS ၂၁၊ ၃၅ နှင့် ၃၉ ယာဉ်လိုင်းများသည် ဩဂုတ် ၁ ရက်မှစ၍ ဘုန်းကြီးလမ်းရှောင် လမ်းကြောင်းပြောင်းပြေးဆွဲမည်ဟု ခေတ်သစ်ဘုရင့်နောင် အများပိုင်သယ်ယူပို့ဆောင်ရေးယာဉ်လိုင်းကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်မင်းထံမှ သိရသည်။

**စံပြမှတ်တိုင်သို့ရောက်ရှိခြင်းမရှိ**

ယင်းသို့ ပြောင်းလဲပြေးဆွဲရာတွင် စံပြနှင့်ဂိတ်ဖျား မော်တင်မှတ်တိုင်အကြား ယာဉ်လိုင်းရောက်ရှိမှုတွင် ၂၁ ယာဉ်လိုင်းသည် လမ်းကြောင်းသာပြောင်းလဲသော်လည်း မှတ်တိုင်ရောက်ရှိမှုမှာ ပြောင်းလဲခြင်းမရှိဘဲ ထောက်ကြန့်၊ မြောက်ဥက္ကလာပ ပြည်လမ်း လမ်းကြောင်းအတိုင်း ပြေးဆွဲနေသော ၃၅ ယာဉ်လိုင်းတွင်မူ စံပြမှတ်တိုင်သို့ရောက်ရှိခြင်းမရှိတော့ဘဲ ယင်းအစား ဗိုလ်ချုပ်လမ်းရှိ မှတ်တိုင်များမှသာ ခရီးသည်များအနေဖြင့် ၃၅ ယာဉ်လိုင်းစီး၍ရလာမည်ဟု ယင်းယာဉ်လိုင်းပြေးဆွဲနေသော အများပိုင်ကုမ္ပဏီဥက္ကဋ္ဌတစ်ဦးက ပြောသည်။

YBS ၂၁ ယာဉ်လိုင်းသည် မြို့တွင်းသို့အလာတွင် စံပြမှတ်တိုင်မှဂိတ်ဖျား မော်တင်မှတ်တိုင်သို့ အနော်ရထာလမ်းနှင့် ကမ်းနားလမ်းအကြား ဘုန်းကြီးလမ်းတစ်လျှောက်ပြေးဆွဲခြင်းမပြုဘဲ စံပြရုံ့အနီး အနော်ရထာလမ်းအတွင်းပြေးဆွဲ၍ ဝါးတန်းလမ်းသို့ကွေ့ဝင်ကာ ဂိတ်ဖျားသို့ ပြေးဆွဲမည်ဟု သိရသည်။

ယင်း ၂၁ ယာဉ်လိုင်းများသည် ကမ်းနားလမ်း ညဈေးတန်းမော်တင်မှတ်တိုင်မှ မြို့အပြင်သို့ပြန်လည်ပြေးဆွဲရာတွင် ဘုန်းကြီးလမ်းအစား ကမ်းနားလမ်း၊ ရွှေတိဂုံဘုရားလမ်း (အောက်လမ်း)မှ အနော်ရထာလမ်းသို့ ပြောင်းလဲပြေးဆွဲပြီး ဘုန်းကြီးလမ်းစံပြမှတ်တိုင်သို့ ရောက်ရှိမည်ဟု သိရသည်။

**ခုနစ်လဝန်းကျင် ပြေးဆွဲမည်**

ဗိုလ်ချုပ်လမ်းနှင့် အနော်ရထာလမ်းအကြား ဘုန်းကြီးလမ်းတစ်လျှောက် ချဉ်းကပ်တံတား ပိုင်တိုင်စိုက်ထူခြင်းလုပ်ငန်းဆောင်ရွက်မည့်ကာလမတိုင်မီ ခုနစ်လဝန်းကျင် ယင်းလမ်းကြောင်းအတိုင်းပြေးဆွဲမည်ဟု သိရသည်။ ယင်း ၂၁ ယာဉ်လိုင်းတွင် အများပိုင်ယာဉ်လိုင်းကုမ္ပဏီနှစ်ခုမှ ယာဉ်များပြေးဆွဲနေရာ ခေတ်သစ်ဘုရင့်နောင် အများပိုင်ကုမ္ပဏီမှ ယာဉ် ၁၅၀ ဝန်းကျင်ရှိပြီး ၃၅ ယာဉ်လိုင်းတွင် ယာဉ်အစီးရေ ၁၀၀ ခန့်ရှိသည်ဟု ကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်မင်းက ပြောသည်။

ဘုန်းကြီးလမ်းရှောင် ယာဉ်လိုင်းပြောင်းလဲပြေးဆွဲရာတွင် ခေတ်သစ်ဘုရင့်နောင် အများပိုင်ယာဉ်လိုင်းကုမ္ပဏီမှပြေးဆွဲနေသော ယာဉ်လိုင်းနှစ်လိုင်းအနက် ၃၅ ယာဉ်လိုင်း လမ်းကြောင်းပြောင်းလဲပြေးဆွဲရာတွင် စံပြမှတ်တိုင်များတွင် ခရီးသည်များအနေဖြင့် စီးနိုင်ခြင်းမရှိဘဲ ဗိုလ်ချုပ်လမ်းမှတ်တိုင်များတွင်သွား ရောက်စီးနင်းလာရမည်ဟု သိရသည်။

**ခင်ဆိုင်**

# မူခင်းအသိပညာပေးဟောပြော

**မိတ္ထီလာ**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့မရဲစခန်းနှင့် ရွှေတောင်နယ်မြေရဲစခန်းတို့မှ မူခင်းအသိပညာပေးဟောပြောခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မိတ္ထီလာမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ကျော်ထင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများလျော့နည်းကျဆင်းရေးအတွက် မူခင်းအသိပညာပေးဟောပြောခြင်းကို မိတ္ထီလာမြို့နယ် ခင်လူးကျေးရွာရှိ ဓမ္မာရုံ၌ ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းတွင် ကျေးရွာသူ ကျေးရွာသား စုစုပေါင်း ၈၀ ခန့် အသိပညာပေးဟောပြောခြင်း ဆောင်ရွက်ခဲ့ပြီး မူခင်းအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း ဒုတိယရဲမှူး ကျော်ထင်ထံမှ သိရသည်။

အလားတူ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွှေတောင်နယ်မြေရဲစခန်းမှလည်း ဝမ်းတွင်းမြို့နယ် ရွှေတောင်ကျေးရွာ ဓမ္မာရုံ၌ ဇူလိုင် ၂၃ ရက် မွန်းလွဲပိုင်းက "မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုလျော့နည်းကျဆင်းရေး" ခေါင်းစဉ်ဖြင့် ရွှေတောင်နယ်မြေရဲစခန်း စခန်းမှူး ရဲအုပ် ယဉ်ထွေး ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ကျေးရွာသူ ကျေးရွာသား ၈၀ ခန့်ကို မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း ရဲအုပ် ယဉ်ထွေးထံမှ သိရသည်။

**ဘိုဘို(မလှိုင်)**

**လယ်ဝေး**

နေပြည်တော် လယ်ဝေးမြို့နယ် တည်ကုန်းကျေးရွာ စမတောင်ပရဟိတဖွံ့ဖြိုးရေးကျောင်း၌ ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီ မှ မွန်းတည့် ၁၂ နာရီထိ နေပြည်တော်ရဲတပ်ဖွဲ့မှ ရဲမှူး ထားထားခိုင် ဦးစီးအဖွဲ့သည် ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ စုစုပေါင်း ၂၀၀ ခန့်ကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ လူကုန်ကူးမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်းတွင် ဇူလိုင် ၂၆ ရက်က ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်မော်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး စိုးဝင်းက မူးယစ်ဆေးဝါး သုံးစွဲမှု အန္တရာယ်ဆိုးကျိုးများ အကြောင်းကို အသိပညာပေးဟောပြောစဉ်။

သန်းဝင်း(သန်လျင်)

# ဆန်ကွဲအား တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့နိုင်ရေး ကြိုးပမ်းပြင်ဆင်နေဟုဆို

**ရန်ကုန် ဇူလိုင် ၂၈**

တရုတ်နိုင်ငံသို့ ဆန်အား တရားဝင်တင်ပို့နိုင်ရေး ခက်ခဲနေသော်လည်း ဆန်ကွဲအား အစိုးရအချင်းချင်းစနစ်ဖြင့် တရားဝင်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းပြင်ဆင်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ဇူလိုင် ၂၈ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင်ကျင်းပသည့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (၂၁)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည်အထွေထွေအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ အစည်းအဝေးတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခြင်းဖြစ်သည်။ လက်ရှိတွင် တရုတ်နိုင်ငံအနေဖြင့် မြန်မာ့ဆန်အား တရားဝင်တင်ပို့ခွင့်ပေးထားခြင်းမရှိသေးဘဲ ကုန်စည်ဖလှယ်သည့်စနစ်ဖြင့်သာ တင်ပို့လျက်ရှိကြောင်း အဆိုပါ အခမ်းအနားမှ သိရသည်။

"တရုတ်နိုင်ငံကို ဆန်ကွဲ တရားဝင်တင်ပို့ဖို့အတွက်က MoU ထိုးနိုင်ဖို့ ကြိုးစားနေတယ်။ ဆန်ကွဲပို့မယ်ဆိုရင် တရုတ်နိုင်ငံရဲ့ ခွင့်ပြုမိန့်မရှိသေးဘူးဖြစ်နေတယ်။ အဲဒီအတွက်ကို အခွန်ဆောင်လည်း လက်ခံလို့မရတဲ့အပိုင်းဖြစ်နေတယ်။ ဒီနေရာမှာလည်း ဆန်ကွဲနဲ့ပတ်သက်လို့ ကြိုးစားရတဲ့အကြောင်းက ဆန်ကို ပို့မယ်ဆိုရင် တရုတ်နိုင်ငံရဲ့ အခွန်အရပ်ရပ်က ၆၀ ရာခိုင်နှုန်းလောက်ကောက်ပါတယ်။ ဆန်ကွဲကိုကျတော့ ၅ ရာခိုင်နှုန်းပဲ ကောက်တယ်။ နယ်စပ်လမ်းကြောင်းကနေ ကူမင်းအထိ သွားရင် အများကြီးကျတယ်။ ဆန်ကွဲကို တရားဝင်ခွင့်ပြုချက်ရရင် လွတ်လွတ်လပ်လပ် ပို့လို့ရတယ်။ ဒါကိုလည်း ကြိုးစားနေပါတယ်" ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုက ပြောသည်။



"တရုတ်နိုင်ငံက မြန်မာနိုင်ငံကို အဓိကတင်သွင်းနေတာက ဒီ ဓာတ်မြေဩဇာတွေရှိတယ်။ သံနဲ့ သံမဏိရှိတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေ ရှိတယ်။ အဲဒီနေရာမှာ တရုတ်ဘက်ကကျတော့ နယ်စပ်ကုန်သွယ်ရေးမှာ ကျွန်တော်တို့ပြောသလိုပဲ ဆန်ကို တရားဝင်ပေးမထားသေးဘူး။ ဒါလည်း ဆန်စပါးအသင်းချုပ်ရဲ့ ကြိုးပမ်းမှုတစ်ရပ်ပါပဲ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

**ဓာတ်ပုံ-မျိုးကြီး**

# စည်းကမ်းမဲ့အမှိုက်လျှော့ချရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ သင်တန်းဖွင့်

**ပျဉ်းမနား ဇူလိုင် ၂၈**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ရမည်းသင်းစုနယ်မြေအတွင်းရှိ အခြေခံပညာမူလတန်းလွန် (ရွာကောက်)ကျောင်း၌ ဇူလိုင် ၂၅ ရက်က စည်းကမ်းမဲ့အမှိုက်လျှော့ချရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ သင်တန်းဖွင့်လှစ်ပို့ချခဲ့သည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းတွင် Clean and Green Pyinmana ပရဟိတအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူရက အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

သင်တန်းနှင့်ပတ်သက်၍ ဦးကျော်သူရက စည်းကမ်းမဲ့ အမှိုက်လျှော့ချရေးနှင့် စိမ်းလန်းစိုပြည်ရေးသင်တန်း ဆရာ ဆရာမများ မွေးထုတ်ပေးပြီး အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများကို စည်းကမ်းမဲ့အမှိုက်လျှော့ချရေးနှင့် သစ်တောသစ်ပင်များကို ချစ်ခင်လာစေရန်ရည်ရွယ်၍ ဖျော်ဖြေရေးနှင့် ပညာရေးပူးပေါင်းထားသောသင်တန်းများ လိုက်လံပို့ချလျက်ရှိကြောင်း၊ အမှိုက်နှင့်ပတ်သက်သော အသိပညာများကို သင်ကြားပေးသော အစီအစဉ်များ၊ သစ်တော၊ သစ်ပင်များအား ချစ်ခင်လာစေရန်နှင့် အနည်းဆုံး မိမိပတ်ဝန်းကျင်တွင် ကျောင်းသား ကျောင်းသူတစ်ဦးလျှင် သစ်ပင်တစ်ပင်စိုက်ပျိုးရန်အတွက် စည်းရုံးဟောပြောသင်ကြားပို့ချလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများ အတန်းအလိုက် သင်ကြားပို့ချခြင်းများပြုလုပ်ဆောင်ရွက်ပြီး Clean and Green Pyinmana ပရဟိတအသင်းဥက္ကဋ္ဌ ဒေါက်တာပေါ်မြင့်ဦးက ကျောင်းအကျိုးတော်ဆောင် ဆပ်ကော်မတီဥက္ကဋ္ဌ ဆရာဦးဇော်မျိုးနိုင်နှင့် ဆရာမ ဒေါ်နီလာ၊ ဆရာမ ဒေါ်မြင့်မြင့်သန်းတို့ထံသို့ ကျောင်းသား ကျောင်းသူများ စည်းကမ်းရှိစွာ အမှိုက်များစွန့်ပစ်နိုင်ရန်အတွက် အမှိုက်ပုံးများ လှူဒါန်းခဲ့ပြီး ကျောင်းဝင်းအတွင်း အရိပ်ရပင်များ၊ ကံ့ကော်ပင်၊ ခရေပင်များ ပူးပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ဇော်မျိုးနိုင်**





မန္တလေးမြို့၌ လစဉ်နောက်ဆုံးပတ်တွင် လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ကျင်းပလျက်ရှိရာ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင် ဦးဆောင်၍ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စက်ဘီးစီးဝါသနာရှင် ၃၀၀ ကျော်တို့ စုပေါင်း၍ စက်ဘီးစီးနင်းကြစဉ်။ အောင်စံမောင်

# မြန်မာနှင့် တရုတ်လက်ရွေးစင်အသင်း တရုတ်နိုင်ငံ၌ ခြေစမ်းမည်

**ရန်ကုန် ဇူလိုင် ၂၈**

စက်တင်ဘာတွင် စတင်မည့် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် တရုတ်လက်ရွေးစင်အသင်းသည် ဩဂုတ် ၃၀ ရက်တွင် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစစ်ပွဲအဖွင့်ပွဲအဖြစ် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်းကစားရမည် ဖြစ်သောကြောင့် တရုတ်လက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲကစားခြင်းဖြစ်ပြီး နှစ်နှစ်ဆက်တိုက် တရုတ်နိုင်ငံ၌ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

၂၀၁၈ ခုနှစ် မေလက ကစားသည့် ခြေစမ်းပွဲတွင် တရုတ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ တရုတ်လက်ရွေးစင်အသင်းကို နာမည်ကြီးနည်းပြ မာဆယ်လိုလစ်ပီက ကိုင်တွယ်နေပြီး တရုတ်အသင်းမှာလည်း ကမ္ဘာ့ဖလား ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာတွင် ကစားရမည့် ခြေစစ်ပွဲအတွက် ဩဂုတ် ၁၉ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်ပြီး နည်းပြသစ် ရာဒူလိုဗစ်၏ ပထမဆုံး နိုင်ငံတကာပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။ ရာဒူလိုဗစ်လက်ထက်တွင် မြန်မာ့လက်ရွေးစင်အသင်းသည် နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲသာ ကစားရသေးပြီး ဇွန် ၁၁ ရက်က စင်ကာပူနိုင်ငံ၌ ကစားသည့် စင်ကာပူလက်ရွေးစင်အသင်းနှင့် ခြေစမ်းပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် အုပ်စု (F) ၌ ဂျပန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မွန်ဂိုလီးယားတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် ခြေစစ်ပွဲ ပွဲစဉ်များအဖြစ် စက်တင်ဘာ ၅ ရက်တွင် မွန်ဂိုလီးယားအသင်းနှင့် အဝေးကွင်း၊ စက်တင်ဘာ ၁၀ ရက်တွင် ဂျပန်အသင်းနှင့် အိမ်ကွင်း ကစားရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ကျောင်းသားလူထု ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ မန္တလာသီရိကွင်း၌ သင်ကြားပို့ချလျက်ရှိ

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ကြီးမှူး၍ ကျောင်းသားလူထု ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၇ နာရီ၌ မန္တလာသီရိအားကစားကွင်းတွင် ကျင်းပလျက် ရှိရာ ကျောင်းသား ၂၀၀ နှင့် ကျောင်းသူ ၁၈၀ တို့ တက်ရောက်လျက်ရှိသည်။

အဆိုပါသင်တန်း ကို မန္တလာသီရိအားကစားကွင်းတွင် အားကစားမှူးဦးစီးအရာရှိ ဒေါ်နိုင်နိုင်ဝင်း ဦးဆောင်၍ အားကစားနှင့် ကာယပညာသိပ္ပံမှနည်းပြဆရာများက စနစ်တစ်ကျ ပူးပေါင်းလေ့ကျင့်သင်ကြားပြသပေးလျက်ရှိကာ အပတ်စဉ် လူထုအားကစားလှုပ်ရှားမှု ဆောင်ရွက်လျက်ရှိကြောင်းနှင့် တက်ရောက်လိုသူများအနေဖြင့် ချမ်းမြသာစည်မြို့နယ် အားကစားအရာရှိထံ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**တင်မောင် - မန်းကိုယ်ပွား**

# ပျဉ်းမနားမြို့နယ်၌ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ကျင်းပ

**ပျဉ်းမနား ဇူလိုင် ၂၈**

နေပြည်တော်-ပျဉ်းမနားမြို့နယ် ဘောလုံးအဖွဲ့ချုပ်ဖွဲ့စည်းခြင်းအထိမ်းအမှတ် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ အဆိုတော်များပါဝင်သော Actor Star ဘောလုံးအသင်းနှင့် PMA အိုပယ်ကိုလူချောလေးများ FC ဘောလုံးအသင်းတို့ ချစ်ကြည်ရေးဘောလုံးပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက ပျဉ်းမနားမြို့ ပေါင်းလောင်းပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲသို့ ဘောလုံးဝါသနာရှင်ပရိသတ်များ ကြည့်ရှုအားပေးပြီး တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသွားခဲ့ကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

**ဘရူနို ဖာနန်ဒက်စ်ကို ခေါ်ယူရန် နီးစပ်လာသည့် မန်ယူ**

မန်ယူအသင်းသည် စပို့တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီကွင်းလယ်ကစားသမား ဘရူနို ဖာနန်ဒက်စ် (၂၄နှစ်) ကို ယူရို သန်း ၇၀ ဖြင့် ခေါ်ယူရန် နီးစပ်လာပြီဖြစ်ကြောင်း စပိန်အခြေစိုက်သတင်းအရင်းအမြစ်တစ်ခုတွင် ဖော်ပြထားသည်။

**ဂျွန် မက်ဂင်ကို ခေါ်ယူစေလိုသည့် ဖာဂူဆန်**

မန်ယူနည်းပြဟောင်း ဆာအဲလက်စ် ဖာဂူဆန်သည် မန်ယူအသင်းအား အက်စ်တွန်ဗီလာအသင်းမှ ကွင်းလယ်ကစားသမား ဂျွန် မက်ဂင်ကို ခေါ်ယူစေလိုကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**ပေါ့ဂ်ဘာကို ပေါင်သန်း ၁၅၀ ဖြင့် ခေါ်ယူရန် အဆင်သင့်ရှိနေသည့် ရီးရဲ**

ရီးရဲမက်ဒရစ်အသင်းသည် ဂါးရက်ဘေးလ်ကို ရောင်းထုတ်ပြီးပါက မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါလ်ပေါ့ဂ်ဘာ (၂၆နှစ်) ကို ပေါင်သန်း ၁၅၀ ဖြင့် ခေါ်ယူရန် အဆင်သင့်ရှိနေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**မက္ကသီကို ခေါ်ယူရန် နယူးကာဆယ်အသင်း စီစဉ်နေ**

နယူးကာဆယ်အသင်းသည် ဂွတ်ဒီဆင်ပတ်ခ်တွင် မျက်နှာသာပေးခြင်းမခံရသော အသက် ၂၈ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂျိမ်းစ် မက္ကသီကို ပေါင် ငါးသန်းဖြင့် ခေါ်ယူရန် စီစဉ်နေကြောင်း သည်ဆန်းတွင် ဖော်ပြထားသည်။

**အန်တိုနီယိုကို ခေါ်ယူရန် ချိန်ရွယ်နေသည့် ရှိုင်းဟော့ဆန်**

ခရစ္စတဲလ် ပဲလေ့စ်နည်းပြ ရှိုင်းဟော့ဆန်သည် ဝက်စ်ဟမ်းအသင်းမှအသက် ၂၉ နှစ်အရွယ် အန်တိုနီယိုကို ခေါ်ယူရန် ချိန်ရွယ်နေကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**ကွင်းလယ်ကစားသမားနှစ်ဦးကို အသင်းမှထွက်ခွာနိုင်ကြောင်း လမ်းပတ်ပြောကြား**

ချယ်လ်ဆီးနည်းပြသစ် ဖရန့်လမ်းပတ်သည် နှစ်ဦးပေါင်း ပေါင်သန်း ၈၀ ဖြင့် ခေါ်ယူထားသော ကွင်းလယ်ကစားသမား ဘာကာယိုကိုနှင့် ဒရင့်ဝါးတားတို့ကို စတန်းဖို့ဒ်ဘရစ်မှ ထွက်ခွာသွားနိုင်သည်ဟု ပြောကြားလိုက်ကြောင်း မေရာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

**စပါးတပ် မော်စကိုသို့ ပြောင်းရွှေ့မည့် ရှာရယ်လ်**

ပြီးခဲ့သည့်ရာသီတွင် ဖူလ်ဟမ်အသင်း၌ အငှားကစားခဲ့သော ဂျာမနီတိုက်စစ်ကစားသမား ရှာရယ်လ်သည် ရုရှားကလပ် စပါးတပ် မော်စကိုသို့ ပြောင်းရွှေ့ရန်အတွက် ဒေါ့မွန်အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ **အောင်ဇော်**

# World Handicap System (WHS) နှင့် ပတ်သက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က မိတ်ဆက်ခြင်းအခမ်းအနား ပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၈**

၂၀၂၀ ပြည့်နှစ်မှစတင်ကာ ကမ္ဘာ့နိုင်ငံအားလုံးတွင် လိုက်နာကျင့်သုံးမည့် World Handicap System (WHS) နှင့် ပတ်သက်၍ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က မိတ်ဆက်ခြင်း အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်လမ်း ကိုးမိုင်ရှိ မြန်မာဂေါက်သီးရိုက်အသင်း၌ ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ဇာနည်ဝင်း (ငြိမ်း)၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာ မြင့်ဦး၊ ဗဟိုအလုပ်အမှုဆောင်များ၊ မြန်မာဂေါက်သီးရိုက်အသင်းဥက္ကဋ္ဌ ဦးမြင့်ဝေနှင့် ကလပ်အသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။




မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဇာနည်ဝင်း(ငြိမ်း)နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

အခမ်းအနားတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဇာနည်ဝင်း(ငြိမ်း)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာမြင့်ဦးက ဂေါက်ကွင်းလေးကွင်း၌ Handicap System တိုင်းတာပေးမည့်အစီအစဉ်ကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၏ World Handicap System ဖြစ်မြောက်ရေးကော်မတီအားဖွဲ့စည်းပြီး မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ဇာနည်ဝင်း(ငြိမ်း)က နိဂုံးချုပ်အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် World Handicap System ဖြစ်မြောက်ရေးကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ဗိုလ်ချုပ်ဇာနည်ဝင်း(ငြိမ်း)၊ အတွင်းရေးမှူးအဖြစ် ဒေါက်တာမြင့်ဦး၊ တွဲဖက်အတွင်းရေးမှူးအဖြစ် ဦးမျိုးဒန်၊ အဖွဲ့ဝင်များအဖြစ် ဦးဘလှမောင်၊ ဦးခင်မောင်မြင့်၊ ဦးကျော်ဇော၊ ဦးထွန်းထွန်း၊ ဦးသူဇင်အောင်၊ ဦးနေထွန်း၊ ဦးစိုင်းနွဲ့ပွမ်မိုင်းတို့ပါဝင်ပြီး သက်ဆိုင်ရာဂေါက်ကွင်းများ၏ Handicap နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌများကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

❒ *ကျောဖုံးမှ*

နောက်တစ်ပွဲဖြစ်သည့် ထွန်းမင်းလတ် (ထွန်းထွန်းမင်း) နှင့် ရဲရင့်အောင် (YFC) တို့ပြိုင်ပွဲမှာ ပထမအချီမှ တတိယအချီအထိ သူတစ်ပြန်ကိုယ်တစ်ပြန်ထိုးကြပြီး စတုတ္ထနှင့် ပဉ္စမအချီတွင် သက်လုံကုန်ကျ၍ တစ်ဦးနှင့်တစ်ဦး ထိုးကြသော်လည်း သရေကျကာပရိသတ်အကြိုက်ပွဲကောင်းများ ဖြစ်ခဲ့သည်။

လေးချီစိန်ခေါ်ပွဲ၌ ဇင်မိုးဟိန်း (RAY) က ရဲမာန်စိန်(ဇာတိမာန်) ကို ဘယ်ညာ လက်သီးတွဲလုံးများကြောင့် ဒုတိယအချီတွင်ဇင်မိုးဟိန်းအနိုင်ရရှိခဲ့ပြီး စောသဲဦး(ကညောသို့)နှင့် အောင်သူရ (ခြသေ့်မင်း) တို့ပွဲမှာ ပူးတွဲသရေကျခဲ့သည်။ ထို့ပြင် မျိုးဆက်သစ်သုံးချီစိန်ခေါ်ပွဲကိုးပွဲနှင့် အမျိုးသမီးသုံးချီအထူးပွဲမှာလည်းလက်ဝှေ့ပရိသတ် နှစ်သက်သဘောကျခဲ့သည့် ပြိုင်ပွဲများဖြစ်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ - အာကာစိုး**



မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲများကျင်းပစဉ်။

◆ *ကျောဖုံးမှ*

အဓိကတိုက်စစ်မှူးများ မပါဝင်သည့် ရတနာပုံအသင်းသည် ရှုန်းကန်ခဲ့ရပြီး သရေတစ်မှတ်ရရန် ခက်ခက်ခဲခဲကစားခဲ့ရသည်။ အသင်းကြီးများနှင့် တွေ့ဆုံရာတွင် မထင်မှတ်သည့် စွမ်းဆောင်ရည်များ ပြသလေ့ရှိသည့် ရခိုင်အသင်းသည် ယခုပွဲတွင်လည်း ရတနာပုံအသင်းထံမှ အမှတ်ရယူနိုင်ခဲ့သည်။ ၇၁ မိနစ်တွင် ရတနာပုံနောက်ခံလူ ဇော်ရဲထွန်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် ရခိုင်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ရတနာပုံအတွက် ချေပဂိုးကို ၉၀+၁ မိနစ်တွင် လှိုင်းဘိုဘိုက သွင်းယူခဲ့သည်။

ပွဲစဉ် (၁၈) အပြီးတွင် ရန်ကုန် အသင်းက ၃၇ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး ရှမ်းယူနိုက်တက်နှင့် ရှောဝတီအသင်းတို့က ၃၄ မှတ်စီ၊ ဟံသာ ဝတီအသင်းက ၂၉ မှတ်၊ ရခိုင်အသင်းက ၂၇ မှတ်၊ ရတနာပုံအသင်းက ၂၆ မှတ်၊ စစ်ကိုင်းအသင်းက ၂၄ မှတ်၊ မကွေး အသင်းက ၂၁ မှတ်၊ ဇွဲကပင်အသင်းက ၁၈ မှတ်၊ Southern အသင်းက ၁၆ မှတ်၊ ဒဂုံအသင်းက ၁၄ မှတ်၊ Chinland အသင်းက ၁၂ မှတ်ရရှိထားသည်။

**ညီမြတ်သော်တာ**

## မြန်မာ့ရုပ်မြင်သံကြား

၂၉-၇-၂၀၁၉ (တနင်္လာနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၇း၃၅ - ရာသီတုပ်ကွေးရောဂါ တိုက်ဖျက်ရေးပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး (ပိုးလောက်လမ်းနှိမ်နင်းပါ)
၇း၄၀ - MRTV Travelogue
၉း၁၅ - BBC Click
၁၀း၃၀ - သဘာဝဘေးအန္တရာယ် ကြိုတင်သတိရှိကြပါစို့ (ရေဘေး)
၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၂း၃၀ - အခြေအနေအချိန်အခါ နေရာမရွေး သက်ငယ်မုဒိမ်းမှု ဖြစ်ပွားနိုင်သည်ကိုသတိပြုပါ
၁၄း၁၅ - မြေပြိုခြင်းအတွက်ကြိုတင် ပြင်ဆင်ရန်များ

**ညပိုင်း**

၁၆း၂၅ - မူးလျှင်မမောင်းပါနှင့်
၁၆း၃၀ - အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားစံမံအထူးပြု) (စီးပွားစီမံ)
၁၇း၀၅ - This Week's Special Interest
၁၇း၃၅ - Yes or No Talk Show
၁၇း၅၅ - မူးယစ်၏သားကောင်
၁၈း၃၅ - ဥပဒေရေးရာအဖြာဖြာ "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေအကြောင်းသိကောင်းစရာ"
၂၀း၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - FDA စကားဝိုင်း "အန္တရာယ်ကင်းသော အစားအသောက်ဖြစ်ပေါ်စေရေးအတွက်အချက်(၅)ချက်"

# လပွတ္တာမြို့နယ်အနီး နစ်မြုပ်သွားသော ရေယာဉ်ပေါ်မှ ပျောက်ဆုံးနေသူများအနက် ၁၇ ဦးကို ရှာဖွေတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြင်စလူမြို့မှ ရေမိုင် ခုနစ်မိုင်ခန့်အကွာ ပင်လယ်ပြင်၌ ဇူလိုင် ၂၅ ရက်က တိမ်းမှောက်ခဲ့သည့် ကုန်တင်ရေယာဉ်ပေါ်မှ သင်္ဘောသား ၁၉ ဦးအနက် ဇူလိုင် ၂၈ ရက်ညပိုင်းအထိ သေဆုံးသူငါးဦးနှင့် အသက်ရှင်လျက် ၁၂ ဦး စုစုပေါင်း ၁၇ ဦးကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း လပွတ္တာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်စိုးထံမှ သိရသည်။

"သင်္ဘောနစ်မြုပ်တဲ့ထဲမှာပါသွားတဲ့ သင်္ဘောသား ၁၉ ဦးထဲက ဒီနေ့ညပိုင်းအထိ သေဆုံးသူ ငါးဦး၊ အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့တာကတော့ ၁၂ ဦး စုစုပေါင်း ၁၇ ဦးတော့ တွေ့ထားပါပြီ။ နှစ်ဦးကိုတော့ ဆက်လက်ရှာဖွေနေဆဲဖြစ်ပါတယ်"ဟု ရှာဖွေကယ်ဆယ်ရေးအဖွဲ့တွင် ပါဝင်သည့် လပွတ္တာမြို့နယ် ကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်စိုးက ပြောကြားသည်။

ပြန်လည် တွေ့ရှိသူများကို လပွတ္တာမြို့နယ် ကြက်ခြေနီအသင်းခွဲမှ တာဝန်ရှိသူများ၊ လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်းနှင့် လိုအပ်သော ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ နစ်မြုပ်သွားသော သင်္ဘောမှာ Forever Transportion ကုမ္ပဏီပိုင် 'MV ထာဝရအားမာန်' ကုန်တင်ရေယာဉ်ဖြစ်ပြီး ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်းမှ သံတွဲမြို့ရှိ 'သူဌေးချောင်း' ရေအားလျှပ်စစ်စီမံကိန်းအတွက် ဘိလပ်မြေအိတ် ၂၅၀၀၀ ခန့်ကို ပို့ဆောင်ရန် ထွက်ခွာလာခြင်းဖြစ်သည်။ အဆိုပါရေယာဉ်ကို ရေယာဉ်မှူး ဦးဆန်းမင်းမောင်းနှင်ပြီး သင်္ဘောသား ၁၉ ဦးခန့် လိုက်ပါလာကာ ဇူလိုင် ၂၅ ရက်ညနေပိုင်းက မိုးသက်လေပြင်းကျရောက်မှုကြောင့် တိမ်းမှောက်နစ်မြုပ်သွားခဲ့ခြင်း ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သင်္ဘောနစ်မြုပ်မှုမှ အသက်ရှင်လျက်ကယ်ဆယ်ရရှိသူများအား ကြက်ခြေနီအဖွဲ့မှ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစဉ်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မြန်မာနိုင်ငံကြက်ခြေနီအသင်း**

# ညောင်ရွှေမြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် နွား ၁၇ ကောင် ဖမ်းဆီးရမိ



နွားများ တရားမဝင်သယ်ဆောင်လာသည့် ယာဉ်နှစ်စီးကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

ညောင်ရွှေမြို့နယ် ပေါ်များကျေးရွာအနီး မော်ဘီ- တုံဟုန်း- နန်းပန်ကားလမ်း မိုင်တိုင်(၅၃-၅၄) ကြား၌ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁၂ ခွဲတွင် တရားမဝင်သယ်ဆောင်လာသော နွားများဖမ်းဆီးရမိကြောင်း သိရသည်။

ယမန်နေ့က ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ပိတ်ဆို့စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် နောင်တရားကျေးရွာမှ ညောင်ရွှေသို့ ပေါ်များကျေးရွာနေ ကိုအေး(၄၂ နှစ်) မောင်းနှင်လာသော5N/----- ကန်တာယာဉ်ပေါ်မှ နွားထီးကိုးကောင်နှင့် တောင်ကြီးမြို့နယ် နားဘောင်ကျေးရွာနေ ခွန်အောင်ဘုတ်(၃၉ နှစ်) မောင်းနှင်လာသော5I/------ ကန်တာ ယာဉ်ပေါ်မှ နွားထီးရှစ်ကောင် စုစုပေါင်းနွားထီး ၁၇ ကောင်တို့အား တရားမဝင်သယ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကိုအေးနှင့် ခွန်အောင်ဘုတ်တို့အား နန်းပန်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## စစ်ကိုင်းမြို့နယ်၌ လက်ကိုင်ဖုန်း ခိုးယူသူတစ်ဦး ဖမ်းမိ

**ကသာ ဇူလိုင် ၂၈-** စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးနယ်မြေရဲကင်းစခန်းမှူး ရဲအုပ်ဇော်မျိုးမောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၂နာရီ ၁၅ မိနစ်က နယ်မြေလှည့်ကင်းဆောင်ရွက်နေစဉ် အုန်းတော(တောင်)ကျေးရွာလမ်းမပေါ်တွင် မန္တလေးမြို့နေသူ ဟိန်းကိုကို(ခ)ဟိန်းကိုဆိုသူထံမှ လက်ကိုင်ဖုန်းသုံးလုံးနှင့်အတူ ငွေကျပ် ၉၀၀၀ ရှာဖွေတွေ့ရှိရသဖြင့်စစ်မေးရာ ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိသဖြင့် ရွာသစ်ကြီးနယ်မြေရဲကင်းစခန်းက အရေးယူထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ကျောက်တံခါးမြို့နယ်၌ ၁၂ဘီးယာဉ်တိုက်မိ၍ ကလေးငယ်တစ်ဦးသေဆုံး

**ကျောက်တံခါး ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့မရဲစခန်းအပိုင် ရန်ကုန်- မန္တလေးကားလမ်းဟောင်း မိုင်တိုင်အမှတ်(၁၀၁/၆နှင့် ၇)အကြား အလယ်ကျွန်းကျေးရွာအနီး၌ ဇူလိုင်၂၇ ရက် ညနေ ၄ နာရီခန့်က လမ်းဖြတ်ကူးသူ ပထမတန်းကျောင်းသူတစ်ဦးကို ၁၂ ဘီးယာဉ် တစ်စီးကတိုက်မိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မန္တလေးဘက်မှ ရန်ကုန်ဘက်သို့ တင်လဲရည်များတင်ဆောင်ကာ ဖြူးမြို့နယ် ဝဲဒေါင့်ကျေးရွာနေသူ ယာဉ်မောင်းသန့်ဇင်(ခ)သက်နောင်(၂၅ နှစ်) မောင်းနှင်သည့်ယာဉ်အမှတ် BGO - 3A/----- နစ်ဆန်း ၁၂ ဘီးယာဉ်က လမ်းဖြတ်ကူးလာသည့် ကျောက်တံခါးမြို့နယ် အလယ်ကျွန်းကျေးရွာနေသူ မထက်ထက်အောင်(၆ နှစ်)အား ဝင်တိုက်မိသဖြင့် နေရာတွင်သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ကျောက်တံခါးမြို့မရဲစခန်းက ယာဉ်မောင်းသန့်ဇင်(ခ) သက်နောင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

## ရေပူစစ်ဆေးရေးစခန်း၌ ယာဉ်စစ်ဆေးစဉ် တရားမဝင်ကျောက်စိမ်းတုံးများဖမ်းမိ

**နေပြည်တော် ဇူလိုင် ၂၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၇ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၂၄၇ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၁၅၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ သန်း၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၇၈၂ သန်း၊ စုစုပေါင်းတားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၇၈၂ သန်း ဖမ်းဆီးရမိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ စစ်ဆေးမှုများဆောင်ရွက်စဉ် Honda Edix BE3 ယာဉ်တစ်စီးပေါ်တွင် တရားမဝင် တင်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသောကျောက်တုံး အရွယ်အစားမျိုးစုံ ၅၀၀ ကီလိုဂရမ်နှင့် ပစ္စည်း တင်ဆောင်လာသောယာဉ် တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၇ သန်းကို ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပိုင်းမော်နှင့် ရေဖြူမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၈**

မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၇ ရက် နံနက် ၉နာရီခွဲက ပိုင်းမော်မြို့နယ် ဗလမင်းထင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခွန်ဆန်မောင်းနှင်ပြီး ခွန်ဆိုင်းလိုက်ပါလာသည့် Grandis အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်ရှာဖွေရာ



ငွေကျပ် ၁၉၂၇၂ ဒသမ ၂ သိန်းတန်ဖိုးရှိ ဘိန်းဖြူ ၂ ဒသမ ၄၀၉ ကီလိုနှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။ **(ဓာတ်ပုံ)**

အလားတူ ယင်းနေ့ မွန်းလွဲ ၂နာရီခွဲက ထားဝယ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ရေဖြူမြို့နယ် ပရဒတ်ကျေးရွာအုပ်စု ဘဝါကျေးရွာနေ မြင့်ထွန်း၏ ဥယျာဉ်ခြံတဲကို ရှာဖွေရာ ငွေကျပ် ၅၆၈၁ ဒသမ ၆ သိန်းတန်ဖိုးရှိ အိုက်စ် ၁၄ ဒသမ ၂၀၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## အမရပူရမြို့နယ်၌ ဧရာဝတီမြစ်အတွင်း ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်

**မန္တလေး ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာအုပ်စု အလံတိုင်ဆိပ်ကမ်းတွင် ယနေ့နံနက်ပိုင်းက ကုန်တင်သင်္ဘောတွဲတစ်စင်း ဧရာဝတီမြစ်အတွင်း နစ်မြုပ်သွားကြောင်း ရွှေကြက်ယက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

မန္တလေးမြို့မှ မြောင်းမြမြို့သို့ ပို့ဆောင်ရန် ကုန်တင်ထားသည့် ဆင်ပေါင်ဝဲမြို့နေ ဦးတင်ကြိုင်(၅၂ နှစ်) မောင်းနှင်သည့် အောင်စုမြိုင်သင်္ဘောသည် ရွှေကြက်ယက်တိုက်နယ် အလံတိုင် ဆိပ်ကမ်းသို့ဆိုက်ကပ်စဉ် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ခါးကျိုး၍ မြစ်အတွင်း နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုန်တင်သင်္ဘောနစ်မြုပ်သွားသော်လည်း လူထိခိုက်မှု မရှိကြောင်းနှင့် အဆိုပါ နေရာသို့ အမရပူရမြို့နယ် ရဲတပ်ဖွဲ့၊ အမရပူရမြို့နယ် မီးသတ်တပ်ဖွဲ့များမှ ရှာဖွေကူညီမှုများ ပြုလုပ်ခဲ့ကြောင်းနှင့် ဖြစ်ပွားသည့် အကြောင်းအရာများကို စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း အမရပူရမြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါနစ်မြုပ်သွားသည့် ကုန်တင်တွဲသင်္ဘောသည် အလျား ၁၆၈ ပေ၊ အနံ ၃၂ပေ၊ အမြင့် ၈ ပေရှိပြီး သင်္ဘောပေါ်တွင် ဘိလပ်မြေအိတ် ၁၂၀၀၀ အပြင် ထုံးအိတ်များ၊ မြေဆီအိတ်များ တင်ဆောင်လာခဲ့ကြောင်း အမရပူရမြို့နယ် မီးသတ်ဦးစီးဌာနမှသိရသည်။

**ဝ၇၅**

# လူမှုကွန်ရက်ပေါ်မှ ဆီးရီးယားကလေးငယ်များ၏ဓာတ်ပုံက စစ်ပွဲ၏ကြောက်မက်ဖွယ်အခြေအနေကို ထင်ဟပ်ပြခဲ့

**အလက်ပို ဇူလိုင် ၂၈**

ဆီးရီးယား၌ ဗုံးဒဏ်ကြောင့် ပြိုကျနေသည့် အဆောက်အအုံအပျက်အစီးများကြားတွင် ပိတ်မိနေသည့် ခုနစ်လသားအရွယ် ကလေးငယ်ကို ငါးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦးက လှမ်းဆွဲထားသည့် သတင်းဓာတ်ပုံမှာ လူမှုကွန်ရက်ပေါ်တွင် လျင်မြန်စွာ ပျံ့နှံ့ခဲ့သည်။

ယင်းဓာတ်ပုံကို ဆီးရီးယား အနောက်မြောက်ပိုင်း အီဒလစ်ပြည်နယ်မှ ဒေသသတင်းသမားတစ်ဦးက ပြီးခဲ့သည့် ရက်ပိုင်းအတွင်း ရိုက်ကူးထားခဲ့ခြင်းဖြစ်သည်။ သတင်းဓာတ်ပုံ၌ အသက်ငါးနှစ်အရွယ် မိန်းကလေး ရီဟမ် အယ်လ် အဗ္ဗဒူလာသည် ၎င်း၏တစ်ကိုယ်လုံး လည်ပင်းအထိ အပျက်အစီးပုံအတွင်း ပိတ်မိနေခဲ့သည်။

ထိုသို့ ပိတ်မိနေရင်းမှပင် ရီဟမ်သည် ၎င်း၏ ခုနစ်လအရွယ် ညီမငယ် တူကာကို အပျက်အစီးပုံပေါ် ပြုတ်ကျမသွားစေရန် ၎င်း၏အင်္ကျီစကို ဖမ်းဆွဲထားခဲ့သည်။ အခြား မိန်းကလေးငယ်တစ်ဦးမှာ အနီးရှိ အပျက်အစီးများအောက်သို့ ရောက်ရှိသွားပြီဖြစ်ပြီး နောက်ဘက်တွင် ၎င်းတို့၏ဖခင်ဖြစ်သူက အော်ဟစ်အကူအညီတောင်းခံလျက်ရှိသည်။ အဆိုပါသတင်းဓာတ်ပုံကို ရိုက်ခဲ့ပြီး မကြာမီမှာပင် အဆောက်အအုံပြိုကျသွားခဲ့ရာ အစ်မဖြစ်သူ သေဆုံးခဲ့ပြီး ညီမငယ်မှာ အသက်ရှင်လွတ်မြောက်ခဲ့သည်။ သမ္မတ ဘတ်ရှာ အယ်လ်အာဆတ်အစိုးရအဖွဲ့သည် သူပုန်များအခိုင်အမာ တပ်စွဲထားသည့် အီဒလစ်ပြည်နယ်နှင့် အနီးတစ်ဝိုက်ဧရိယာများကို ထိုးစစ်ဆင်တိုက်ခိုက်မှုများ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ဗြိတိန်၌ အခြေစိုက်ထားသည့် အစိုးရမဟုတ်သောအဖွဲ့အစည်း Save The Children က ဆီးရီးယားနိုင်ငံအတွင်း ပြီးခဲ့သည့် ရက်သတ္တပတ် လေးပတ်အတွင်း လုပ်ဆောင်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုများနှင့်အခြားသော ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ကလေးငယ် ၃၃ ဦးထက်မနည်း သေဆုံးသွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါကိန်းဂဏန်းသည် ယခင်နှစ်က သေဆုံးသွားသည့် ကလေးငယ် အရေအတွက်ထက် ပိုများလာကြောင်း သိရသည်။**အင်န်အိတ်ချ်ကေ**



အပျက်အစီးများကြားတွင် ပိတ်မိနေသည့် ကလေးငယ်တစ်ဦးက ၎င်း၏ညီမဖြစ်သူပြုတ်ကျမသွားစေရန် ဖမ်းဆွဲထားသည်ကို တွေ့ရစဉ်။



ရေလွှမ်းမိုးမှုကြောင့် ပိတ်မိနေသည့် ရထားတွဲပေါ်မှ ခရီးသည်များကို ကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

# အိန္ဒိယနိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် ပိတ်မိနေသည့် ရထားတစ်စင်းပေါ်မှ ခရီးသည် ၁၀၀၀ ကျော်ကို ကယ်ဆယ်

**နယူးဒေလီ ဇူလိုင် ၂၈**

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ရှိ ဗန်ကာနီမြို့နယ်အနီးတွင် မဟာလက်ချမီ ခရီးသည် တင်ရထားတစ်စင်းသည် ဇူလိုင် ၂၆ ရက်က ရေလွှမ်းမိုးမှုအတွင်း ပိတ်မိနေခဲ့ရာ ရထားပေါ်မှ ခရီးသည်များကို ကယ်ဆယ်ရန် ရဟတ်ယာဉ်များ၊ လှေများနှင့် ရေငုပ်အဖွဲ့သားများကို အိန္ဒိယအာဏာပိုင်များက ကယ်ဆယ်ရေးဆောင်ရွက်ရန် စေလွှတ်ခဲ့သည်။

**၁၅ နာရီစာအတွက် အစာနှင့် ရေမရှိ**

ခရီးသည်များသည် ရထားတွဲများပေါ်တွင် ဆက်နေရန် ညွှန်ကြားခြင်းခံရသော်လည်း ၁၅ နာရီစာအတွက် အစာနှင့် ရေမရှိတော့ကြောင်း ခရီးသည်များက အိုင်အေအန်အက်စ် သတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။ တောင်အာရှဒေသ၌ ရက်သတ္တပတ်များစွာကြာအောင် မုတ်သုံမိုးရွာသွန်းခဲ့မှုကြောင့် သေဆုံးသူ ၆၀၀ ကျော်ရှိခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

**ဘေးကင်းရာသို့ ရွှေ့ပြောင်း**

ရထားပို့ဆောင်ရေး ဆောင်ရွက်သည့် Central Railway ကုမ္ပဏီက ကိုယ်ဝန်ဆောင်အမျိုးသမီး ကိုးဦးအပါအဝင် ခရီးသည်များအားလုံးကို ကယ်ဆယ်ကာ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ခရီးသည်များအား အလှည့်ကျ ခရီးစဉ် ပို့ဆောင်ပေးရန် စီစဉ်ထားကြောင်းကိုလည်း ရထားပို့ဆောင်ရေးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**ခရီးစဉ် ၁၁ ခု ဖျက်သိမ်းခဲ့ရ**

ယခုရက်သတ္တပတ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်ရေ လျှံမှုများဖြစ်ပေါ်ခဲ့ပြီး အနီးအနားရှိ ဘက်ဒလာပါ၊ အာလ်ဟာစ်နာဂါနှင့် ဗန်ဂါ နီမြို့များရှိ ဧရိယာအများစု ရေလွှမ်းမိုးခံခဲ့ရသည်။ မွမ်ဘိုင်းမြို့တွင်ဖြစ်ပွားသည့် ရေလွှမ်းမိုးမှုကြောင့် သယ်ယူပို့ဆောင် ရေးလုပ်ငန်းများ ထိခိုက်ခဲ့ပြီး လေကြောင်း ခရီးစဉ် ၁၁ ခု ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# ကမ္ဘောဒီးယားရှိ ရေတပ်စခန်းကို တရုတ်နိုင်ငံအား အသုံးပြုခွင့်ပေးမည်ဆိုခြင်းမှာ မဟုတ်ကြောင်း ကမ္ဘောဒီးယားအာဏာပိုင်များ ငြင်းဆို

**ဖနောင်ပင် ဇူလိုင် ၂၈**

ကမ္ဘောဒီးယားနိုင်ငံရှိမဟာဗျူဟာကျသည့် ရေတပ်အခြေစိုက်စခန်းတစ်ခုကိုတရုတ်သင်္ဘောများအား ဆိုက်ကပ်ခွင့်ပြုရန် လျှို့ဝှက်သဘောတူစာချုပ်ချုပ်ဆိုခဲ့သည်ဟု ထွက်ပေါ်လာသောသတင်းများကို ကမ္ဘောဒီးယားအစိုးရက ငြင်းဆန်ခဲ့ပြီးအဆိုပါရေတပ်စခန်းသို့ မီဒီယာများအတွက်လေ့လာရေးခရီးစဉ်တစ်ခုကိုဇူလိုင် ၂၆ ရက်တွင် စီစဉ်ပေးခဲ့ကြောင်း သိရသည်။

Ream ရေတပ်အခြေစိုက်စခန်းသည် တောင်တရုတ်ပင်လယ်သို့ အလွယ်တကူသွားရောက်နိုင်သည့် ထိုင်းပင်လယ်ကွေ့တွင် တည်ရှိပြီးအဆိုပါရေတပ်စခန်းတွင် တရုတ်နိုင်ငံမှ စစ်သင်္ဘောများဆိုက်ကပ်ခွင့်နှင့် လက်နက်များထားရှိရန် တရုတ်အစိုးရနှင့် ကမ္ဘောဒီးယားအစိုးရတို့အကြား လျှို့ဝှက်သဘောတူညီမှုရရှိခဲ့ကြောင်း ဝေါစထရိဂျာနယ်က ယခုရက်ပိုင်းအတွင်း ဖော်ပြခဲ့သည်။

ကမ္ဘောဒီးယားအစိုးရသည် မီဒီယာလေ့လာရေးခရီးစဉ်အတွင်း သတင်းထောက်များကို ဖနောင်ပင်မြို့မှ Ream ရေတပ်အခြေစိုက်စခန်းသို့ ခေါ်ဆောင်သွားခဲ့ပြီး တရုတ်စစ်အခြေစိုက်စခန်းနှင့် ဆက်စပ်သည့် အရာများ မရှိကြောင်းပြသခဲ့သည်။ စွပ်စွဲထားမှုများနှင့်ပတ်သက်၍ ဖုံးကွယ်ထားသည့်အရာမရှိကြောင်းနှင့် အကယ်၍ တရုတ်သင်္ဘောများက ကမ္ဘောဒီးယားရေတပ်အခြေစိုက်စခန်းကိုအသုံးပြုခဲ့မည်ဆိုပါက ဂြိုဟ်တုပုံရိပ်များမှ ဖမ်းယူရရှိမှုများက အမြန်ဆုံးအတည်ပြုပေးလိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနပြောဆိုခွင့်ရပုဂ္ဂိုလ် Chhum Socheat က ပြောကြားခဲ့သည်။ **စထရိတ်တိုင်းမ်**



Ream ရေတပ်အခြေစိုက်စခန်းရှိကင်းလှည့်သင်္ဘောအနီးတွင် တပ်ဖွဲ့ဝင်များ စောင့်ကြပ်နေစဉ်။

# တောင်ကိုရီးယား နိုက်ကလပ်တစ်ခုပြိုကျမှု နှစ်ဦးသေဆုံး၊ ၁၇ ဦးဒဏ်ရာရရှိ

**ဆိုးလ် ဇူလိုင် ၂၈**

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း ဂွမ်ဂျူမြို့တွင် နိုက်ကလပ်တစ်ခုထပ်ခိုးပြိုကျမှုကြောင့် တောင်ကိုရီးယားနိုင်ငံသားနှစ်ဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဒဏ်ရာရရှိသူများတွင် အားကစားသမားကိုးဦးနှင့် အခြားရှစ်ဦးပါဝင်ကြောင်းသိရသည်။ နိုက်ကလပ်ထပ်ခိုးပြိုကျမှုဖြစ်ပွားချိန်သည် ဂွမ်ဂျူမြို့၌ (၁၈)ကြိမ်မြောက် ကမ္ဘာ့ရေကူးချန်ပီယံရှစ်ပြိုင်ပွဲကျင်းပနေချိန် ဖြစ်သည်။ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းတွင် ထပ်ခိုးပြိုကျခဲ့ ခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံသားနှစ်ဦး သေဆုံးသွားကြောင်း ဂွမ်ဂျူမီးသတ်ဌာနက ပြောကြားသည်။

အဆိုပါရေကူးပြိုင်ပွဲလာရောက်ယှဉ်ပြိုင်သည့် အားကစားသမားကိုးဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြသည်။ ရေကူးအားကစားသမားများမှာအမေရိကန်နိုင်ငံသားလေးဦး၊ နယူးဇီလန်နိုင်ငံသားနှစ်ဦး၊ ဒတ်ချ်တစ်ဦး၊ အီတလီနိုင်ငံသားတစ်ဦးနှင့် ဘရာဇီးနိုင်ငံသားတစ်ဦးတို့ဖြစ်ပြီး ၎င်းတို့ထဲတွင် ခြောက်ဦးမှာ အမျိုးသမီးများဖြစ်ကြသည်။

အခင်းဖြစ်ပွားချိန်တွင် နိုက်ကလပ်အတွင်း၌ လူရာနှင့်ချီရှိနေခဲ့သည်ဟုဆိုသည်။ နိုက်ကလပ်ထပ်ခိုး ပြိုကျမှုဖြစ်ပွားပြီးနောက် နိုက်ကလပ်ပိုင်ရှင်များကို ဖမ်းဆီးထားပြီး နိုက်ကလပ်အုပ်ချုပ်ရေးအဖွဲ့ဝင် သုံးဦးကိုလည်း ခေါ်ထားကြောင်းသိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အပါချီ တိုက်ခိုက်ရေးရဟတ်ယာဉ် ပထမအသုတ် အိန္ဒိယသို့ရောက်ရှိ

**နယူးဒေလီ ဇူလိုင် ၂၈**
အမေရိကန် လေကြောင်းကုမ္ပဏီကြီးဖြစ်သည့် ဘိုးရင်းသည် အိန္ဒိယလေတပ်မှ မှာယူထားသည့် အပါချီတိုက်ခိုက်ရေးရဟတ်ယာဉ် ၂၂ စင်းအနက် လေးစင်းကို ပထမအသုတ်အဖြစ် ပေးပို့ခဲ့ကြောင်း လေတပ်ဖွဲ့အာဏာပိုင်များက ပြောကြားခဲ့သည်။

ဘိုးရင်း အေအိတ်ချ် ၆၄အီး အပါချီ ရဟတ်ယာဉ်ပထမအသုတ် အိန္ဒိယနိုင်ငံသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး အဆိုပါတိုက်ခိုက်ရေးရဟတ်ယာဉ်များသည် အိန္ဒိယလေတပ်ဖွဲ့ကို သိသာထင်ရှားသည့် တိုက်ခိုက်ရေးဆိုင်ရာ စွမ်းဆောင်ရည်များ ပေးစွမ်းနိုင်လိမ့်မည်ဖြစ်ကြောင်း ဘိုးရင်းအိန္ဒိယ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

နောက်ဆုံးနည်းပညာများ ထည့်သွင်းထားသည့် အပါချီတိုက်ခိုက်ရေးရဟတ်ယာဉ်များပို့ဆောင်မှုကို ဂါဇီယာဘက်ရှိ ဟင်ဒီလေတပ်အခြေစိုက်စခန်းတွင်ပြုလုပ်ခဲ့သည်။ အမေရိကန်နှင့် အိန္ဒိယနှစ်နိုင်ငံအကြား ဒေါ်လာဘီလီယံများစွာ တန်ကြေးရှိသည့် စာချုပ်ချုပ်ဆိုခဲ့ပြီးနောက် လေးနှစ်အကြာတွင် တိုက်ခိုက်ရေးရဟတ်ယာဉ်များကို ပို့ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### လိုအပ်လာပါက ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ ပြုလုပ်မည်ဟု အီရန်ပြော

**တီဟီရန် ဇူလိုင် ၂၈**
အီရန်နိုင်ငံသည် လိုအပ်လာလျှင် ဒုံးကျည်များကို စမ်းသပ်ပစ်ခတ်မည်ဖြစ်ကြောင်း အီရန်စစ်ဘက်ဆိုင်ရာသတင်းရင်းမြစ်တစ်ခုက တရားဝင် အိုင်အာအန်အေ သတင်းအေဂျင်စီသို့ စနေနေ့က ပြောကြားခဲ့သည်။

ဒုံးကျည်စမ်းသပ်မှုများကို ဆောင်ရွက်ရန်ရှိမရှိမှာ အီရန်၏ အစီအစဉ်နှင့် လိုအပ်ချက်များအပေါ် အခြေခံကြောင်း အဆိုပါ သတင်းရင်းမြစ်ကပြောကြားခဲ့မှုကို ကိုးကားလျက် အိုင်အာအန်အေ သတင်း အေဂျင်စီကဖော်ပြသည်။အီရန်၏ ဒုံးကျည်များမှာ ကာကွယ်ရေးအတွက်သာဖြစ်ပြီး မည်သည့်နိုင်ငံကိုမျှ တိုက်ခိုက်ရန်မဟုတ်ကြောင်းနှင့် အီရန်၏ နယ်နိမိတ်ကို ကျူးကျော်လာနိုင်သည့်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန်ရည်ရွယ်ထားကြောင်း အဆိုပါသတင်းရင်းမြစ်က ပြောကြားသည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က တာလတ်ပစ် ဒုံးကျည်တစ်စင်းကို အီရန်က စမ်းသပ်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း အမေရိကန်က မကြာသေးမီက ဖော်ပြခဲ့မှုကို တုံ့ပြန်သည့်အနေဖြင့် အီရန်စစ်ဘက်သတင်းရင်းမြစ်တစ်ခုက ထိုသို့ပြောကြားလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဘရီးဇစ်အရေးသတိထားလုပ်ဆောင်ဖို့ ဥရောပမိတ်ဖက်တွေ ဗြိတိန်ဝန်ကြီးချုပ်ကိုသတိပေး

**ကလျာမိုးမြင့်**



ပထမဆုံးအကြိမ် ဝန်ကြီးများအဖွဲ့အစည်းအဝေးတွင် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်ကို အစိုးရအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်။

**ဗြိတိန်ဝန်ကြီးချုပ်သစ်ဖြစ်လာတဲ့ မစ္စတာ ဘောရစ် ဂျွန်ဆင်ရဲ့ သဘောထားတင်းမာတဲ့ ဘရီးဇစ် မူဝါဒဟာ ဗြိတိန်ကို ဥရောပသမဂ္ဂနဲ့ ပွတ်တိုက်မှုဖြစ်လာစေတယ်လို့ ဗြိတိန်ရဲ့ဥရောပမိတ်ဖက်တွေက ယခုရက်ပိုင်းအတွင်းမှာ သတိပေးမှုတွေ ပြုလုပ်လာခဲ့ပြီး ဝန်ကြီးချုပ်ဂျွန်ဆင်အနေနဲ့ တမင်ရန်ဆွတဲ့ အပြုအမူမျိုးမလုပ်ဖို့ တိုက်တွန်းခဲ့ကြပါတယ်။**

### ပြန်ညှိနှိုင်းမယ်

လတ်တလောမှာ မစ္စတာဂျွန်ဆင်ဟာ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နဲ့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်တို့နဲ့ လာမယ့်ရက်သတ္တပတ်အတွင်း တွေ့ဆုံဆွေးနွေးဖို့ စီစဉ်နေပါတယ်။ မစ္စတာဂျွန်ဆင်က ဗြိတိန်ရဲ့ခွဲထွက်ရေး သဘောတူညီမှုကို ဥရောပသမဂ္ဂနဲ့ ပြန်ပြီးညှိနှိုင်းသွားမယ်လို့လည်း အခိုင်အမာပြောဆိုထားသူဖြစ်ပါတယ်။

မစ္စတာဂျွန်ဆင်ရဲ့ဥရောပသမဂ္ဂကို ဆန့်ကျင်တဲ့ သဘောထားရပ်တည်ချက်နဲ့ပတ်သက်ပြီး သတိထားတဲ့အနေနဲ့ ဥရောပဆိုင်ရာ ပြင်သစ်ဝန်ကြီး အာမီလီဒီ မွန်ချာလင်က ဗြိတိန်ရဲ့ ခေါင်းဆောင်သစ်ကို ဥရောပမှာ ၎င်းရဲ့မိတ်ဖက်နိုင်ငံတွေနဲ့ အလုပ်သဘောဆိုင်ရာ ရင်းနှီးဆက်ဆံမှုတစ်ရပ်ထူထောင်ဖို့ရာ တိုက်တွန်းလျက်ရှိပါတယ်။ ကျွန်ုပ်တို့အနေနဲ့ ကိုယ့်ဘက်ကနေကိုယ်တာဝန်ကျေအောင်လုပ်ဖို့ လိုအပ်တယ်လို့ ၎င်းက France 2 ရုပ်မြင်သံကြားမှတစ်ဆင့် ပြောကြားခဲ့ပါတယ်။

### အရေးပါသူဖြစ်လာနိုင်

ဘရီးဇစ်အရေး ညှိနှိုင်းဆွေးနွေးမှုတွေအတွင်းမှာ မကောင်းတဲ့သူတစ်ဦးအဖြစ် သတ်မှတ်ခံရတာကို နှစ်သက်တယ်လို့ ပြောခဲ့တဲ့ သမ္မတမက်ခရွန်ဟာ မကြာမီအချိန်အတွင်းမှာပြုလုပ်မယ့် ပရိယာယ်များပြီး ဒေါသထွက်စရာဖြစ်လာနိုင်တဲ့ ဆွေးနွေးပွဲတွေမှာ အဓိကကျတဲ့သူတစ်ဦးဖြစ်လာတော့မှာဖြစ်တယ်လို့ လေ့လာသူတွေက ဆိုပါတယ်။

ညှိနှိုင်းဆွေးနွေးမှုတွေအတွင်း ပြင်သစ်သမ္မတမက်ခရွန်ဟာ သဘောထားရပ်တည်ချက် အခိုင်မာဆုံး ဥရောပခေါင်းဆောင်တွေထဲက တစ်ယောက်ဖြစ်ခဲ့တယ်လို့ ဘရီးဇစ်အရေးနဲ့ ပတ်သက်ပြီး ကျွမ်းကျင်သူ နိုင်ငံရေးဆိုင်ရာ အကြံပေးအဖွဲ့မှ ဗီဗီယန် ပါတူစွန်က သုံးသပ်ထားပါတယ်။ မက်ခရွန်ရဲ့လက်ထဲမှာရှိတဲ့ ဘယ်အရာကိုမှ အတင်းလုပ်ဆောင်လို့မရသလို သူ့ရဲ့သဘောထားကလည်း ဘယ်နည်းနဲ့မှ ပျော့ပျောင်းလာစရာအကြောင်းမရှိဘူး။ မကြာခင်လုပ်ဆောင်မယ့် ညှိနှိုင်းဆွေးနွေးမှုတွေဖြစ်လာနိုင်ပြီး စိတ်ဝင်တစားစောင့်ကြည့်ရမယ်လို့ ၎င်းက ဆိုပါတယ်။

### ဖိတ်ကြားချက်ကိုလက်ခံ

ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေကြားမှာ ပိုမိုနက်ရှိုင်းတဲ့ ဆက်ဆံရေးဖြစ်စေဖို့ ကြိုးပမ်းလိုတဲ့ မက်ခရွန်က ဘရီးဇစ်အရေးမှာ ဗြိတိန်ဟာ ကိုယ့်ကိုယ်ကိုယ် ထိခိုက်နစ်နာအောင် လုပ်ဆောင်နေတဲ့အပြုအမူတစ်ခုလို့ ရှုမြင်နေပြီး ၎င်းဟာ ယခင်ကတည်းကလည်း မစ္စတာဂျွန်ဆင်ကို ပုဂ္ဂိုလ်ရေးအရ အတော်လေးဝေဖန်ခဲ့တဲ့သူတစ်ယောက်ပါ။

မက်ခရွန်နဲ့ ဂျွန်ဆင်တို့ရဲ့တွေ့ဆုံဆွေးနွေးမယ့် အချိန်ကာလနဲ့ပတ်သက်လို့ တိတိကျကျမရှိသေးပါဘူး။ပြီးတော့ ဗြိတိန်ဝန်ကြီးချုပ်ဟာ လာမယ့် ဩဂုတ် ၂၄ ရက်ကနေ ၂၆ ရက်အထိ Biarritz မှာ ပြုလုပ်မယ့် ဖွံ့ဖြိုးပြီးနိုင်ငံများရဲ့ ဂျီ ၇ ဆွေးနွေးပွဲတက်ရောက်ဖို့အတွက် ပြင်သစ်နိုင်ငံကို သွားရောက်ဖို့ရှိပါတယ်။ ဘာလင်သို့ အလည်အပတ်လာရောက်ဖို့ ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ထံက ဖိတ်ကြားချက်ကိုတော့ မစ္စတာဂျွန်ဆင်က လက်ခံလိုက်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ်ရုံးက ပြောကြားခဲ့ပါတယ်။

### ပယ်ချခံရ

မစ္စတာဂျွန်ဆင်အနေနဲ့ ၎င်းမတိုင်မီ အရင်ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေ လွန်ခဲ့သော နှစ်နှစ်အကြာက မူကြမ်းရေးဆွဲခဲ့တဲ့ ခွဲထွက်ရေးသဘောတူစာချုပ်နဲ့ပတ်သက်ပြီး ပြန်လည်ညှိနှိုင်းချင်တယ်လို့ ဆိုထားပါတယ်။အဲဒီမူကြမ်းဟာ ပါလီမန်လွှတ်တော်အတွင်းမှာ ဗြိတိန်ပါလီမန်အဖွဲ့ဝင်တွေရဲ့ သုံးကြိမ်တိုင်တိုင်ပယ်ချခံခဲ့ရပါတယ်။

ဥရောပကနေ ဗြိတိန်ထွက်ဖို့ နောက်ဆုံးသတ်မှတ်ရက်ဟာ အောက်တိုဘာ ၃၁ရက်ဖြစ်ပြီး အကယ်၍ ဒီကြားထဲမှာ ပြန်လည်ညှိနှိုင်းဆွေးနွေးမှုအသစ်တွေကို ငြင်းပယ်ခံရဦးမယ်ဆိုရင် ဗြိတိန်အနေနဲ့ သဘောတူညီချက်မရလည်း ဒီအတိုင်း နုတ်ထွက်တော့မယ်လို့ ကြိမ်းဝါးထားတဲ့သူဖြစ်ပါတယ်။ တစ်ဖက်မှာ သဘောတူညီမှုတစ်ခုရဖို့ အင်တိုက်အားတိုက် ကြိုးပမ်းနေမှာဖြစ်သလို ဗြိတိန်အနေနဲ့ အောက်တိုဘာ ၃၁ ရက်မှာ သဘောတူညီချက်မဲ့ နုတ်ထွက်ဖို့လည်း အပြည့်အဝပြင်ဆင်ထားမှာဖြစ်တယ်လို့ ၎င်းက ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်ကို ပြောကြားခဲ့ပါတယ်။

### ခြိမ်းခြောက်

အိုင်ယာလန်ဝန်ကြီးချုပ် လီယိုဗာရက်ကာက ခက်ခဲတဲ့ ဗြိတိန်နုတ်ထွက်မှုဟာ ဗြိတိန်အတွင်းမှာရှိနေတဲ့ မြောက်ပိုင်းအိုင်ယာလန်နဲ့ စကော့တလန်ရဲ့တည်ရှိမှုကို ခြိမ်းခြောက်လာနိုင်တယ်လို့ သတိပေးခဲ့ပါတယ်။

မြောက်ပိုင်း အိုင်ယာလန်အရေးကိစ္စဟာ ဘရီးဇစ်အရေး ဆွေးနွေးရာမှာ သဘောတူညီမှုရဖို့ ခက်ခဲနေတဲ့ အကြောင်းတစ်ခုဖြစ်ပါတယ်။ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်တဲ့ အိုင်ယာလန်သမ္မတနိုင်ငံနဲ့ ဗြိတိန်နယ်နိမိတ်အတွင်းမှာရှိတဲ့ မြောက်ပိုင်းအိုင်ယာလန်အကြားမှာ နယ်စပ်တစ်လျှောက် မိုင်ပေါင်း ၃၁၀ ရှည်လျားပြီး အဲဒီနယ်စပ်ကိစ္စကို ၂၀၁၆ ခုနှစ် ဘရီးဇစ်အတွက် မဲပေးခဲ့သည့် အချိန်တုန်းက ပြဿနာကြီးတစ်ခုဖြစ်လာမယ်လို့ ထည့်မစဉ်းစား မိခဲ့ကြပါဘူး။

ဗြိတိန်သာမက အီးယူအဖွဲ့ဝင်ဖြစ်တဲ့ အိုင်ယာလန်ကပါ ၎င်းတို့ရဲ့နယ်စပ်မှ စစ်ဆေးရေးဂိတ်တွေ၊ အကောက်ခွန်ဂိတ်တွေ၊ လုံခြုံရေးကင်မရာတွေ မထားရှိလိုပါဘူး။ဒါတွေထားရှိခြင်းက နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှုနဲ့ ပြည်သူတွေသွားလာမှုကို အဟန့်အတားတွေဖြစ်လာမယ့်အရေးကို စိုးရိမ်ရလို့ဖြစ်ပါတယ်။

### ပွတ်တိုက်မှု

အိုင်ယာလန် နိုင်ငံခြားရေးဝန်ကြီး ဆိုင်မွန်ကိုဗီနေးကတော့ မစ္စတာဂျွန်ဆင်ဟာ ဘရီးဇစ်အရေး ညှိနှိုင်းမှုတွေနဲ့ပတ်သက်ပြီး ဗြိတိန်ကို ဥရောပသမဂ္ဂနဲ့ပွတ်တိုက်မှုဖြစ်အောင် လုပ်ဆောင်ရာ ရောက်နေတယ်လို့ ယခုရက်ပိုင်းအတွင်း သတိပေးခဲ့ ပါတယ်။ ဒါက ဥရောပသမဂ္ဂနဲ့သာမက အိုင်ယာလန်နဲ့ ဆက်ဆံရေးကိုပါ ပွတ်တိုက်မှု ဖြစ်စေတယ်လို့ ၎င်းက ဆိုထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒေါင်းနင်းလမ်းကတော့ သဘောတူညီချက်မဲ့ နုတ်ထွက်ရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ဖို့အတွက် နောက်ထပ် ရန်ပုံငွေတောင်းခံမှုတွေလုပ်ဆောင်ဖို့ သက်ဆိုင်ရာဌာနတွေကို အမိန့်ထုတ်လိုက်ပြီဖြစ်ပါတယ်။

### စက်မှုလုပ်ငန်းတွေကို ခြိမ်းခြောက်နိုင်

ဒီတော့ ဗြိတိန်နုတ်ထွက်ဖို့ကျန်ရှိတဲ့ သုံးလဆိုတဲ့အချိန်ကာလနဲ့အတူ တချို့သောစက်မှုလုပ်ငန်းစုတွေဟာ သဘောတူညီချက်မရှိဘဲ နုတ်ထွက်မှာကို ပိုမိုစိုးရိမ်လာနေကြပါတယ်။ မော်တော်ကားထုတ်လုပ်ရေး လုပ်ငန်းအဖွဲ့အစည်းက ပြီးခဲ့တဲ့သောကြာနေ့က မစ္စတာဂျွန်ဆင်ဆီ ပေးပို့ခဲ့တဲ့ စာတစ်စောင်မှာ သဘောတူညီချက်မရှိဘဲ နုတ်ထွက်တာဟာ ၎င်းတို့ရဲ့ စက်မှုလုပ်ငန်းတွေရဲ့ ရပ်တည်မှုကို ခြိမ်းခြောက်လာနိုင်သလို ဒါကရွေးချယ်ရမယ့် နည်းလမ်းတစ်ခုလည်းမဟုတ်ဘူးလို့ သတိပေးထားပါတယ်။

ဘရီးဇစ်အရေးနဲ့ပတ်သက်ပြီး ဗြိတိန်ဝန်ကြီးချုပ် မစ္စတာဘောရစ်ဂျွန်ဆင်ရဲ့ သဘောထားတင်းမာတဲ့ ရပ်တည်ချက်ဟာဆိုရင်ဖြင့် ၎င်းရဲ့ ဥရောပသမဂ္ဂမိတ်ဖက်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်တွေ့မယ့် အခြေအနေတစ်ခုကို ဖန်တီးနေတယ်ဆိုတဲ့ သတိပေးချက်တွေကို ပေါ်ထွက်လာစေခဲ့သလို သတိကြီးကြီးထားရမယ့် အချိန်အခါလို့ ဆိုရမှာဖြစ်ပါကြောင်း။ ။

**ကိုးကား- သည်ဂါဒီယန်၊ အေအက်ဖ်ပီ**

> "အကယ်၍ ဒီကြားထဲမှာ ပြန်လည်ညှိနှိုင်းဆွေးနွေးမှုအသစ်တွေကို ငြင်းပယ်ခံရဦးမယ်ဆိုရင် ဗြိတိန်အနေနဲ့ သဘောတူညီချက်မရလည်း ဒီအတိုင်း နုတ်ထွက်တော့မယ်လို့ ကြိမ်းဝါးထားတဲ့သူဖြစ်ပါတယ်"

## ရှမ်းမငယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်

**မိတ္ထီလာ ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရှမ်းမငယ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဆင့်တိုးမြှင့် ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ယင်းကျောင်းမှုခ်ဦး ဆိုင်းဘုတ်ရှေ့၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အခြေခံပညာအလယ်တန်းကျောင်းဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် အခြေခံပညာကစပြီး ကောင်းမွန်သည့်အလေ့အကျင့်၊ ကောင်းမွန်သည့် သင်ယူမှုများ သင်ကြားတတ်မြောက်သွားပြီဆိုလျှင် အဆင့်မြင့်ပညာရောက်ရှိပြီး အဆင့်မြင့်ပညာမှာ တတ်ကျွမ်းသည့်ပညာရပ်များနှင့် ဝန်ထမ်းဘဝခံယူပြီး နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်လာမည်ဖြစ်ကြောင်း၊ သို့မှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အခြေခံပညာသည် နိုင်ငံအတွက်အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ဆရာဆရာမများနှင့်အတူ ကျောင်းသားမိဘများက ဝိုင်းဝန်းပူးပေါင်းကူညီ၍ ဆောင်ရွက်သွားမည်ဆိုပါက အရည်အသွေးပြည့်ဝသည့်ကျောင်း၊ စည်းကမ်းပြည့်ဝသည့်ကျောင်းဖြစ်လာပြီဆိုလျှင် နောင်နှစ်နှစ်၊ သုံးနှစ်ကြာလျှင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ အခြေခံပညာအလယ်တန်းကျောင်းသို့ ရှမ်းမငယ်တိုက်နယ်အတွင်းရှိ ညောင်လည်၊ ဂုတ်ကုန်း၊ သပြေကုန်း၊ အတက်မြင့်၊ ငွေးကုန်း၊ ဝါးရုံစု၊ ကံဦး၊ သစ်ဆိမ့်ပင်၊ သီးပင်ခင်၊ ညောင်ကန်းကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၂၅၅ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



ကျောင်းအဆင့်တိုးမြှင့်ပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင် ကျန်းမာရေးဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

## ရွှေဘိုမြို့တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဆောက်လုပ်နေမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**ရွှေဘို ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် ကွင်းအမှတ် ၂၀၀၀ ရှိ မြေ ငါးဧကပေါ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဆောက်လုပ်နေမှုကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သွားရောက်စစ်ဆေးပြီး သတ်မှတ်ကာလပြီးစီးအောင်ဆောင်ရွက်ရေး တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် တင်ဒါခေါ်ယူပြီး သုံးထပ်အုပ်ချုပ် ရေးဆောင်နှင့် စာသင်ဆောင်ဆောက်လုပ်ခြင်းကို သရဖူဦး ကုမ္ပဏီမှ ငွေကျပ် ၈၅၆ ဒသမ ၉ သန်းဖြင့်လည်းကောင်း၊ ကျောင်းအုပ်ကြီးနေအိမ် နှစ်ထပ်၊ ဝန်ထမ်းအိမ်ရာ သုံးထပ်ဆောက်လုပ်ခြင်းကို ရွှေမြင့်မိုရ်တောင်ကုမ္ပဏီမှ ကျပ်သန်း ၁၉၉ ဒသမ ၈၀ဖြင့်လည်းကောင်း၊ ကျောင်းအုပ်နှင့် သင်ကြားရေးဆရာများနေအိမ် သုံးထပ်ဆောက်လုပ်ခြင်းကို Royal Nine ကုမ္ပဏီမှ ငွေကျပ်သန်း ၂၆၄ ဒသမ ၅၀ဖြင့်လည်းကောင်း ၊ ထမင်းစားဆောင် သုံးထပ်နှင့် စားဖိုဆောင် ဆောက်လုပ်ခြင်းကို Radiant Pole Star ကုမ္ပဏီမှ ငွေကျပ် ၅၄၁ ဒသမ ၁၀ သန်းဖြင့်လည်းကောင်း၊ သင်တန်းသူအိပ်ဆောင် သုံးထပ်ဆောင်၊ ဂိတ်တဲ၊ ညှိတွေ့ဆောင်၊ Pump House နှစ်ခု ၊ Ground Tank နှစ်ခု၊ လေးလက်မ အဝီစိတွင်း နှစ်တွင်း၊ အုပ်ချုပ်ရေးဆောင်ရှေ့ကားပတ်လမ်းနှင့် သင်တန်းကျောင်းပတ်လည်ကားပတ်လမ်း ပြုလုပ်ခြင်းကို Lion Gold ကုမ္ပဏီမှ ကျပ်သန်း၇၀၉ ဒသမ ၀၀ ဖြင့်လည်းကောင်း၊ သင်တန်းသူအိပ်ဆောင် သုံးထပ်၊ ကားပါကင်၊ ထရန်စဖော်မာကေဗွီအေ ခြောက်လက်မ ပတ်လည်တိုင် အပါအဝင် ခြံစည်းရိုးပတ်လည် အုတ်တံတိုင်းတံခါးမကြီး နှစ်ပေါက်ပြုလုပ်ခြင်းတို့ကို အားမာန်ဟိတ်ဏ်း ကုမ္ပဏီမှ ကျပ်သန်း၇၂၅ ဒသမ ၉၀ ဖြင့်လည်းကောင်း ဆောက် လုပ်လျက်ရှိသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က တင်ဒါအောင်သော ကုမ္ပဏီခြောက်ခုမှ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ခံအင်ဂျင်နီယာများနှင့် တွေ့ဆုံ၍ အခက်အခဲများ တင်ပြရန်၊ အဆောက်အအုံများ အရည်အသွေးပြည့်မီရေးနှင့် အောက်တိုဘာလကုန် အပြီးဆောင်ရွက်သွားရန် မှာကြားခဲ့သည်။ ယခုသင်တန်းကျောင်းကို နိုဝင်ဘာ ၁၅ ရက်တွင် ပထမနှစ်သင်တန်းသူ ၈၀ လက်ခံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စုစုပေါင်းသင်တန်းသူဦးရေ ၂၄၀ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(ကုန်းဘောင်)**



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ရွှေဘိုမြို့သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးချုပ် လိုက်လံကြည့်ရှု

**ကော့သောင်း ဇူလိုင် ၂၈**

ကော့သောင်းမြို့တွင်ရောက်ရှိနေသည့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကော့သောင်းခရိုင်အတွင်းဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇူလိုင် ၂၆ ရက်က ကော့သောင်းမြို့ ခုတင် ၁၀၀ ဆေးရုံဝင်းအတွင်းတည်ဆောက်လျက်ရှိသည့် လေးခန်းတွဲ လေးထပ်ကျန်းမာရေးဝန်ထမ်းအိမ်ရာဆောက်လုပ်နေမှု အခြေအနေနှင့် ဆောက်လုပ်ပြီးစီးနေပြီဖြစ်သည့် သုံးထပ်ကျန်းမာရေးဝန်ထမ်းအိမ်ရာ၊ CT Scan ထားရှိမည့် အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဘုတ်ပြင်းမြို့သို့ ရောက်ရှိပြီး ကျန်းမာရေးဦးစီးဌာနခွဲစိတ်ခန်းနှစ်ခန်းပါ တိုးချဲ့နှစ်ထပ်ဆေးရုံ အဆောက်အအုံ၊ အာစီတစ်ထပ်ဆေးသိုလှောင်ရုံ အဆောက်အအုံနှင့် လေးခန်းတွဲလေးထပ် ကျန်းမာရေးဝန်ထမ်းအိမ်ရာ အဆောက်အအုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများစံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေး တာဝန်ရှိသူများအား မှာကြားသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဇူလိုင် ၂၇ ရက်က တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၃)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဘုတ်ပြင်း-အုန်းတောကမ်းတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တည်ဆောက်လျက်ရှိသည့် ဘုတ်ပြင်းမြို့နယ် ဟန်ကပြု- ရွာဟောင်းလူလမ်းပေါ်ရှိ (၁၀၀ × ၁၄)ပေ သံကူကွန်ကရစ်တံတားတည်ဆောက် ပြီးစီးမှုအခြေအနေနှင့် ယနေ့နံနက်ပိုင်းက ၅၂ မိုင် ချောင်းဖျားကြီးကျေးရွာ ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်သွားလာနိုင်မည့် ချောင်းဖျားကြီး-သဲတန်း-အောင်မြန်မာကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်မှု လုပ်ငန်းခွင်တို့သို့ ရောက်ရှိပြီး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

## ဖားကန့်၌ အသေးစားသတ္တုတူးဖော်ရေးလုပ်ငန်းများ ချထားပေးနိုင်ရေး လုပ်ငန်းဆိုင်ရာများရှင်းလင်း

**ဖားကန့် ဇူလိုင် ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်း အသေးစားသတ္တုတူးဖော်ရေးလုပ်ငန်းများ စိစစ်ချထားပေးနိုင်ရေးအတွက် ပြည်နယ်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဒါရှီလဆိုင်း ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်ရွှေလုပ်ငန်းရှင်များအသင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိ/ရပ်ဖများနှင့် လုပ်ငန်းဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

ဖားကန့်မြို့နယ်အတွင်း အသေးစားရွှေတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရန် တရားဝင်တင်ပြတောင်းခံထားသည့်လုပ်ငန်းပေါင်း ၄၀ ကျော်ခန့်ရှိပြီး ဥပဒေနှင့်အညီ စိစစ်ချထားပေးနိုင်ရေး၊ တရားမဝင်တူးဖော်နေမှုများအား တရားဝင်ဥပဒေနှင့်ထိန်းချုပ်၍ စနစ်တကျတူးဖော်လုပ်ကိုင်စေခြင်း၊ ဒေသခံများအလုပ်အကိုင်အခွင့်အလမ်း တိုးပွားစေရေးတို့အတွက် မြို့နယ်ရွှေလုပ်ငန်းရှင်များအသင်းနှင့်တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ရှင်းလင်းရခြင်းဖြစ်ကြောင်း ပြည်နယ်သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ရွှေလုပ်ငန်းရှင်များအသင်းဝင်များ၏ မေးမြန်းဆွေးနွေးမှုများအား ပြည်နယ်ဝန်ကြီးဦးဒါရှီလဆိုင်းနှင့် သစ်တောဦးစီးဌာန ပြည်နယ်ဦးစီးမှူး၊ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ်သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၈ မြို့နယ်အနက် အသေးစားသတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ရရန် တင်ပြတောင်းခံထားသည့် ဖားကန့်မြို့နယ်အပါအဝင် ခြောက်မြို့နယ်ရှိကြောင်း ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

ထို့နောက် ရပ်မိ/ရပ်ဖ ဦးဇော်လတ်၏ လုံးခင်းကျေးရွာနှင့် ဖားကန့်မြို့သွားလမ်း၊ ဆိပ်မူကျေးရွာနှင့် ဖားကန့်မြို့သွားလမ်းချောမွေ့ရေး CSR ရန်ပုံငွေအသုံးပြုခွင့်ရရန် ဆွေးနွေးမှုကို ပြည်နယ်ဝန်ကြီးက လမ်းပြုပြင်ရန် ကျောက်မျက်လုပ်ငန်းရှင်များအသင်းထံမှ ရန်ပုံငွေကျပ် သိန်းပေါင်းတစ်သောင်းကျော်ခန့် ကျန်ရှိနေသေးပြီး ဒေသခံများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်ပြတောင်းခံသုံးစွဲရန် အကြံပြုဆွေးနွေးခဲ့သည်။

ဖားကန့်ဒေသ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရန်ပုံငွေမှာ ငွေကျပ်သိန်းပေါင်းကိုးထောင်ခန့် ကျန်ရှိနေသေးပြီး စနစ်တကျအကျိုးရှိနိုင်မည့်လုပ်ငန်းများဆောင်ရွက်ရန် ဒေသခံများနှင့် ညှိနှိုင်းတိုင်ပင်၍ ဥပဒေ နှင့်အညီ အကျိုးရှိနိုင်မည့်လုပ်ငန်းများအား သီးသန့်ဆောင်ရွက်စေလိုကြောင်း ဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**

# ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နိုင်ရန် တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်းဆင်း

**ရန်ကုန် ဇူလိုင် ၂၈**

တက္ကသိုလ် ကင်းထောက်မောင်မယ်များ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေး လေ့ကျင့်ပြုစုပျိုးထောင်မှု အစီအစဉ်အရ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တက္ကသိုလ်၊ ကောလိပ်များတွင် တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်းများကို ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးရှိ မိတ္ထီလာတက္ကသိုလ်တွင်ဖွင့်လှစ်သည့် တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်းအမှတ်စဉ် (၂) သင်တန်းဆင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မိတ္ထီလာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာ ဘဟန်၊ မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားသည်။




**မိတ္ထီလာတက္ကသိုလ် တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံသင်တန်းဆင်းပွဲတွင် ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်ထံမှ သင်တန်းဆင်း တက္ကသိုလ်ကင်းထောက်များက ကင်းထောက်ကတိခံယူကြစဉ်။**

အဆိုပါ သင်တန်းဆင်းပွဲကို ပါမောက္ခချုပ် ဒေါက်တာ ဘဟန်နှင့် ဒုတိယပါမောက္ခချုပ်၊ တက္ကသိုလ်ကင်းထောက်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ အေးအေးမာ၊ ပါမောက္ခဌာနမှူး၊ ဆရာ၊ ဆရာမများ၊ ကင်းထောက်လူငယ်မှူးချုပ် ဦးမြင့်ဆွေ၊ အထက်မြန်မာပြည် ကင်းထောက်သင်တန်း တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အိအိခင်နှင့် တက္ကသိုလ်ကင်းထောက် ရိုဗာကင်းထောက်နည်းပြများနှင့် မိတ္ထီလာတက္ကသိုလ်ကင်းထောက် သင်တန်းသား၊ သင်တန်းသူ ၁၆၅ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

အစီအစဉ်အရ ကင်းထောက်အစီအစဉ်မှူးချုပ် ဦးအေးကြိုင်ထံ သင်တန်းဆင်းကြမည့် သင်တန်းသား သင်တန်းသူ ၁၆၅ ဦးက ကင်းထောက်အလံကိုင်ဆောင်၍ ကင်းထောက်ကတိခံယူကြပြီး တစ်ဦးချင်းနှင့် အစုအဖွဲ့အလိုက် ထူးချွန်ဆုများ၊ သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ကာ "ကင်းထောက်ဂုဏ်ရည်" နှင့် "ငြိမ်းချမ်းရေးသံတမန်" တေးသီချင်းများကို သင်တန်းဆင်း ကင်းထောက်လူငယ် ၁၆၅ ဦးက သီဆိုကာ အခမ်းအနားကို ရုပ်သိမ်းသည်။

အလားတူ တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံ သင်တန်းအမှတ်စဉ် (၂)ကို ရှမ်းပြည်နယ်ရှိ တောင်ကြီးတက္ကသိုလ်တွင် ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး တက္ကသိုလ်အဆင့် ကင်းထောက်အခြေခံ သင်တန်းများတွင် နိုင်ငံတကာ ကင်းထောက်သင်တန်း အလုပ်ရုံ ဆွေးနွေးပွဲများ တက်ရောက်ခဲ့ကြသည့် ကင်းထောက်ကြီးများနှင့် တက္ကသိုလ်ကောလိပ်များမှ ရိုဗာနည်းပြ ကင်းထောက်ခေါင်းဆောင်များက ကမ္ဘာ့ကင်းထောက်နှင့်မြန်မာနိုင်ငံ ကင်းထောက်ဖြစ်ပေါ်လာပုံသမိုင်းမှတ်တိုင်၊ ကင်းထောက်ကတိနှင့် ကျင့်ဝတ်၊ ရှေးဦးသူနာပြုစုနည်းများ၊ စုပေါင်းတေးသီချင်း သီဆိုလေ့ကျင့်ကစားနည်းများ၊ ကြိုးချည်နည်းများ၊ တဲထိုးနည်းများ၊ တောတွင်းစခန်းချ ခြေလျင်ခရီးကြမ်း လေ့ကျင့်မှုပညာရပ်များနှင့် ငြိမ်းချမ်းရေး အထောက်အကူပြုစေမည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နည်းပညာရပ်များ၊ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့သည်။ **မြန်မာနိုင်ငံကင်းထောက်အဖွဲ့**

# မလှိုင်မြို့နယ် ကျေးရွာများ၌ ဝါစိုက်ပျိုးမှု ဖြစ်ထွန်းအောင်မြင်

**မလှိုင် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ကူကြီးအုပ်စုရှိ ကျေးရွာများတွင် ယခုနှစ် မိုးကောင်း၍ ဝါသီးနှံစိုက်ပျိုးရာ ဝါခင်းများဖြစ်ထွန်းကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

မလှိုင်မြို့နယ် ကူကြီးအုပ်စု မြက်သီးကျင်းကျေးရွာ (တောင်ရွာ)နေ တောင်သူ ဦးညွန့်ဝေက "ဒီနှစ် ဝါဖြစ်ထွန်းမှုက မိုးလေဝသနဲ့ ရာသီဥတုအခြေအနေကြောင့် ကောင်းမွန်ပါတယ်။ ကျွန်တော်တို့ ကျေးရွာဘက်မှာ နိုင်ငံခြားမျိုးစပ်ဝါဖြစ်တဲ့ 'ရာဂါ' မျိုးကို စိုက်ပျိုးပါတယ်။ ဒီ 'ရာဂါ' မျိုးကို ကဆုန်လမှာ အစေ့တိုက်ရိုက် စတင်စိုက်ပျိုးပြီး တန်ဆောင်မုန်းလဆို အပြီးရိတ်သိမ်းပါတယ်။တစ်ဧကကို မျိုးစေ့ဖိုးက ငွေကျပ် ၃၂၀၀၀ ဝန်းကျင် ကျပါတယ်။ စိုက်ပျိုးရာမှာ စိုက်ပျိုးစရိတ်အနေနဲ့ ကုန်ကျငွေက ပျိုးနုတ်၊ ပေါင်းသင်၊ မြေဩဇာ၊ အလုပ်သမားခတွေ အကုန်လုံးက တစ်ဧကကို ငွေကျပ် ငါးသိန်းဝန်းကျင်လောက် ကျပါတယ်။ အထွက်နှုန်းအနေနဲ့က ရာသီဥတုကောင်းမွန်ပြီး ပိုးမွှားမဖျက်ဆီးရင် တစ်ဧကကို ကုန်ချိန် ၇၀၀ မှ ၉၀၀ အထိ ထွက်ပါတယ်။ ဒါပေမယ့် ရာသီဥတုဖျက်မယ်၊ ပိုးမွှားဖျက်ဆီးမယ်ဆိုရင် ကုန်ချိန် ၅၀၀ လောက်သာရပါတယ်။ ရာသီဥတုမကောင်းတာ၊ ပိုးမွှားဖျက်ဆီးတာမျိုး ကြုံရင်တော့ ကျွန်တော်တို့တောင်သူတွေ အရှုံးပေါ်ပါတယ်။ ဒီနှစ် ကျွန်တော်တို့ရွာမှာ ရာသီဥတုကကောင်းတယ်။ အခြားနယ်တွေတော့ မိုးမရွာဘူးလို့ပြောကြတယ်။ကျွန်တော်တို့ ရွာဘက်မှာတော့ မိုးကောင်းတဲ့အတွက် နှမ်းတို့၊ ဝါတို့ အကုန်ဖြစ်ထွန်းပါတယ်" ဟု ပြောသည်။

ဝါသီးနှံမှာ စိုက်ပျိုးချိန် ခုနစ်လခန့်ကြာမြင့်ပြီး ပေါင်း၊ မြက်နှင့် ပိုးမွှားတို့ကို ဂရုစိုက်ရသော သီးနှံဖြစ်သည်။ ကူကြီးအုပ်စုတွင် 'ရာဂါ' မျိုး ဝါကို အများစုစိုက်ပျိုးကြပြီး ၎င်းဝါအမျိုးအစားမှာ အစေ့ကို အထုပ်လိုက်ဝယ်ယူရကာ တစ်ထုပ်လျှင် နို့ဆီဘူး လေးဘူးခန့်ပါဝင်ကြောင်း ဒေသခံ ဝါစိုက်တောင်သူများထံမှ သိရသည်။

ဖြစ်ပေါ်ခဲ့သော ဈေးကွက်နှင့် ဝါစိုက်တောင်သူများ၏ မျှော်လင့်ချက်ကို တောင်သူ ဦးညွန့်ဝေက "ရာသီဥတုကောင်းပြီး ပိုးမွှားကင်းစင်၍ အထွက်နှုန်းကောင်းသော်လည်း ဈေးနှုန်းကျဆင်းလာရင်တော့ ကျွန်တော်တို့တောင်သူတွေ အရှုံးပေါ်တတ်ပါတယ်။ လက်ရှိ ဝါဈေးကွက်ကတော့ ပြောမရသေးပါဘူး။ မနှစ်က ဝါတစ်ပိဿာကို ငွေကျပ် ၁၅၀၀ ရောင်းချခဲ့ရပါတယ်။ ဒီနှစ်တော့ ဝါဈေးကို မနှစ်ကထက်ပိုရမှ ကျွန်တော်တို့ တောင်သူတွေ အဆင်ပြေမှာပါ။ ဘာလို့လဲဆိုတော့ ဓာတ်မြေဩဇာက ကွန်ပေါင်း အမျိုးအစားကို မနှစ်က ငွေကျပ် ၃၀၀၀၀ ကျော်လောက်ပေးခဲ့ရပေမယ့် ဒီနှစ်မှာ ငွေကျပ် ၄၀၀၀၀ ကျော် ပေးရပါတယ်။ 'ပုလဲ' ဓာတ်မြေဩဇာကလည်း မနှစ်က ငွေကျပ် ၁၀၀၀၀ ကျော် ၂၀၀၀၀ ဝန်းကျင်လောက်သာ ပေးရပေမယ့် ဒီနှစ်က ငွေကျပ် ၃၀၀၀၀ ကျော် ကျပါတယ်။ အလုပ်သမားခကလည်း အလားတူပါပဲ။ မနှစ်က ငွေကျပ် ၂၀၀၀ ပေးရပေမယ့် ဒီနှစ် ငွေကျပ် ၃၀၀၀ ပေးရပါတယ်။ ထွန်စရိတ်၊ စိုက်ပျိုးစရိတ်၊ အလုပ်သမားစရိတ် မြေဩဇာမှ အစ ဈေးတက်လာတဲ့အတွက် ကျွန်တော်တို့အနေနဲ့ မနှစ်က ငွေကျပ် ၁၅၀၀ ရရင် ဒီနှစ် ငွေကျပ် ၁၇၀၀၊ ၁၈၀၀ လောက်ရမှ အဆင်ပြေနိုင်မယ်လို့ ခန့်မှန်းထားပါတယ်" ဟု ပြောသည်။

မလှိုင်မြို့နယ် ကူကြီးအုပ်စုရှိ ကျေးရွာများတွင် ရာသီဥတုကောင်းမွန်ပြီး မိုးရွာသွန်းသဖြင့် ဒေသရှိ နှမ်းစိုက်တောင်သူများ၊ ဝါစိုက်တောင်သူများ သီးနှံဖြစ်ထွန်းမှု ကောင်းမွန်သော်လည်း မိုးမကောင်းသော ကျေးရွာအချို့တွင် သီးနှံဖြစ်ထွန်းမှု မကောင်းမွန်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၈-၇-၂၀၁၉

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၁၄၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၇၈၆၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၇၀/၉၂၀ ကျပ် | ၉၂၅/၉၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၈၀/၉၃၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |
| အောက်တိန်း ၉၂ | ၇၆၀/၈၁၀ ကျပ် | ၈၃၅/၈၆၅ ကျပ် |
| အောက်တိန်း ၉၅ | ၈၄၀/၉၀၀ ကျပ် | ၉၄၀/၉၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၁ · ၄ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၈၃ · ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၀၄ · ၃ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၈၀ · ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၉၀· ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၇ · ၅ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၉ · ၆၆ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၈၉၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၇ · ၆၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၆ · ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ · ၈၂၆ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ကျွန်တော်နဲ့ ကလေးသူငယ်အခွင့်အရေး



ပါမောက္ခ၊ ဒေါက်တာ အောင်ထွန်းသက်

**ဘဝဟာ ဆန်းကြယ်လှပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ ကျော်က ကိုယ်လုပ်ခဲ့တဲ့၊ ရင်ဆိုင်ဖြေရှင်းခဲ့တဲ့၊ အလုပ်တစ်ခုရဲ့ရလဒ်ကို အမှတ်မထင်ဘဲ မျက်ဝါးထင်ထင် ပြန်တွေ့လာရပါတယ်။**

၁၉၈၉ ခုနှစ်။ ကျွန်တော်က ဂျာမနီနိုင်ငံမှာ ဘွဲ့လွန်ပါရဂူဘွဲ့ယူပြီး ပြန်ရောက်တာလပိုင်းပဲရှိသေးတာ။ တက္ကသိုလ်ကလည်း ပိတ်ထားတာ။ ဌာနကို မနက်တစ်ခေါက်လောက် မျက်နှာပြပြီးရင်ပြီးရော။ ကိုယ်က အလုပ်တွေအများကြီး လုပ်ချင်ပေမယ့် မလုပ်ခဲ့ရဘူး။ အခုလိုဖြစ်နေချိန်မှာ မထင်မှတ်ဘဲ အခွင့်အရေးတစ်ခု ပေါ်လာခဲ့တယ်။ နဝတ အစိုးရ ဖွဲ့စည်းတဲ့အခါ တစ်ဦးတည်းသော အရပ်သားဝန်ကြီးက ဆရာကြီးဒေါက်တာဦးဖေသိန်း။ သူက ဝန်ကြီးဌာနနှစ်ခုကို ပူးတွဲတာဝန်ယူနေတာ။ သူနဲ့ကျွန်တော်က အရင်ကတည်းက သိကျွမ်းခဲ့တာ။ ကျွန်တော်က ပါရဂူဘွဲ့ရ ပြီးချိန်မှာ သုတေသနလုပ်ငန်းတွေ လုပ်ခဲ့တယ်။ နယ်ပယ် တစ်ခုကတော့ ကျန်းမာရေးကဏ္ဍ။ ဒါကြောင့်လည်း မြန်မာနိုင်ငံဆရာဝန်များအသင်း နှစ်ပတ်လည် ညီလာခံမှာ သုတေသနစာတမ်းတွေ ဖတ်ခဲ့တယ်။ ဆရာကြီးကိုယ်တိုင်က သုတေသန ဝါသနာပါတော့ ကျွန်တော်တို့ နှစ်ဦး ပေါင်းမိသွားတယ်။ ဆရာကြီးက ကျန်းမာရေးဝန်ကြီးဌာနလက်အောက်က ဌာနသုံးနေရာမှာ ညွှန်ကြားရေးမှူးချုပ် တာဝန်ယူခဲ့သူ။

### ဌာနအသစ်တစ်ခု ဖွဲ့စည်း

အခုလို ကျန်းမာရေးဝန်ကြီးဖြစ်လာတော့ ဌာနအသစ်တစ်ခု ဖွဲ့စည်းချင်တယ်။ အဲဒီဌာနမှာ တာဝန်ယူဖို့ ကမ်းလှမ်းခဲ့တယ်။ ဌာနက စီမံကိန်းနဲ့ စာရင်းအင်းဦးစီးဌာန၊ ရာထူးအနေနဲ့လည်း ညွှန်ကြားရေးမှူးချုပ်ဖြစ်တာမို့ မက်မောစရာပါ။ ဒီတုန်းက ကျွန်တော်က စီးပွားရေးတက္ကသိုလ်မှာ ကထိက။ ကထိက ကနေ ညွှန်ကြားရေးမှူးချုပ်ဖြစ်မှာမို့ အဆင့်တွေ ၃၊ ၄ ဆင့်ကျော်တာမို့ ကျေနပ်မိတာ အမှန်ပါ။ ဒါပေမယ့် ကျွန်တော် စိုးရိမ်တာတော့ရှိခဲ့တယ်။ ကိုယ်ရေးရာဇဝင်ဖြည့်ဖို့ အချိန်ရောက်လာတော့ ဖြစ်နိုင်မှာမဟုတ်ဘူးလို့ စိတ်ထဲက ထင်မိတယ်။ အမျိုးတော်တဲ့ ပြဿနာကြောင့် ကျွန်တော့်မှာ အကြိမ်ကြိမ်ပြဿနာဖြစ်ခဲ့ဖူးတယ်။ ဒီတုန်းက ဦးလေးလုပ်သူ ဗိုလ်မှူးကြီးမျိုးအောင်ကလည်း အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်မှာ လှုပ်ရှားနေသလို ဖခင်ရဲ့အစ်ကိုလုပ်သူ သခင်ဗသိန်းတင်ကလည်း အသံတွေလွှင့်နေတဲ့ အချိန်ဖြစ်ပါတယ်။ ဒီကိစ္စဆရာကြီးကို ပြောပြတယ်။ သူကကျွန်တော့်အကြောင်း ပြည့်ပြည့်စုံစုံ သိထားသူ။ ဆရာကြီးရဲ့ ဇနီးဖြစ်သူ ပါမောက္ခဒေါက်တာ ဒေါ်ကြူကြူဆွေက ကျွန်တော့် ဦးလေးတစ်ဦးဖြစ်တဲ့ ပါမောက္ခ ဒေါက်တာဦးစိုးမြင့်နဲ့အတူ တစ်ဌာနတည်း လုပ်ကိုင်နေတဲ့သူ။ မန္တလေးဆေးတက္ကသိုလ်မှာ။ ဆရာကြီးက ကိစ္စမရှိဘူး။ ကိုယ်ရေးရာဇဝင်ဖြည့်ပြီး တင်ပါလို့ ပြောခဲ့တယ်။ နောက်ဆုံးတော့ ပြဿနာမရှိဘဲ ညွှန်ကြားရေးမှူးချုပ် တာဝန်ယူခွင့်ရခဲ့တယ်။

အဲဒီတုန်းက ဌာနအသစ်ဖြစ်တာမို့လူတွေစုရတယ်။ ဗိုလ်ကြီးကြည်စိုး၊ ဦးအောင်ကြိုင်တို့က ဌာနဖွင့်ပြီးနောက် သိပ်မကြာမီ နိုင်ငံခြားပညာသင် ထွက်သွားကြတယ်။ သမ္မတ (ဟောင်း) ဒေါက်တာ မောင်မောင်ရဲ့ညီမဖြစ်သူ ဒေါက်တာဒေါ်ညိုညိုကို အစစ အရာရာ အားကိုးခဲ့ရတယ်။ ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးစာရင်းအင်းဌာနခွဲမှ ဝန်ထမ်းတွေက ဌာနအသစ်မှာ ပူးပေါင်းလာခဲ့တယ်။ ဒေါ်ဌေးဌေးအေးတို့၊ ဦး Georse တို့၊ ကိုမြင့်ဇော်တို့ အရာရှိငယ်တွေထဲမှာ ညွှန်ကြားရေးမှူးချုပ်ဖြစ်လာတဲ့ ဦးဌေးဝင်း။ အခုညွှန်ကြားရေးမှူးချုပ်ဖြစ်နေတဲ့ ဒေါက်တာ ဒေါ်စန်းစန်းအေး။ ဌာနက အသစ်ဆိုတော့ ကိုယ့်ခြေကိုယ့်လက်။ သိမ်ဖြူလမ်းက အဆောက်အအုံဟောင်းကြီးမှာ။ ကျွန်တော်ကတော့ ဝန်ကြီးများရုံးမှာ ရုံးထိုင်တယ်။ ဝန်ကြီးအခန်းနဲ့ အနီးကပ်။ အခုလို ဝန်ကြီးဌာနမှာ တာဝန်ယူခွင့်ရှိတော့ ကျွန်တော် တက္ကသိုလ်မှာ ရှိစဉ် စဉ်းစားခဲ့တဲ့၊ လုပ်ချင်ခဲ့တာတွေကို လက်တွေ့အကောင်အထည်ဖော်နိုင်ခဲ့တယ်။

### အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့

အရေးကြီးဆုံးပြုပြင်ပြောင်းလဲမှုက အမျိုးသားကျန်းမာရေးကော်မတီဖွဲ့စည်းမှုဖြစ်တယ်။ ကျန်းမာရေးနဲ့ ပတ်သက်လာတဲ့ လုပ်ငန်းတွေဟာ ကျန်းမာရေးဝန်ကြီးဌာန တစ်ခုတည်း လုပ်လို့ မရပါဘူး။ ကျန်ရှိတဲ့ ဝန်ကြီးဌာနတွေနဲ့ ညှိနှိုင်းဆောင်ရွက်ဖို့ လိုအပ်တယ်။ ညှိနှိုင်းဆောင်ရွက်မှုဟာ အခက်ခဲဆုံး ကိစ္စရပ်ဖြစ်တယ်။ ဒါကြောင့် အမျိုးသားကျန်းမာရေးကော်မတီဖွဲ့ဖို့ တိုက်တွန်းခဲ့တယ်။ ဆရာကြီးဒေါက်တာဦးဖေသိန်းကို တင်ပြခဲ့တယ်။ ဆရာကြီးက သဘောတူတာနဲ့ အထက် တင်ပြပြီး ဖွဲ့စည်းဖြစ်တယ်။ ဥက္ကဋ္ဌလုပ်သူက အတွင်းရေးမှူး(၁)၊ ကျွန်တော်က အတွင်းရေးမှူး၊ အဖွဲ့ဝင်တွေက စီမံဘဏ္ဍာ ဝန်ကြီး၊ စိုက်ပျိုးရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ တပ်မတော်ဆေးညွှန်မှူး။ အဖွဲ့က ကျစ်ကျစ်လျစ်လျစ်ဖြစ်တာမို့ အလုပ်လုပ်ရတာ သွက်လက်တယ်။

အမျိုးသားကျန်းမာရေးကော်မတီကို တင်ပြတဲ့ ကိစ္စတွေဟာ ကျန်းမာရေးကဏ္ဍသာမဟုတ်ဘဲ ဆက်စပ်တဲ့ ဝန်ကြီးဌာနအားလုံးနဲ့ ပတ်သက်တာတွေကို တင်ပြနိုင်ခဲ့တယ်။ ကျွန်တော့်ကို ဝန်ကြီးဖြစ်သူ ဆရာကြီးဒေါက်တာဦးဖေသိန်းက ဦးစားပေးလုပ်ချင်တာတွေလုပ်ဖို့ တာဝန်ပေးတာမို့ ကျွန်တော်က တာဝန်သုံးပြီး လုပ်ခွင့်ပေးဖို့ တင်ပြခဲ့ပါတယ်။ ပထမအလုပ်ကတော့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ တည်ထောင်ပြီး နိုင်ငံတကာလှုပ်ရှားမှုတွေ ဆက်စပ်ဖို့။ ဒါကြောင့်လည်း ဆရာကြီးလက်ထက်မှာ မြန်မာနိုင်ငံမိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းကို တည်ထောင်ခဲ့တယ်။ တစ်ဖက်ကလည်း နိုင်ငံတကာ အရပ်ဘက်လူ့အဖွဲ့အစည်းတွေကို ဖိတ်ကြားနိုင်ခဲ့တယ်။ နိုင်ငံရေးအခြေအနေတွေကလည်း လိပ်ခဲတည်းလည်းဖြစ်ချိန်။ ဒါကြောင့် သိမ်သိမ်မွေ့မွေ့နဲ့ ကိုင်တွယ်ခဲ့ရတယ်။

ဒုတိယကတော့ လူဦးရေတိုးပွားမှုကိစ္စဖြစ်တယ်။ ခေတ်အဆက်ဆက် ကျွန်တော်တို့နိုင်ငံမှာ လူဦးရေတိုးပွားမှု ပြဿနာကို မကိုင်တွယ်ခဲ့ဘူး။ လူဦးရေတိုးပွားမှုကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနဲ့ ပညာရေးကဏ္ဍအသီးသီးမှာ ထိခိုက်မှုတွေရှိနိုင်တယ်။ ဒါကြောင့် လူဦးရေတိုးပွားမှုနှုန်းဟာ မကိုင်တွယ်ဘဲ လွှတ်ထားရင်ဖြစ်လာနိုင်တဲ့ အကျိုးဆက်တွေကို တွက်ချက်ခဲ့တယ်။ လူကြီးတွေကို တင်ပြခဲ့တယ်။ ဒီအကြောင်းနဲ့ ပတ်သက်ပြီး အရှေ့တောင်အာရှဒေသ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့ ဌာနဆိုင်ရာ ညွှန်ကြားရေးမှူး ဆရာကြီးဒေါက်တာ ဦးကိုကိုက ကျွန်တော့်ကို အကူညီပေးခဲ့တယ်။ နောက်ဆုံးသားဆက်ခြား စီမံချက်ကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ကာလရှည်အတွက် အလွန်အရေးပါတဲ့ စီမံချက်တစ်ခုဖြစ်ပါတယ်။

တတိယတစ်ခုကတော့ ကလေးသူငယ်များနဲ့ ပတ်သက်တဲ့ အခွင့်အရေးဖြစ်ပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကလေးများ ရန်ပုံငွေဌာနေကိုယ်စားလှယ်က ကျွန်တော့်ကို ချဉ်းကပ်ခဲ့တယ်။ မြန်မာနိုင်ငံကို ကလေးသူငယ်များ အခွင့်အရေးကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးဖို့ ကျွန်တော်က ဒီကွန်ဗင်းရှင်းကို အသေးစိတ်လေ့လာခဲ့တယ်။ ကိုယ့်နိုင်ငံအတွက် ရမယ့်အကျိုးနဲ့ အပြစ်တွေကို ဆန်းစစ်ခဲ့ပါတယ်။ သုံးသပ်ချက်အရ လက်မှတ်ထိုးရင် နိုင်ငံအတွက်အကျိုးရှိမယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်။ ဆုံးဖြတ်ချက်ကို သက်သေအထောက်အထားတွေ စုစည်းပြီး လူကြီးတွေကို တင်ပြခဲ့တယ်။ အဆုံးအဖြတ်မရတာမို့ ကြုံတိုင်း၊ တွေ့တိုင်း နားပူနားဆာ လုပ်ခဲ့တယ်။ ရှေ့နေချုပ် ကိုလည်း ချဉ်းကပ်ခဲ့တယ်။ လူကြီးတွေ စိုးရိမ်တဲ့ကိစ္စက ကွန်ဗင်းရှင်းဆိုတဲ့ အသုံးအနှုန်းဖြစ်တာကို သိရတယ်။ ခေတ်ကာလ အနေအထားအရ လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့အကြောင်း ကိစ္စတွေကို ရှောင်တန်းတင်ထားတဲ့ကာလ။ ဒါကြောင့် ကျွန်တော် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ကို သွားရောက်ခဲ့ပြီး ဥပဒေပညာရှင် ပါမောက္ခ ဗီတစ်နဲ့ ဆုံတွေ့ခဲ့ပါတယ်။ ကွန်ဗင်းရှင်းရဲ့ အနက်အဓိပ္ပာယ်။ နိုင်ငံတစ်နိုင်ငံအပေါ် အတိုင်းအတာ ဘယ်အထိ လွှမ်းမိုးနိုင်မယ့်ကိစ္စ။ သူနဲ့ ဆုံပြီး ဒီကွန်ဗင်းရှင်းကို ရေးထိုးပြီးတဲ့ နိုင်ငံအချို့က reservations ချွတ်ယွင်းချက်တွေကို ဖော်ထုတ်ပြီး လက်မှတ်ရေးထိုးနိုင်ကြောင်း သိရတယ်။ ဒါကြောင့်လည်း လူကြီးတွေ စိတ်ပူစိုးရိမ်မှုကို ဖြေလျှော့နိုင်မယ့် အဖြေတစ်ခုရခဲ့ပါတယ်။ ဒီအကြောင်းကိုတင်ပြတော့ လက်မှတ်ရေးထိုးဖို့ သဘောတူခဲ့တယ်။ စာချုပ်ကို သူနာပြုတက္ကသိုလ်မှာ အခမ်းအနားနဲ့ လက်မှတ်ထိုးခဲ့တယ်။ ၁၉၉၁ ခုနှစ်က။

> **“လူ့အဖွဲ့အစည်းရဲ့တန်ဖိုးအနှစ်သာရဟာ အပြစ်မရှိသူတွေ၊ အင်အားချည့်နဲ့ သူတွေကို ကာကွယ်စောင့်ရှောက်မှုပဲဖြစ်တယ်။ ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီး လူကြီးတွေ တာဝန်ကျေဖို့ လိုအပ်တယ်။ ဥပဒေစောင့်ရှောက်မှုဟာ အရေးကြီးသလို ဥပဒေစိုးမိုးမှုဟာလည်း အဓိကဖြစ်တယ်။ ဥပဒေတွေ လက်တွေ့ကျင့်သုံးဖို့ လိုအပ်ပါတယ်”**

### ကလေးသူငယ် ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာ

မကြာမီ ၁၉၉၃ မှာ ကလေးသူငယ်များ ဥပဒေအသစ်တစ်ရပ်ကို ပြဋ္ဌာန်းနိုင်ခဲ့တယ်။ အဲဒီအချိန်မှာ ကျွန်တော် မြန်မာနိုင်ငံမှာ မရှိတော့ဘူး။ ဒီသတင်းကြားရတော့ အလွန်ကျေနပ်မိပါတယ်။ အခုလို ဥပဒေအသစ်တစ်ရပ် ထုတ်ဖော်နိုင်တာဟာ နိုင်ငံအတွက် အလွန်သိက္ခာရှိပါတယ်။ ကမ္ဘာ့အလယ်မှာ တင့်တယ်လှတယ်။ ကျွန်တော်က နိုင်ငံနဲ့ အစိုးရကို ခွဲခြားပြီး မြင်နိုင်အောင် အမြဲ ကြိုးစားတယ်။ ဦးစားပေးရမှာက နိုင်ငံဖြစ်တယ်။ အစိုးရဆိုတာ အခုခေတ်ကာလအပေါ် မူတည်နေတာ။ နိုင်ငံက ထာဝရဖြစ်တယ်။ ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့တဲ့ ကလေးသူငယ်အခွင့်အရေးကို ပြင်ဆင်မယ့် ဥပဒေကို ယခင်အစိုးရလက်ထက်ကစပြီး ဆောင်ရွက်ခဲ့တယ်။ အစိုးရသစ်လက်ထက်မှာ မကြာသေးမီကပဲ ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြုခဲ့ပြီး နိုင်ငံတော် သမ္မတကြီးထံ တင်သွင်းခဲ့တယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ မှတ်ချက်တွေကို အခြေခံပြီး ဥပဒေအသစ်ကို အတည်ပြုလိုက်ပါပြီ။ ခေတ်နဲ့အညီ လိုအပ်တဲ့ ပြင်ဆင်မှုတွေနဲ့ အခုလို ဆောင်ရွက်နေတာကို ကြားသိရတာ ကျွန်တော်ကျေနပ်မိပါတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က စတင်တဲ့ ခြေလှမ်းဟာ ပိုပြီးတိုးတက်ကောင်းမွန်တဲ့ ခြေလှမ်းအသစ်အဖြစ် ပြောင်းလဲမှုဟာ ဝမ်းသာစရာပါပဲ။

ဒါပေမယ့် ဒီဥပဒေအသစ် မူကြမ်းနဲ့ ပတ်သက်ပြီး စိုးရိမ်မှု၊ ကြောင့်ကြမှုတွေ ပေါ်ပေါက်ခဲ့တယ်။ ကန့်ကွက်မှုတွေလည်း ရှိခဲ့တယ်။ ဒီမိုကရေစီနိုင်ငံမှာ တစ်ဦးနဲ့တစ်ဦး အမြင်မတူရင် မတူညီတဲ့အမြင်၊ အတွေးတွေ ဖော်ထုတ်ခွင့်ရှိပါတယ်။ ဆွေးနွေးခွင့်ရှိပါတယ်။ အခုလို ဆွေးနွေးတဲ့နေရာမှာ အကြောင်းအချက် သက်သေအထောက်အထားအပေါ် အခြေခံပြီး ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

### ဥပဒေအသစ်နဲ့ပတ်သက်ပြီး ဆွေးနွေး

ဥပဒေအသစ် မူကြမ်းနဲ့ ပတ်သက်ပြီး စကားဝိုင်းတစ်ရပ်ကို ဦးကိုကို (စက်မှုတက္ကသိုလ်) က Sky Net မှာ လုပ်ခဲ့တယ်။ ကျွန်တော့်ကို ဖိတ်ကြားခဲ့တာမို့ သွားရောက်ခဲ့တယ်။ ကျွန်တော်နဲ့အတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်လှလှစိုး။ တစ်ချိန်က တစ်ဌာနတည်း လုပ်ခဲ့သူ အခုတော့ ညွှန်ကြားရေးမှူးချုပ် ဖြစ်နေတဲ့ ဒေါက်တာစန်းစန်းအေး။ ဥပဒေချုပ်ရုံးက ဒုတိယ ညွှန်ကြားရေးမှူးချုပ်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်း ကိုယ်စားလှယ် ဦးမျိုးမြင့်ထွန်းတို့ ပါဝင်ကြတယ်။ ကျွန်တော်တို့ ငါးဦးဟာ ကိုယ်ကျွမ်းကျင်ရာ ယဉ်ပါးတဲ့ ရှုထောင့်က ဥပဒေအသစ် မူကြမ်းနဲ့ပတ်သက်ပြီး ဆွေးနွေးကြတယ်။ ပုဂ္ဂိုလ်အသီးသီးဟာ နယ်ပယ်ကျွမ်းကျင်မှုရှိတာမို့ သူတို့ရဲ့ တင်ပြချက် အသီးသီးဟာ တန်ဖိုးရှိလှပါတယ်။ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ ဗဟုသုတလည်း ရခဲ့ပါတယ်။ ဆွေးနွေးစဉ် အကြောင်းအချက် နှစ်ခုနဲ့ပတ်သက်ပြီး တွေးစရာ၊ စဉ်းစားစရာ၊ မေးခွန်းထုတ်စရာရှိနေတာကို တွေ့ခဲ့ရတယ်။ ဒါကတော့ မွေးစာရင်းတင်တဲ့ မွေးစားမှုကိစ္စ ဖြစ်တယ်။ ဒါပေမယ့် နောက်ကွယ်မှာ နိုင်ငံသားကိစ္စဖြစ်တယ်။ ဒါကြောင့်လည်း ဆွေးနွေးပွဲမှာ နိုင်ငံသားနဲ့ပတ်သက်ပြီး ၁၉၈၂ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ နိုင်ငံသားဥပဒေက အသက်ဝင်လျက်ရှိတာကို ကြားသိရပါတယ်။ ၁၉၈၂ ဥပဒေဟာ ခိုင်မာမှုရှိတာကို လူတိုင်းအသိအမှတ်ပြုကြတယ်။

ကျွန်တော်ဝင်ရောက်ဆွေးနွေးတဲ့အခါ အတိတ်က အတွေ့အကြုံကိုအခြေခံပြီး အခုပြင်ဆင်ရေးဆွဲတဲ့ ဥပဒေမူကြမ်းကို ဆန်းစစ်သုံးသပ်ရင် အရေးကြီးဆုံးပေတံက (best interest of the child) ကလေးသူငယ်အတွက် အကျိုးကို အမြဲဦးထိပ်ထားဖို့လိုအပ်ကြောင်း သတိပေးခဲ့ပါတယ်။ ကလေးသူငယ်တွေဟာ အပြစ်ကင်းပါတယ်။ သူတို့အတွက် လူကြီးတွေက စောင့်ရှောက်ဖို့ တာဝန်ရှိတယ်။ အစွမ်းကုန်လုပ်ရမှာဖြစ်တယ်။

အခုချိန်မှာ မြန်မာပြည်သူအများစု စိတ်ဝင်စားနေတဲ့ ကိစ္စဟာ ကျွန်တော်တို့ ဆွေးနွေးခဲ့တဲ့ ဥပဒေမူကြမ်းနဲ့ ပတ်သက်ပါတယ်။ ဂျာနယ်တွေ၊ သတင်းစာတွေ၊ လူမှုကွန်ရက်တွေမှာ ကလေးများနဲ့ပတ်သက်ပြီး အလွန်စိတ်မကောင်းစရာ သတင်းတွေပျံ့နှံ့နေပါတယ်။ ကျူးလွန်နေတဲ့အမှုတွေဟာ မယုံနိုင်စရာကောင်းလှတယ်။ အဆိုးဆုံးက ကလေးသူငယ်တွေနဲ့ ပတ်သက်နေတာတွေ့ရတော့ ဝမ်းနည်းရပါတယ်။ မြန်မာနိုင်ငံမှာဖြစ်နေတာကို အံ့သြမိတယ်။ ဒါကြောင့်လည်း ကလေးလူငယ်တွေကို ကာကွယ်မှုပေးဖို့ ပြီးပြည့်စုံနဲ့ ဥပဒေလိုအပ်တာဖြစ်တယ်။ အာရုံက ကလေးသူငယ်ရဲ့ အကျိုးအပေါ်သာ ရှိသင့်တယ်။ အကျည်းတန်မှုတွေ အမှန်တကယ် များလာတာလား၊ ဒါမှမဟုတ် သိတာတွေ များလာသလား။ မေးခွန်းထုတ်စရာပါ။

လူ့အဖွဲ့အစည်းရဲ့တန်ဖိုးအနှစ်သာရဟာ အပြစ်မရှိသူတွေ၊ အင်အားချည့်နဲ့ သူတွေကို ကာကွယ်စောင့်ရှောက်ဖို့ပဲဖြစ်တယ်။ ကလေးသူငယ်တွေနဲ့ ပတ်သက်ပြီး လူကြီးတွေတာဝန်ကျေဖို့ လိုအပ်တယ်။ ဥပဒေစောင့်ရှောက်မှုဟာ အရေးကြီးသလို ဥပဒေစိုးမိုးမှုဟာလည်း အဓိကဖြစ်တယ်။ ဥပဒေတွေ လက်တွေ့ကျင့်သုံးဖို့ လိုအပ်ပါတယ်။

### ကလေးများ၏ အကျိုးကိုသာ ရှေးရှုစေချင်

ကလေးသူငယ်တွေနဲ့ ပတ်သက်လာရင် လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ အစိုးရအဖွဲ့အစည်း၊ မိသားစုနဲ့ ပတ်ဝန်းကျင်အားလုံးမှာ တာဝန်ကျေရမယ်။ ကျွန်တော်တို့ လက်ရှိအခြေအနေမှာ ရင်ဆိုင်နေရတဲ့ အနိဋ္ဌာရုံတွေကို ဝိုင်းပြီးဖြေရှင်းရမယ်။ တာဝန်အရှိဆုံးကတော့ မိသားစုပဲဖြစ်တယ်။ ဒါကြောင့် မိသားစုကို တောင့်တင်းခိုင်မာအောင် ကြိုးစားရမယ်။ ငွေရေးကြေးရေး၊ စားဝတ်နေရေး သာမက အကျင့်စာရိတ္တ၊ သိက္ခာသမာဓိ၊ မြင့်မြတ်တဲ့ စိတ်နေစိတ်ထားတွေ ထားဖို့ လိုအပ်တယ်။ မေတ္တာကို ဦးစားပေးနိုင်တဲ့၊ အမုန်းတရားကို လက်မခံတဲ့ လူ့အသိုင်းဝိုင်းကို ဖန်တီးရမယ်။ မိဘတွေမှာ တာဝန်ရှိသလို စာသင်ကျောင်းတွေမှာလည်း အတန်းပညာတွေ သင်ကြားရုံမက ဘဝနဲ့ ပတ်သက်ပြီး အရေးကြီးတဲ့ တန်ဖိုးထားမှုတွေ၊ အတွေးအခေါ်တွေ၊ ကိုယ်ချင်းစာတရားတွေ များအောင် လုပ်ဆောင်ရမှာဖြစ်တယ်။ ကလေးသူငယ်ရဲ့ ပတ်ဝန်းကျင်ကို လုံခြုံအောင် ပြုစုပျိုးထောင်ဖို့ လိုအပ်တယ်။

ကျွန်တော့်အနေနဲ့ကတော့ ကလေးသူငယ်အခွင့်အရေး ဥပဒေကို သက်ဝင်လာအောင် ကြိုးစားရမှာဖြစ်တယ်။ လူကြီးတွေရဲ့အမုန်းတရားတွေ၊ သံသယတွေကို ကလေးသူငယ်တွေအပေါ် မလွှမ်းမိုးစေချင်ဘူး။ သူတို့ရဲ့အကျိုးကို ဗဟိုပြုပြီး စဉ်းစားကြပါ၊ ဆွေးနွေးကြပါလို့သာ တိုက်တွန်းချင်ပါတယ်။ ။

---

## မှူခင်းကျဆင်းရေး အသိပညာပေး ဟောပြော

**နတ်တလင်း ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် (အနောက်ခြမ်း) ကြာကံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးမင်းနေအိမ်၌ ယနေ့ နေ့လယ်က မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပသည်။

ဟောပြောပွဲတွင် တာပွန်နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုးက ကျေးလက်ဒေသတွင် ဖြစ်ပေါ်တတ်သော မှုခင်းများအကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေများအကြောင်းနှင့် မှုခင်းမဖြစ်စေရေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းလမ်းများ၊ ဖြစ်ပေါ်လာပါက ရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်သွားကြရန် ပြောကြားပြီး တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းရာ နယ်မြေစခန်းမှူးက ပြန်လည်ရှင်းပြသည်။ ဟောပြောပွဲသို့ ကျေးရွာအထောက်အကူပြုအဖွဲ့နှင့် ဒေသနေပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။

တင်မြင့် (နတ်တလင်း)

# ရွှေဘိုမြို့နယ် အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းဧရိယာရှိ တောင်သူများ မိုးစပါးပျိုးထောင်ရေ ညီညာစွာရရှိ

**ရွှေဘို ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာတွင် စီးပွားရေးဝင်ငွေတိုးတက်ရေးစီမံကိန်း ရှေ့ပြေးအဆင့်မြင့် လယ်ယာမြေ ၅၇၅ ဧက ဖော်ထုတ်ခြင်းကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ဇွန်လကုန်တွင် ပြီးစီးခဲ့သည်။ အဆင့်မြင့်လယ်ယာ မြေဖော်ထုတ်ခြင်းဧရိယာရှိ လယ်ယာမြေများအား ဇူလိုင် ၁၀ ရက်မှစတင်၍ မိုးစပါးပျိုးထောင်ရေများ ပေးနေပြီဖြစ်ကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထိုက်က ပြောသည်။

အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ရွှေဘိုခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့ပူးပေါင်းပြီး သဖန်းဆိပ်ဆည်ရေသောက် ဧရိယာအတွင်း ၂၀၁၈ - ၂၀၁၉ ခုနှစ်မှ ၂၀၂၁ - ၂၀၂၂ ခုနှစ်အတွင်းအဆင့်မြင့်လယ်ယာမြေဧက ၅၀၀၀ ကို ဖော်ဆောင်ရန် လျာထား ကြောင်း၊ ဆောင်ရွက်မည့် အဆင့်မြင့်လယ်ယာမြေဧက ၅၀၀၀ အနက် ကျန်ရှိသော ၄၄၂၅ ဧက ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဧရိယာရွေးချယ်သတ်မှတ်ရေးအဖွဲ့မှ သက်ဆိုင်ရာ မြို့နယ်များအလိုက် နှစ်အလိုက် ရွေးချယ်လျာထားမှုများ ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။



ရွှေဘိုမြို့နယ်ရှိ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ပေးမှုကို တွေ့မြင်ရစဉ်။

နှစ်အလိုက်အဆင့်မြင့်လယ်ယာမြေဖော်ဆောင်မည့်အစီအစဉ်အရ ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ရွှေဘိုမြို့နယ်အတွင်း ၅၇၅ ဧက ဖော်ထုတ်ခဲ့ပြီး ကျန်ရှိဧကများမှာ ၂၀၁၉ - ၂၀၂၀ တွင် ဝက်လက်မြို့နယ်၊ ဒီပဲယင်းမြို့နယ်၊ ရွှေဘိုမြို့နယ်များအတွင်း ၉၀၄ ဒသမ ၈၂ ဧက၊ ၂၀၂၀ - ၂၀၂၁ ခုနှစ်တွင် ခင်ဦးမြို့နယ်၊ ရေဦးမြို့နယ်၊ တန့်ဆည်မြို့နယ်နှင့် ရွှေဘိုမြို့နယ်များအတွင်း ၁၇၁၆ ဒသမ ၄၄ ဧက နှင့် ၂၀၂၁ - ၂၀၂၂ ခုနှစ်တွင် ရွှေဘိုမြို့နယ်အတွင်း ၁၈၁၆ ဒသမ ၇၃ ဧကဖြစ်ပြီး စုစုပေါင်း ဧရိယာဧက ၅၀၁၂ ဒသမ ၉၉ ဧကဖြစ်ကြောင်း သိရသည်။

အဆင့်မြင့်လယ်ယာမြေအကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ ရွှေဘိုမြို့နယ် လိပ်ချင်းကျေးရွာနေ တောင်သူ ဦးကျော်အေးက "အရင်က လယ်တွေက စက်ဝိုင်းပုံ တြိဂံပုံရှိပြီး မြေမညီ ထောင့်မှန်မကျလို့ ရေသွင်းလို့အဆင်မပြေတာ၊ ရေသောက်မြောင်း ကွေ့ကောက်ပြီး ရေစီးရေလာမကောင်းတာတွေကြောင့် တောင်သူတိုင်းညီညီညာညာရေရရှိဖို့ခဲယဉ်းခဲ့တယ်။ အထက်က လယ်ရေဆိုးထုတ်တဲ့အခါ အောက်လယ်တွေ ရေနစ်မြုပ်တာတွေနဲ့ ရိတ်သိမ်းတဲ့အခါ လမ်းအနီးမှာရှိတဲ့ လယ် အရင်ရိတ်သိမ်းပြီးမှ အတွင်းကျတဲ့လယ်တွေ ရိတ်သိမ်းစက်ဝင်ရလို့ မလိုအပ်ဘဲ လေလွင့်ဆုံးရှုံးမှုတွေ ဖြစ်ပေါ်တာကြုံတွေ့ခဲ့ရတယ်။ အခုဆိုရင် လယ်တိုင်းရေသောက်မြောင်း၊ ရေဆိုးထုတ်နဲ့ မြောင်းကုန်ထုတ်လမ်းရှိလို့အဆင်ပြေသွားပါပြီ။ လယ်ယာမြေတွေလည်း ညီညာပြီး ထောင့်မှန်ကျသွားပါပြီ။ မိုးစပါးပျိုးထောင်ရေလည်း ပေးနေပါပြီ။ မိုးရွာသွန်းမှုနည်းပါးလို့ သဖန်းဆိပ်ဆည်မှာ ရေဝင်ရောက်မှုနည်းပါးနေပေမယ့် တောင်သူတွေ ညီညီညာညာရေရရှိဖို့ သက်ဆိုင်ရာကစနစ်တကျ ရေအလှည့်ကျစနစ်နဲ့ ဆောင်ရွက်ပေးနေလို့ အခုဆို တောင်သူတိုင်း ရေရရှိကြလို့ ပျော်ရွှင်နေကြတယ်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာကို အဆင့်မြှင့်တင်နိုင်တော့မှာပါ။ တောင်သူတွေရဲ့ လူနေမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မှာ ဖြစ်တဲ့အတွက် တောင်သူတွေကိုယ်စား သက်ဆိုင်ရာတာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ရှိပါတယ်" ဟု ပြောသည်။

**မိုးသောက် (ရွှေဘို)**

# သထုံမြို့၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဆင်းပွဲ ကျင်းပ

**သထုံ ဇူလိုင် ၂၈**

မွန်ပြည်နယ် သထုံမြို့ငါးလုပ်ငန်းစခန်းသင်တန်းကျောင်း(သထုံ)၌ ဇူလိုင် ၂၆ ရက် ညနေပိုင်းက အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်း အမှတ်စဉ် (၈/၂၀၁၉) သင်တန်းဆင်းပွဲကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယ ပြည်နယ်မှူး ဦးစိုးမင်းက ပြည်နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေရေးနှင့် ငါးသယံဇာတ ပေါ်များစွာမွေးမြူလာစေနိုင်ရေးအတွက် ရေး၊ သံဖြူဇရပ်မြို့နယ်များတွင် စီမံကိန်းကြီး သုံးနေရာကို ရွေးချယ်ထားရှိကြောင်း၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ ပေါ်ပေါက်လာရန် ငါးမွေးဧရိယာများထပ်မံတိုးချဲ့ဆောင်ရွက်သွားရန်ရှိကြောင်း၊ လက်ရှိငါးမွေးဧရိယာ တစ်ထောင်ကျော်မှ သုံးထောင်ငါးရာခန့်အထိ ရှိလာတော့မည်ဖြစ်ကြောင်း၊ ငါးလုပ်ငန်းနှင့်ပတ်သက်၍ အခြေခံဆောင်ရွက်ရမည့်လုပ်ငန်းများအား သက်ဆိုင်ရာဌာနမှ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောသည်။

"အရင်ကတော့ မသိဘူး၊ စာတွေ့ပဲ သင်ကြားရတယ်၊ အခုလို စာတွေ့လက်တွေ့ပါ ငါးဆေးထိုးသားဖောက်ရတဲ့အတွက် သင်တန်းတက်ရတာ ပိုပြီးအတွေ့အကြုံရပါတယ်" ဟု မော်လမြိုင်တက္ကသိုလ်မှ သတ္တဗေဒ နောက်ဆုံးနှစ်ကျောင်းသူ မဇင်ရတနာဝင်းက ပြောသည်။

သင်တန်းသို့ မော်လမြိုင်တက္ကသိုလ်မှ သတ္တဗေဒ၊ အဏ္ဏဝါဗေဒ နောက်ဆုံးနှစ် ကျောင်းသား/သူ ၂၀ နှင့် ကျေးလက်ဦးစီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ငါးမွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများနှင့် စိတ်ပါဝင်စားသူ စုစုပေါင်း ၃၈ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။ **ခွန် (ဝင်းပ)**







ငွေတောင်ဆည်အတွင်း ဆည်ရေရရှိမှုအခြေအနေကို တွေ့ရစဉ်။

# ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းဒေသများတွင် ငရုတ်သီးအထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရဖြစ်နေ

**ကျောက်ဆည် ဇူလိုင် ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အရှေ့ဘက်ခြမ်းဒေသများတွင် ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးသောငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းသော်လည်း ဈေးကောင်းမရသောကြောင့် ငရုတ်စိုက်တောင်သူများ အဆင်မပြေကြောင်း သိရသည်။

"ကျွန်တော်တို့ဒေသက ငရုတ်စိုက်ခင်းတွေ ဒီအချိန်က အသီးလှိုင်တဲ့အချိန်ဆို တော့ အထွက်နှုန်းကောင်းတယ်။ တစ်ဧကစိုက်ခင်းကိုတစ်ခါခူးရင် တင်း ၃၀ မှ ၄၀ လောက်အထိရတယ်။ အထွက်နှုန်းကောင်းသလို ကုန်ကျစရိတ်လည်း များတယ်။ ဈေးက ရွာမှာ တစ်ပိဿာကိုငွေကျပ် ၁၂၀၀ မှ ၁၃၀၀ ဆိုတော့ မကိုက်တော့ဘူး။ ပြီးခဲ့တဲ့ ကဆုန်၊ နယုန်လတုန်းကတောင်သူတွေ ငရုတ်သိပ်မပေါ်သေးဘူး။ အဲဒီအချိန်တုန်းက ငရုတ်တစ်ပိဿာငွေကျပ် ၇၀၀၀ မှ ၈၀၀၀ကျော်အထိ ဈေးပေါက်ခဲ့ပြီး ခုလိုတောင်သူတွေ ငရုတ်လှိုင်လှိုင်ပေါ်ချိန်ကျတော့ ငရုတ်သီးဈေးက ထိုးကျသွားတယ်။ အနည်းဆုံးငရုတ် တစ်ပိဿာကို ငွေကျပ် ၂၀၀၀ ကျော် ၃၀၀၀ လောက်မှ အဆင်ပြေတာ။ ဒီဈေးနဲ့ကျတော့ စိုက်ပျိုးစရိတ်၊ အလုပ်သမားစရိတ်နဲ့ ပိုးသတ်ဆေးဖျန်းတာနဲ့ဆိုတော့ မကိုက်တော့ဘူး" ဟု ပဲခင်းကျေးရွာမှ ငရုတ်စိုက်တောင်သူ တစ်ဦးက ပြောသည်။

ငရုတ်စိုက်ပျိုးမှုနှင့် ပတ်သက်၍ ၎င်းက "ငရုတ်စိုက်ခင်းစတင်စိုက်ပျိုးချိန် တစ်ဧကကို ငွေကျပ် ခြောက်သိန်းမှ ခုနစ်သိန်းလောက်သာကုန်ပြီး မြေငှားရမ်းစိုက်သူများမှာ မြေငှားခကုန်ကျပါတယ်။ နောက်ပိုင်းပေါင်းမြက်ရှင်းတာ၊ ပိုးသတ်ဆေးဖျန်းတာ၊ မြေပြုပြင်တာတွေ လုပ်ရတယ်။ စတင်စိုက်ပျိုးပြီး သုံးလကျော်လောက်ဆိုရင် အသီး စတင်ခူးလို့ရတယ်။ လုပ်အားဝင်တဲ့အပေါ် မူတည်ပြီး အသီးခူးချိန်ကသုံးလ၊ လေးလ ကျော်လောက်အထိ အသီးခူးလို့ရတယ်။ ငါးရက်ခြားတစ်ခါ (သို့) တစ်ပတ်ခြား တစ်ခါ အသီးခူးလို့ရတယ်။ ငရုတ်သီးခူးချိန်မှာလည်း အထွက်နှုန်းကောင်းအောင် ရေလိုအပ်ရင် ရေတင်ပေးတာတို့၊ ပိုးသတ်ဆေးတို့၊ အသီးအားဆေးတို့၊ ငရုတ်သီး ခူးဆွတ်ခတို့ ရှိသေးတယ်။ ကျွန်တော်တို့ဒေသက ဆည်ရေသောက်စနစ်မို့လို ရေကိုလိုအပ်တဲ့အချိန် စိုက်ခင်းထဲအမြဲသွင်းလို့ရနေလို့ တော်သေးတာ" ဟု ပြောသည်။

အဆိုပါ ဒေသများသည်ဆည်ရေသောက်စနစ်ဖြင့် သီးနှံများ ရာသီမရွေးစိုက်ပျိုး နိုင်သော်လည်း ငရုတ်စိုက်ခင်းများမှာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းမရသောကြောင့် ငရုတ်စိုက်တောင်သူများ အဆင်မပြေကြောင်း သိရသည်။

**သန်းဇော်မင်း (ပြန်/ဆက်)**

# ယခုနှစ် မိုးစပါးစိုက်ပျိုးချိန် ငွေတောင်ဆည်မှပေးဝေသော စိုက်ပျိုးရေကို ရေလှည့်စနစ်ဖြင့် ပေးဝေသွားမည်

**ဒီးမော့ဆို ဇူလိုင် ၂၈**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် ဆည်/ မြောင်း၊ တမံအတွင်း ရေဝင်ရောက်မှု နည်းပါးသောကြောင့် ငွေတောင်ဆည်မှ ပေးဝေသောစိုက်ပျိုးရေကို ရေလှည့်စနစ်ဖြင့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မိုးစပါးစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှုနည်းပါးသည့်အတွက် ဒီးမော့ဆိုမြို့နယ်ရှိ ငွေတောင်ဆည်အတွင်း ရေဝင်ရောက်မှုနည်းပါးသဖြင့် စိုက်ပျိုးရေကို အလေအလွင့် မရှိ၊ အကျိုးရှိစွာ အသုံးပြုနိုင်ရန် ရေလှည့်စနစ်ဖြင့် ပေးဝေသွားမည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ငွေတောင်ဆည်မှ ရေလှည့်စနစ်ဖြင့် ပေးဝေရာတွင် မြောင်းရင်းမှ မိုင်နာ ၁၄ အထိ တစ်ပိုင်း၊ မြောင်းမ မိုင်နာ ၁၅ မှ မိုင်နာ ၂၀ အထိ တစ်ပိုင်း ဟူ၍ အပိုင်းနှစ်ပိုင်းခွဲကာ ရေပေးဝေမည့်ရက်များကို သတ်မှတ်ထားပြီး တောင်သူများအနေဖြင့် မိမိတို့၏ ရေအလှည့်တွင်သာ ရေရယူကြရန် အသိပေးဆောင်ရွက်လျက်ရှိသည်။

ဒီးမော့ဆိုမြို့နယ်တွင် ယခုနှစ် မိုးရာသီ၌ မိုးစပါး ၃၄၅၆၅ ဧက စိုက်ပျိုးနိုင်ရန် လျာထားပြီး တောင်သူများ မိုးစပါးစိုက်ပျိုးချိန်တွင် မိုးရွာသွန်းမှု နည်းပါးသည့်အတွက် လယ်အတွင်း ရေရရှိမှု မရှိခြင်းကြောင့် မိုးစပါး အချိန်မီ စိုက်ပျိုးနိုင်ရန် ခက်ခဲလျက်ရှိကြောင်း သိရသည်။ **ရီရယ် (ဒီးမော့ဆို)**

# စစ်တောင်းမြစ်ကမ်းထိန်း မျှောတိုင်စိုက်၊ ကျောက်ဖြည့်ရေကာတန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွား၍ ဒေသခံများအဆင်ပြေ

**တောင်ငူ ဇူလိုင် ၂၈**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် သဖန်းပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာသည် စစ်တောင်းမြစ်ကမ်း အနောက်ဘက်ခြမ်း၌ တည်ရှိပြီး နှစ်စဉ်စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် သီးနှံစိုက်ခင်းများ ဆုံးရှုံးရသည့်အပြင် လူနေအိမ်များ ရွှေ့ပြောင်းရမည့်အန္တရာယ်ဖြင့် ရင်ဆိုင်ရလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြစ်အနောက်ဘက်ကမ်း ကမ်းစား၊ ကမ်းပြိုနိုင်သော ဇီးဖြူပင်ကျေးရွာတွင် အရှည် ပေ ၁၀၀ ရှိသည့် မျှောတိုင်တန်းများစိုက်ထူခြင်း၊ ကျောက်ကြီးများဖြည့်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ရာ ယနေ့ နံနက်ပိုင်းက လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွေး၊ ဦးစီးအရာရှိ ဦးမြင့်အောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဒေသခံများနှင့် တွေ့ဆုံခဲ့သည်။

"ကျွန်တော်တို့လုပ်တဲ့လုပ်ငန်းကတော့ လျှပ်စစ်မြစ်ရေတင်စခန်းရဲ့အောက်ဘက် ပေ ၃၀၀ အကွာမှာ ပေ ၅၀ ရေလွှဲရေကာတန်းကို စလုပ်တယ်။ ပြီးမှ အောက်ဘက်မှာ ပေ ၁၀၀ မျှောတိုင်တန်းတွေစိုက်ပြီး ကျောက်ဖြည့်ကမ်းပါးထိန်းနံရံကို ဆောင်ရွက်ခဲ့တာ။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် နန်းတွေကပ်မယ်၊ မြေပို့သွားမယ်ဆိုရင် ကမ်းစားမှုတွေ မရှိတော့ဘူး။ မြစ်ရေတင်လုပ်ငန်းကိုလည်း ထိန်းသိမ်းကာကွယ်ပြီးသားဖြစ်သွားတာပေါ့" ဟု လက်ထောက်ညွှန်ကြားရေးမှူးက ပြောသည်။

ယခုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြသောင်၊ ဇီးဖြူပင်၊ သဖန်းပင်၊ ငုတ်တော၊ မလွဲပင်၊ ကျွန်းတော၊ ကွမ်းသီးပင်၊ ရွာတန်းရှည်ကျေးရွာများကို ဆက်သွယ်ဖောက်လုပ်ထားသော လမ်းနှင့် တောင်သူများစိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများအပြင် လူနေအိမ်များ ရွှေ့ပြောင်းရမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

"အခုလို ကမ်းပါးတွေမပြိုကျအောင် ဆောင်ရွက်ပေးတဲ့အတွက် ကျွန်တော်တို့ရွာကအိမ်တွေ ရွှေ့ပြောင်းစရာ မလိုတော့ဘူး။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းသွားမယ်။ နောက်တစ်ခုက ကျောင်းသား ကျောင်းသူလေးတွေနဲ့ မြို့ကို အကြောင်းအမျိုးမျိုးနဲ့ သွားလာကြရတဲ့ ဒေသခံတွေအတွက်လည်း အများကြီးအဆင်ပြေတယ်။ ကမ်းတွေပြိုလို့ ငါ့အကွက်ဘယ်နေ့ပါမလဲ၊ ငါတို့အိမ်တွေ ဘယ်တော့ရွှေ့ပြောင်းရမလဲဆိုတဲ့ စိုးရိမ်မှုတွေက လူတိုင်းမှာရှိကြတယ်။ ဒါကြောင့် ကမ်းပြိုတာတွေ မရှိအောင် ဆောင်ရွက်ပေးကြတဲ့ တာဝန်ရှိသူတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ထို့အတူ မြစ်အထက်ပိုင်းရှိ သဖန်းပင်ကျေးရွာ၌ မြစ်ကမ်းပါးများတိုက်စားမှုများ ဆက်လက်ဖြစ်ပေါ်နေရာ သက်ဆိုင်ရာ တာဝန်ရှိသူများက အမြန်ဆုံးထိန်းသိမ်းကာကွယ်မှုများ ဆက်လက်လုပ်ဆောင်ပေးစေလိုကြောင်း ဒေသခံ ဦးစိုးမောင်က ပြောသည်။

**သန်းလွင်**



မြစ်ကမ်းထိန်း မျှောတိုင်စိုက်၊ ကျောက်ဖြည့်ရေကာတန်းလုပ်ငန်း ပြီးစီးမှုကို တွေ့ရစဉ်။

# မြစ်ကြီးနားမြို့၌ စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်းဖွင့်

**မြစ်ကြီးနား ဇူလိုင် ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပြန်လည်ထူထောင်ရေးစခန်း၌ မူးယစ်ဆေးဖြတ်ပြီးသူများအား လူမှုအသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့ပေါင်းစည်းနိုင်ရေးအတွက် စခန်းအခြေပြု မူးယစ်ဆေးဖြတ်ကုသရေးနှင့် ပြန်လည်ထူထောင်ရေးသင်တန်း (၂/၂၀၁၉)ကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ဖွင့်ပွဲတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းက မူးယစ်ဆေးဝါးပြဿနာကို အားလုံးဝိုင်းဝန်းလက်တွဲ၍ ပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲသူများအား ပုံမှန်လူမှုဘဝအသိုက်အဝန်း ပတ်ဝန်းကျင်ထဲသို့ ပြန်လည်ရောက်ရှိလာအောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရေး တိုက်တွန်းမှာကြားပြီး သင်တန်းအတွက် ဆန်၊ ဆီ၊ ကုလားပဲစသည့် စားသောက်ကုန်ပစ္စည်းများနှင့် သင်တန်းအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့လှူဒါန်းပေးကြသည့် လူမှုရေးအဖွဲ့အစည်းများနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၈ ရက်မှ အောက်တိုဘာ ၂၅ ရက်အထိ သင်တန်းသား ၂၀ တို့ကို ကျန်းမာရေးဦးစီးဌာန မြစ်ကြီးနားမူးယစ်ဆေးရုံက ကုသရေးလုပ်ငန်းများအပြင် သက်မွေးသင်တန်းများဖြစ်သည့် ဆိုင်ကယ်ပြုပြင်ရေးသင်တန်း၊ ကောက်ရိုးမှိုနှင့် ငွေနှင်းမှိုစိုက်ပျိုးနည်းသင်တန်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



သင်တန်းအတွက် ထောက်ပံ့လှူဒါန်းပေးကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်စဉ်။

# စစ်ကိုင်းတိုင်းဒေသကြီး၌ ယခုနှစ် မိုးရာသီတွင် ပုဂ္ဂလိကသစ်မာစိုက်ခင်း ၁၁၂၇ ဧက စိုက်ပျိုးရန်လျာထား

**မုံရွာ ဇူလိုင် ၂၈**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက(သစ်မာ)စိုက်ခင်း ၁၁၂၇ ဧက စိုက်ပျိုးရန်လျာထားရာ ၂၀၁၉ ခုနှစ် ဇွန်လကုန်အထိ ၃၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"သဘာဝသစ်တော ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ပြန်လည်စိုက်ပျိုးတာပါ။ ပုဂ္ဂလိက ကုမ္ပဏီတွေပါမယ်၊ အစုအဖွဲ့တွေပါမယ်။ ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးကြတာပါ။ အခု ဘဏ္ဍာနှစ်မှာတော့ သစ်မာစိုက်ခင်း ဧက ၁၁၀၀ ကျော်ကို စိုက်ပျိုးဖို့ လျာထားပါတယ်။ ဇွန်လကုန်အထိ လျာထားချက်ရဲ့ သုံးပုံတစ်ပုံတော့ စိုက်ပျိုးပြီးစီးသွားပြီ" ဟု တိုင်းဒေသကြီး သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့အောင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သစ်တောကြီးများ ရေရှည်တည်တံ့စေရန်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများ အထောက်အကူဖြစ်စေရန်အတွက် သစ်ပင်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် နိုင်ငံတော်မှ တာဝန်ယူဆောင်ရွက်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းရှင်များက မိမိတို့ကိုယ်ပိုင်သစ်တောစိုက်ခင်းများကို တည်ထောင်စိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ရန် စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။

**ဝင်းဦး (ဇေယျာတိုင်း)**

# မင်းပြားမြို့၌ ကမ်းပါးပြိုကျကာ ပျက်စီးဆုံးရှုံးသွားသော နေအိမ်များအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



သဘာဝဘေးကြောင့် ပျက်စီးနေအိမ်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**မြောက်ဦး ဇူလိုင် ၂၈**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများသည် မင်းပြားမြို့နယ်၌ ရေကြီးနစ်မြုပ်မှုများကြောင့် ကမ်းပါးပြိုကျကာ လုံးဝပျက်စီးဆုံးရှုံးသွားသော နေအိမ်များမှ မိသားစုဝင်များအတွက် ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်ခြင်းကို ယမန်နေ့က အဆိုပါမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး ခန်းမ၌ ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်ခြင်းကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဌေးဌေးဝင်းနှင့် တာဝန်ရှိသူများက ကမ်းပါးပြိုကျကာ အိမ်များလုံးဝပျက်စီးဆုံးရှုံးသွားသည့် မင်းပြားမြို့ ဦးစိုးတင့်ရပ်ကွက်မှ နေအိမ်ခြောက်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး နေအိမ်တစ်လုံးလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ခြောက်သိန်းကိုလည်းကောင်း၊ ပြည်တော်သာရပ်ကွက်မှ ပျက်စီးသွားသော နေအိမ်တစ်လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အဆိုပါ ရပ်ကွက်နှစ်ခုရှိ ပျက်စီးဆုံးရှုံးသွားသော စုစုပေါင်း အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၃၀ အတွက် ဆန်ရိက္ခာ ခုနစ်ရက်စာဖိုး ထောက်ပံ့ငွေကျပ် ၆၃၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၅ မျိုးတို့ကို ကမ်းပါးပြိုကျမှု သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသော ပြည်သူများထံသို့ သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရေဘေးအသိပညာပေး




## ကာဗွန်ထုတ်လုပ်မှုလျှော့ချခြင်းဖြင့် အိုဇုန်းလွှာကို ကာကွယ်ကြပါစို့

# အူရီဒူးနှင့် UNDP တို့၏ Hackathon ပြိုင်ပွဲမှ အနိုင်ရရှိသူများ၏ ဆန်းသစ်တီထွင်မှုများ ထုတ်ဖော်ပြသ

**ရန်ကုန် ဇူလိုင် ၂၈**

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်းပြီး မြန်မာနိုင်ငံ၌ စွန့်ဦးတီထွင်မှုနှင့် ဒစ်ဂျစ်တယ်ဆန်းသစ်တီထွင်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ 'စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်များတွင် အမျိုးသမီးများနှင့် လူငယ်များ စွမ်းဆောင်ရည်မြှင့်တင်ခြင်း' ခေါင်းစဉ်ဖြင့် ဟက်ကသွန် နည်းပညာဆိုင်ရာပြိုင်ပွဲကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့ပြီးနောက် အဆိုပါပြိုင်ပွဲတွင် အနိုင်ရရှိခဲ့သူများ၏ ဆန်းသစ်တီထွင်မှုများကို ဇူလိုင် ၂၇ ရက်က ပြသခဲ့သည်။

အဆိုပါ ပြပွဲ Demo Day ကို ရန်ကုန်မြို့ရှိ အူရီဒူးမြန်မာရုံးချုပ်၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အနိုင်ရရှိသည့် အဖွဲ့သုံးဖွဲ့က ၎င်းတို့၏ ဆန်းသစ်တီထွင်မှုများကို စီးပွားရေးစတင်တည်ထောင်လိုသူများနှင့် ရင်းနှီးမြှုပ်နှံလိုသူများ စိတ်ပါဝင်စားမှုရှိလာစေရန် ထုတ်ဖော်ပြသခဲ့သည်။ အနိုင်ရရှိသည့်အဖွဲ့များမှ အဖွဲ့နှစ်ဖွဲ့မှာ စိုက်ပျိုးရေးဆိုင်ရာ အခန်းကဏ္ဍအတွက် ဆန်းသစ်တီထွင်မှုများကို တင်ဆက်ပြသခဲ့သည်။

Blind Hat အဖွဲ့၏ စိမ်းလဲ့မြေ အက်ပလီကေးရှင်းသည် စိုက်ပျိုးရေးကဏ္ဍကို အကျိုးဖြစ်ထွန်းစေသည့် အထောက်အကူပြုနည်းပညာဖြစ်ပြီး အရောင်းအဝယ်ဆိုင်ရာ ချိတ်ဆက်လုပ်ကိုင်ခြင်း၊ ငှားရမ်းခြင်းနှင့် သတင်းအချက်အလက်မျှဝေခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထိုမှတဆင့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်ကုန်များ၊ အာဟာရဓာတ်များ၊ စက်ကိရိယာများနှင့်စပ်လျဉ်းပြီး ရောင်းချသူနှင့် ဝယ်ယူသူများအကြား သတင်းအချက်အလက် ကွာဟမှုများမရှိအောင် စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် တောင်သူလယ်သမားများ၏ ကုန်စည်စီးဆင်းမှုနှင့် အကျိုးစီးပွားဖြစ်ထွန်းမှုများကို အဆင့်မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

Team Deca အဖွဲ့၏ Dr.Kyet အက်ပလီကေးရှင်းသည် ကျေးလက်ဒေသရှိ မွေးမြူရေးသမားများအတွက် အထောက်အကူပြုနည်းပညာဖြစ်ပြီး ကြက်၊ ဘဲ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်နေသည့် မွေးမြူရေးသမားများအတွက် နေ့စဉ်သတင်းအချက်အလက်များ ရယူနိုင်ခြင်း၊ မေးခွန်းများကို လျင်မြန်စွာ ဖြေကြားခြင်းနှင့် အခက်အခဲများကို ဖြေရှင်းခြင်းတို့တွင် အပြန်အလှန် မြန်ဆန်စွာမေးမြန်းစုံစမ်းနိုင်မည့် chatbot တစ်ခုဖြစ်သည်။

Team Divas ၏ HearU အက်ပလီကေးရှင်းမှာ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းကဏ္ဍအတွက် နည်းပညာတစ်ခုဖြစ်ပြီး ကုမ္ပဏီတွင်းမှ မမှန်ကန်သည့် လုပ်ရပ်များကို လူ့စွမ်းအားအရင်းအမြစ်ဌာနနှင့် စီမံခန့်ခွဲမှုဌာနထံသို့ တိုက်ရိုက်သတင်းပို့နိုင်မည့် နည်းပညာဖြစ်သည်။

အူရီဒူးမြန်မာ၏ CEO ဖြစ်သူ Rajeev Sethi က "ဒီနေ့အခမ်းအနားက လူငယ်တွေကို ဆန်းသစ်တီထွင်မှု အတွေးအကြံ အသစ်အဆန်းတွေ ထုတ်ဖော်ပြသနိုင်အောင် တွန်းအားပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီ ဆန်းသစ်တီထွင်တဲ့ အတွေးအကြံတွေကတစ်ဆင့် လူနေမှုဘဝတွေကို အင်တာနက်၊ နည်းပညာစွမ်းဆောင်ရည်တွေနဲ့ ပြည့်စုံစေမှာဖြစ်ပြီး နေ့စဉ်နဲ့အမျှ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေကို အဆင်ပြေချောမွေ့စွာ စီစဉ်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ အူရီဒူးရဲ့ ရေရှည်ရည်မှန်းချက်နဲ့ ကတိကဝတ်တွေဟာ လူငယ်တွေကို ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကဏ္ဍမှာ စိတ်အားတက်ကြွစွာ ပါဝင်လုပ်ဆောင်နိုင်ဖို့ ရည်ရွယ်ပါတယ်"ဟု ပြောကြားသည်။

အူရီဒူးနှင့် UNDP တို့အနေဖြင့် အဆိုပါ အနိုင်ရရှိခဲ့သည့် အဖွဲ့သုံးဖွဲ့အား ၎င်းတို့အားစိုက်ထုတ် ကြိုးပမ်းထားသည့် ရလဒ်များအပေါ် အခိုင်အမာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် စွန့်ဦးတီထွင်မှုဆိုင်ရာ ကျွမ်းကျင်ပညာရပ်များကို တိုးမြှင့်နိုင်စေရန် အခွင့်အလမ်းများဖြစ်သည့် ဘဏ္ဍာရေးဆိုင်ရာနှင့် အခြား အထောက်အကူပြု ပံ့ပိုးခြင်းများကို လုပ်ဆောင်ပေးခဲ့ပြီး Impact Hub ကလည်း လမ်းညွှန်ပြသ ပျိုးထောင်လေ့ကျင့်ပေးခဲ့ကြောင်း သိရသည်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**



# အမျိုးသမီးများအတွက် ခင့်ကမ္ဘာ ဝက်ဘ်ပေါ်တယ်လ် ဝန်ဆောင်မှုကို MPT မိတ်ဆက်

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာအမျိုးသမီးများအတွက် ဗဟုသုတနှင့် ရသမျိုးစုံကို ပံ့ပိုးနိုင်ရန် အဓိက စီစဉ်ထားသော ခင့်ကမ္ဘာ ပေါ်တယ်လ် ဝန်ဆောင်မှုအသစ်ကို MPT က ဇူလိုင်လအတွင်း စတင် မိတ်ဆက်ထားပြီး အဆိုပါ ခင့်ကမ္ဘာ ပေါ်တယ်လ် ဝန်ဆောင်မှုတွင် အသက်အရွယ် အမျိုးမျိုးမှ အမျိုးသမီးများအတွက် အဓိက ရည်ရွယ်ထားသော သတင်းအချက်အလက်များ၊ ဗဟုသုတနှင့် ရသ အကြောင်းအရာများကို မြန်မာဘာသာဖြင့် ဖတ်ရှုနိုင်ရန် စီစဉ်ပေးထားကြောင်း သိရသည်။




အဆိုပါ ခင့်ကမ္ဘာ ပေါ်တယ်လ် ဝန်ဆောင်မှုသည် မိုဘိုင်းလ်နှင့်ဝက်ဘ်ပေါ်တယ်လ်များပေါ်မှ နည်းပညာနှင့် တယ်လီကွန်းဝန်ဆောင်မှုများ၊ ထပ်ဆောင်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးနေသော CSS Technology ကုမ္ပဏီနှင့် MPTတို့ လက်တွဲဆောင်ရွက်ထားခြင်းဖြစ်ပြီး ဝက်ဘ်ဆိုက်လိပ်စာမှာ http://khintkabar.com ဖြစ်သည်။MPTသုံးစွဲသူများအတွက် သီးသန့်စီစဉ်ထားခြင်းဖြစ်၍ MPT ၏ မိုဘိုင်းအင်တာနက်ကို အသုံးပြုပြီး ဝက်ဘ်ဆိုက်ကို ဝင်ရောက်ကာ ဖုန်းနံပါတ်ဖြင့် စာရင်းသွင်း၍ အကြောင်းအရာများကို ဖတ်ရှုနိုင်မည်ဖြစ်သည်။

ခင့်ကမ္ဘာပေါ်တယ်လ် ဝန်ဆောင်မှုအသစ်နှင့်ပတ်သက်၍ MPT မှ တာဝန်ရှိသူတစ်ဦးက "ဒီကနေ့ မြန်မာအမျိုးသမီးတွေဟာ သမားရိုးကျ အမေတစ်ယောက်၊ သမီးတစ်ယောက် ဒါမှမဟုတ် အိမ်ထောင်ရှင်မတစ်ယောက်အဖြစ်နဲ့ပဲ ဘဝကို ရိုးရိုးကြီးဖြတ်သန်းနေကြတဲ့ခေတ် မဟုတ်တော့ပါဘူး။ တော်တော်များများဟာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လုပ်ငန်းခွင်မှာ အလုပ်ဝင်နေသူတွေ၊ ပညာဝေမျှနေသူတွေ၊ ဥပဒေပြုနေသူတွေနဲ့ ခေါင်းဆောင်တွေအဖြစ် သက်ဆိုင်ရာ အသိုင်းအဝိုင်းမှာ ပါဝင်နေကြပြီဖြစ်ပါတယ်။ ခင့်ကမ္ဘာ ပေါ်တယ်လ် ဝန်ဆောင်မှုဟာ အမျိုးသမီးတွေအနေနဲ့ ကဏ္ဍအစုံမှာ အာရုံစိုက်လာနိုင်ဖို့အပြင် ကိုယ်ရွေးချယ်ထားတဲ့ နယ်ပယ်မှာ အောင်မြင်လာဖို့ လိုအပ်ချက်တွေကိုရော၊ သူတို့အတွက် ဖျော်ဖြေရေးတွေကိုပါ ထိထိရောက်ရောက် ပံ့ပိုးပေးမှာဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ ခင့်ကမ္ဘာ ပေါ်တယ်လ် ဝန်ဆောင်မှုတွင် အမျိုးသမီးတို့၏ ပင်ကိုအရည်အသွေး၊ ဗဟုသုတများ၊ ပျော်ရွှင်မှု၊ အတွေးအခေါ် စသည်တို့အတွက် အကျိုးပြုပေးနိုင်မည့် သတင်းအချက်အလက်များကို ဖော်ပြထားပြီး ဆောင်းပါးများ၊ ပျော်စရာ၊ ပရိမိုးရှင်း၊ အချက်အပြုတ်၊ DIY၊ ဖက်ရှင်၊ အထွေထွေဗဟုသုတနှင့် သီချင်းဟု ကဏ္ဍ ရှစ်ခု ပါဝင်သည်။

ဆောင်းပါးကဏ္ဍတွင် ကျန်းမာရေး၊ အလှအပ၊ အချစ်ရေးနှင့် အမျိုးသမီးများ ကြုံကြိုက်နှစ်သက်သည့် အခြားသော ကိစ္စရပ်များစွာကို အထောက်အပံ့ပေးနိုင်မည့် အကြောင်းအရာများစွာကို ဖတ်ရှုနိုင်မည်ဖြစ်သည်။ ပျော်စရာကဏ္ဍတွင် ရုပ်ပြဟာသများ၊ ဇာတာခွင်နှင့် တားရော့များမှတစ်ဆင့် ပျိုမေတို့အတွက် ကံကောင်းစေမည့် အရောင်၊ ဂဏန်း၊ နေ့ရက်နှင့် အချိန်၊ အချစ်ရေးနှင့် လူမှုဆက်ဆံရေးကဏ္ဍများတွင် သင့်တော်ရာ ရွေးချယ်မှုများပြုလုပ်နိုင်ရန် ကူညီပေးမည့် အစီအစဉ်များ ပါဝင်သည်။

ပရိမိုးရှင်းကဏ္ဍတွင် ရန်ကုန်မြို့တွင်း၌ လျှော့ဈေးပေးနေသော နေရာများနှင့် ပရိမိုးရှင်းပွဲကျင်းပမည့် နေရာများကို ဖော်ပြထားသည်။ အချက်အပြုတ်ကဏ္ဍတွင် အိမ်၌ အလွယ်တကူ ချက်ပြုတ်နိုင်မည့် အရှေ့တိုင်း၊ အနောက်တိုင်းနှင့် မြန်မာ့ရိုးရာ ဟင်းလျာများ ချက်ပြုတ်ရန် ဟင်းချက်နည်းများကို ဖော်ပြထားသည်။ DIY ကဏ္ဍမှာ အမျိုးသမီးများအနေဖြင့် အားလပ်ချိန်များတွင် မိမိတို့ကိုယ်တိုင် အလွယ်တကူ ပြုလုပ်နိုင်မည့် အိမ်တွင်းမှု အနုပညာလက်ရာများနှင့် နေ့စဉ်ဘဝတွင် လက်တွေ့အသုံးတည့်စေမည့် လက်မှုပညာနည်းလမ်းများ ပါဝင်သည်။

ဖက်ရှင်ကဏ္ဍတွင် ယနေ့ခေတ် ဖက်ရှင်ရေစီးကြောင်းအလိုက် အဝတ်အစား၊ မိတ်ကပ်၊ ဆံပင်ပုံစံများနှင့် အသုံးအဆောင်ပစ္စည်းများကို အမျိုးသမီးများအနေဖြင့် မိမိတို့လိုအပ်ချက်များအပေါ် မူတည်၍ လိုက်လျောညီထွေစွာ ဝတ်ဆင်နိုင်ရန် ဖော်ပြထားပြီး အထွေထွေဗဟုသုတကဏ္ဍတွင် အောင်မြင်ကျော်ကြားသူများ၏ ဘဝဇာတ်ကြောင်းများ အပါအဝင် လတ်တလောနှင့် မကြာမီ ရုံတင်မည့် ရုပ်ရှင်များ၊ သုတစာပေ ရသစာပေများအပေါ် သုံးသပ်ချက်များစသည့် စိတ်ခွန်အားဖြစ်ဖွယ်များကို ဖော်ပြထားသည်။ သီချင်းကဏ္ဍတွင်မူ ပြည်ပမှ အနုပညာရှင်များ၏ ဂီတအမျိုးအစားအစုံမှ အချစ်သီချင်းများနှင့် စိတ်ခွန်အားရဖွယ်သီချင်းများကို နားဆင်နိုင်မည်ဖြစ်သည်။

အဆိုပါ ခင့်ကမ္ဘာ ပေါ်တယ်လ် ဝန်ဆောင်မှုများကို အသုံးပြုရန်အတွက် MPTဖုန်းများမှတစ်ဆင့် နံပါတ် ၈၄၄၀ သို့ ON ဟု စာတိုပို့ခြင်းဖြင့်လည်းကောင်း၊ ဝက်ဘ်ဆိုက်လိပ်စာသို့ဝင်၍ MPT နံပါတ်ဖြင့် စာရင်းပေးသွင်းခြင်းဖြင့်လည်းကောင်း ဝင်ရောက်ရမည် ဖြစ်ပြီး ဝန်ဆောင်မှု အသုံးပြုခမှာ တစ်ရက်လျှင် ၉၉ ကျပ်နှုန်း ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# ဟွာဝေးနှင့် Burmese Ghouls ဂိမ်းအဖွဲ့တို့ တရားဝင် လက်တွဲမှုပြုလုပ်

**ရန်ကုန် ဇူလိုင် ၂၈**

မြန်မာနိုင်ငံ၏ နာမည်ကြီး Esports အသင်းတစ်သင်းဖြစ်သည့် Burmese Ghouls နှင့် ဟွာဝေးမြန်မာ(Huawei Consumer Business Group-HCBG)တို့၏ တရားဝင် လက်တွဲပူးပေါင်းမှုကို ဇူလိုင် ၂၆ ရက်က မိတ်ဆက်လိုက်ခြင်းဖြင့် မြန်မာ့ Esports နယ်ပယ်တွင် မှတ်တိုင်တစ်ခု ဖြစ်လာခဲ့သည်။

Burmese Ghouls သည် ၂၀၁၈ ခုနှစ် ဇွန်လက မြန်မာနိုင်ငံ၌ ပထမဆုံးကျင်းပသော Mobile Legends ဂိမ်းပြိုင်ပွဲဖြစ်သည့် MSC MM Qualifier 2018 တွင် အနိုင်ရရှိသည့်အသင်း ဖြစ်ခဲ့ပြီး နောက်ဆုံးအဆင့် ယှဉ်ပြိုင်မှုအတွက် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ယှဉ်ပြိုင်ခွင့်ကိုလည်း ရရှိခဲ့သည်။ Burmese Ghouls သည် မလေးရှားနှင့် စင်ကာပူရှိ ထိပ်သီးအသင်းအချို့အား အနိုင်ရရှိထားကာ မြန်မာနိုင်ငံ၏ Esports သမိုင်းတွင် မှတ်တိုင်သစ်များ စိုက်ထူထားနိုင်သည့် အသင်းတစ်သင်းလည်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ Esports နယ်ပယ်ကို အဆင့်မြှင့်တင်နိုင်ရန်အတွက်လည်း လုပ်ဆောင်လျက်ရှိသည့် အသင်းတစ်သင်းဖြစ်သည်။

ဟွာဝေးအနေဖြင့်လည်း မြန်မာနိုင်ငံ၏ Esports ကဏ္ဍအတွက် ထောက်ပံ့မှုများ ပေးလျက်ရှိရာ ၂၀၁၇ ခုနှစ်က Huawei Esports Gaming Challenge အမည်ဖြင့် Mobile Legend ဂိမ်းပြိုင်ပွဲကို ပထမဆုံး ကျင်းပခဲ့ပြီး ထိုပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွင်းရှိ Mobile Legend Player အများအပြား ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ဟွာဝေးသည် Esports Gaming Challenge ကို ၂၀၁၈ တွင်လည်း ဆက်လက်ပြုလုပ်ခဲ့ပြီး ယခု ၂၀၁၉ အတွက် ပြိုင်ပွဲကိုလည်း စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်သည်။

ဟွာဝေးနှင့် Burmese Ghouls တို့အနေဖြင့် လက်တွဲပူးပေါင်းမှုများကို ယခုနှစ် မတ်လအတွင်းကပင် စတင်ဆောင်ရွက်နေခဲ့ပြီး ယခု ဇူလိုင် ၂၆ ရက်တွင် တရားဝင်သတင်းထုတ်ပြန် အသိပေးခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ လက်တွဲမှုနှင့် ပတ်သက်ပြီး ဟွာဝေးမှ တာဝန်ရှိသူတစ်ဦးက "မြန်မာပြည် ဈေးကွက်အတွင်းကို Esports စတင်ရောက်ရှိလာတဲ့အချိန်မှာပဲ ဒီအားကစားဟာ အချိန်တိုအတွင်းမှာ အကောင်းဆုံး အနေအထားတစ်ခု ရောက်မယ်လို့ ကျွန်မတို့ ခန့်မှန်းခဲ့ကြပါတယ်။ ဒါကြောင့်လည်း အဲဒီအချိန်တုန်းကတည်းက ထောက်ပံ့မှုတွေကို စတင်ပေးအပ်ခဲ့ပြီး အခုလိုမျိုး Burmese Ghouls နဲ့ ပူးပေါင်းမှုကိုလည်း ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ Burmese Ghouls နဲ့အတူ လက်တွဲပြီး မြန်မာ့ Esports နယ်ပယ်ကို ကောင်းမွန်တဲ့ ပြောင်းလဲမှုတွေ သယ်ဆောင်လာနိုင်အောင် ကြိုးစားသွားပါ့မယ်"ဟု ပြောကြားသည်။

ဟွာဝေးသည် Burmese Ghouls အသင်းကို ၂၀၁၉ ခုနှစ်အတွင်းမှ စတင်ကာ တရားဝင် ပံ့ပိုးကူညီမှုများ ပေးအပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ Esports ကဏ္ဍအတွက် ထားရှိထားသည့်ရည်မှန်းချက်သို့ ရောက်ရှိအောင် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

## New Product

# စွမ်းဆောင်ရည်မြင့် ဖုန်းမော်ဒယ်သစ်တစ်ခုအဖြစ် ဈေးကွက်ဝင်လာသည့် Vivo S1

Vivo အမှတ်တံဆိပ်ဟာ မြန်မာနိုင်ငံမှာ နာမည်ကြီးတံဆိပ်တွေလောက် လူအများစိတ်ဝင်စားမှုမရှိပေမယ့် ကောင်းမွန်တဲ့ စွမ်းဆောင်ရည်နဲ့အတူ ထိုက်တန်တဲ့ ဈေးနှုန်းကြောင့် တဖြည်းဖြည်းနဲ့ ဈေးကွက်ရရှိလာနေတဲ့ဖုန်းဖြစ်ပါတယ်။ Vivo S1 ကတော့ Vivo ရဲ့နောက်ဆုံးထွက် ဖုန်းမော်ဒယ်သစ်တစ်ခုဖြစ်ပြီး လက်ရှိအချိန်မှာ ဈေးကွက်ထဲ မရောင်းသေးဘဲ အကြိုမှာယူမှုတွေ လက်ခံနေပြီး ဩဂုတ်လဆန်းပိုင်းကျမှ ရောင်းချမှာဖြစ်ပါတယ်။ ဒီဖုန်းဟာလည်း စွမ်းဆောင်ရည်ပိုင်း ကောင်းမွန်သလို ဈေးနှုန်းပိုင်းလည်း သင့်တော်တာကြောင့် ဖုန်းသုံးစွဲသူအချို့ရဲ့ ကြိုတင်စိတ်ဝင်စားမှုကို ရရှိနေပါတယ်။

Vivo S1 ဟာ မျက်နှာပြင်အကျယ် ၆ ဒသမ ၃၈ လက်မရှိပြီး Resolution 1080 x 2340 pixels နဲ့ Super AMOLED စခရင်ဖြစ်တာကြောင့် ရုပ်ထွက်အရည်အသွေးပိုင်း အထူးကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် 9.0(Pie)ကို Vivo ရဲ့ Funtouch 9 နဲ့ တွဲသုံးထားပါတယ်။ CPU အနေနဲ့ Cortex-A75 နဲ့ Cortex-A55 CPU တွေကို အသုံးပြုထားပြီး အင်တာနယ်မင်မိုရီက 128GB ရှိပါတယ်။ RAM အပိုင်းမှာတော့ 4GB နဲ့ 6GB လို့ နှစ်မျိုးခွဲထွက်ထားတာ တွေ့ရပြီး ပြည်တွင်းဈေးကွက်ထဲက အကြိုမှာယူမှုတွေမှာတော့ 6GB ကိုပဲ ရောင်းချနေတာ တွေ့ရပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးနိုင်ပြီး 256GB အထိကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာ နောက်ဘက်ကင်မရာဟာ ၁၆ မဂ္ဂါပစ်ဇယ်(Wide)ကင်မရာ၊ ၈ မဂ္ဂါပစ်ဇယ်(Ultrawide)ကင်မရာနဲ့ ၅ မဂ္ဂါပစ်ဇယ်(Depth Sensor)ကင်မရာတွေ ပါဝင်တဲ့ Triple ကင်မရာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာက ၃၂ မဂ္ဂါပစ်ဇယ်ဖြစ်လို့ ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အကြိုက်တွေ့စေမှာဖြစ်ပါတယ်။

ထူးခြားချက်ကတော့ Finger Print Sensor ဟာ အရင်ထွက်ခဲ့တဲ့ Vivo ဖုန်းအများစုလို ကိုယ်ထည်နောက်ဘက် ဒါမှမဟုတ် ဘေးက ပါဝါခလုတ်ပေါ်မှာ မဟုတ်တော့ဘဲ ဖုန်း Screen ပေါ်မှာပဲ Under display အနေနဲ့ ပါဝင်လာတာ ဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာတော့ 4500 mAh ရှိတဲ့ Li-Po ဘက်ထရီပါဝင်လို့ အချိန်ကြာမြင့်စွာအသုံးပြုနိုင်မှာဖြစ်ပြီး အားသွင်းစနစ်မှာလည်း Dual Engine Fast Charging 10W System ပါလို့ ပုံမှန်အားသွင်းချိန်ထက် တစ်ဆလောက် ပိုမိုမြန်ဆန်စေမှာဖြစ်ပါတယ်။ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး မိုဘိုင်းကွန်ရက်အတွက် GSM နဲ့ အင်တာနက်ကွန်ရက်အတွက် 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ Skyline Blue နဲ့ Black Diamond လို့ အရောင်နှစ်မျိုး ရရှိနိုင်မှာဖြစ်ပြီး အကြိုမှာယူမှု လက်ခံနေတဲ့ ဈေးနှုန်းက ကျပ် ၄၃၀၀၀၀ ဝန်းကျင် ရှိပါတယ်။

**သူရဖြိုး**



# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာကျောင်းသားများ ရွှေနတ်တောင်ကာကွယ်တောသို့ လေ့လာရေးကွင်းဆင်း



ရွှေနတ်တောင် ကာကွယ်တောအတွင်း ကွင်းဆင်းနေသော ကျောင်းသား ကျောင်းသူများ။

**သာစည် ဇူလိုင် ၂၈**

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ် (ရေဆင်း) မှ ဘွဲ့ကြိုတတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် ကျောင်း သား ကျောင်းသူများသည် သာစည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက တည်ထောင်ထိန်းသိမ်းထားသော ရွှေနတ်တောင် အဆိုပြုကြိုးပြင် ကာကွယ်တောမှ အခြားစိုက်ခင်း ၂၅ ဧကသို့ ဇူလိုင် ၂၇ ရက်က ကွင်းဆင်းလေ့လာခဲ့ကြောင်း သိရသည်။

ကွင်းဆင်းကျောင်းသားများအဖွဲ့အား သာစည်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းထိုက်က ရှင်းလင်းဆောင်၌ တွေ့ဆုံ၍ ရွှေနတ်တောင် အဆိုပြုကြိုးပြင်ကာကွယ်တောတွင် ကျောက်စီနုန်းထိန်းတမံငယ် တည်ဆောက်ခြင်း၊ တစ် ဖက်ရပ်ဆည်တည်ဆောက်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်မှုများအကြောင်း ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြသည်။

ထို့နောက် ဦးစီးအရာရှိက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော စိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းခြင်း၊ ထင်းအစား အခြားလောင်စာ သုံးစွဲဖြန့်ဖြူးခြင်း လုပ်ငန်းများနှင့် ရေရှိရေးအကောင်အထည်ဖော်နေမှုများကို ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ကြိုးပြင် ကာကွယ်တောအတွင်း လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ကွင်းဆင်းအဖွဲ့တွင် သစ်တောဦးစီးဌာနရုံးချုပ် တိုးချဲ့ပညာပေးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးဝင်း-၆ ခေါင်းဆောင်သော CF အဖွဲ့က ဦးဆောင်ပြီး သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ တာဝန်ခံ ဆရာ တစ်ဦး၊ ကြီးကြပ် ဆရာ ဆရာမ ခြောက်ဦးနှင့် ကျောင်းသား ကျောင်းသူ ၂၂၈ ဦးတို့ ပါဝင်ကြောင်း သိရသည်။

**ထွန်းထွန်း (သာစည်)**

# လယ်ဝေးမြို့နယ်မှ ရွှေဖရုံသီးများ အထွက်နှုန်းနည်းပါး၍ စိုက်ပျိုးသည့်တောင်သူများ အရှုံးပေါ်နေ

**မိတ္ထီလာ ဇူလိုင် ၂၈**

နေပြည်တော် လယ်ဝေးမြို့နယ်၌ စိုက်ပျိုးသည့် ရွှေဖရုံသီးများမှာ ယခုနှစ်တွင် အထွက် နှုန်းနည်းပါး၍ တောင်သူများ အရှုံးပေါ်လျက်ရှိကြောင်း ရွှေဖရုံသီးများကို အခြားမြို့နယ်များသို့ လက်လီလက်ကားဖြန့်ဖြူးရာနေရာဖြစ်သည့် မိတ္ထီလာမြို့ဈေးကွက်မှ သိရသည်။

ယခုနှစ်တွင် ရွှေဖရုံသီးအကြီးတစ်လုံးလျှင် ကျပ် ၁၄၀၀၊ အလတ်တစ်လုံး ၁၃၀၀ နှင့် အသေးတစ်လုံး ၇၀၀ ခန့်ဖြင့် လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေရသော်လည်း သီးနှံစိုက်ပျိုးပြီးချိန်က မိုးများပြီး စိုက်ခင်းအတွင်း ရေများဝင်ရောက်၍ အပင်များ ပျက်စီးခဲ့ခြင်းကြောင့် တစ်ဧကလျှင် ရွှေဖရုံသီး အနည်းငယ်သာ ထွက်ရှိကာ တောင်သူများအနေဖြင့် တစ်ဧကစိုက်ပျိုးစရိတ် ပြန်လည်ရရှိခြင်းမရှိဘဲ အရှုံးပေါ်နေကြောင်း ကူသပိတ်ကျေးရွာမှ မိတ္ထီလာဈေးကွက်အတွင်းသို့ ဖရုံသီး လာရောက်ရောင်းချသူ ဦးကျော်လွင်က ပြောသည်။

လယ်ဝေးမြို့နယ်မှ ကူသပိတ်ကျေးရွာ အပါအဝင် ကျေးရွာများ၌ ရွှေဖရုံသီးများကို တန်ခူးလမှ စတင်စိုက်ပျိုးကာ ဝါဆိုမှ တော်သလင်းလအတွင်း ခူးဆွတ်ပြီး ထိုရွှေဖရုံသီး အားလုံးကို မိတ္ထီလာမြို့ဈေးကွက်သို့ ပို့ဆောင်၍ ထိုမှတစ်ဆင့် အခြားမြို့နယ်များသို့ လက်လီလက်ကား ဖြန့်ဖြူးရောင်းချကြရာ ယခုနှစ်တွင်လည်း မိတ္ထီလာမြို့မှတစ်ဆင့် မန္တလေး၊ မုံရွာ၊ မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ကူမဲ၊ မလှိုင်၊ သာစည်နှင့် ဝမ်းတွင်းမြို့နယ်များသို့ ဖြန့်ဖြူးလျက်ရှိသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**



# ဆေးပေးခန်းနှင့် သားဖွားဆရာမနေအိမ်ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ ဆွမ်ပရာဘွမ်၌ ကျင်းပ

**ဆွမ်ပရာဘွမ် ဇူလိုင် ၂၈**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ခေါ့ဂရန်းယာန်ကျေးရွာ၌ ဂျပန်နိုင်ငံမှလှူဒါန်းမှုဖြင့် ဆောက်လုပ်ခဲ့သော ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း အဆောက်အအုံနှင့် သားဖွားဆရာမနေအိမ်တို့ကို ဆောက်လုပ်ပြီးစီးသွားသဖြင့် ဖွင့်ပွဲနှင့်လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဒွဲ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇာနည်တိုးနှင့် မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်ထွန်းတို့က ဆေးပေးခန်း အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမုန်ပေါန်နော်က အဆိုပါ ဆေးပေးခန်း အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက် စာရွက်စာတမ်းများကို မြို့နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်နိုင်ထွန်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**ဖုန်ကန် (ပူတာအို)**

# မြောင်းမြတွင် အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေးအတွက် ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်မည်

**မြောင်းမြ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် အမျိုးသားအဆင့် မူခင်းကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၇ ရက်က ခရိုင်အဆင့်ဌာနဆိုင်ရာများပါဝင်သော ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသော လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။

အစည်းအဝေးတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်ဝေက မူခင်းဖြစ်ပွားမှုအခြေအနေ ချပြရှင်းလင်းဆွေးနွေးကာ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။ ခရိုင်အတွင်း မူခင်းကျဆင်းရေးအတွက် တိုင်းဒေသကြီး မူခင်းကြိုတင်ကာကွယ်ရေး အကောင်အထည်ဖော်မှု လုပ်ငန်းကော်မတီ၏ ညွှန်ကြားချက်များ လိုက်နာအကောင်အထည်ဖော်ခြင်း၊ မြို့နယ်အဆင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် ကြီးကြပ်ခြင်း၊ လစဉ် အစည်းအဝေးပြုလုပ်၍ အားနည်းချက်အားသာချက်များ ဖော်ထုတ်ဆွေးနွေးခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ကွန်ဟိန်းမြို့နယ်မှ ပြည်သူများအား ကျန်းမာရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲကျင်းပ

**ကွန်ဟိန်း ဇူလိုင် ၂၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ ကျန်းမာရေးအသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက်က ကျင်းပခဲ့ရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်နန်းပြည့်စန္ဒီမြင့်က ဆွေးနွေးပွဲပြုလုပ်ပေးသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနမှ ဆရာမ ဒေါ်နှင်းနှင်းဝေက တိုင်းရင်းဆေးပညာနှင့် တုပ်ကွေးရောဂါအကြောင်း၊ အိမ်တွင်းကုထုံးများအကြောင်း အသိပညာပေးဆွေးနွေးပြီး မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမ ဒေါ်ခင်မာအေးက သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်များ လိုက်နာရန်အချက်များ၊ အထွေထွေရောဂါများအကြောင်း စသည်တို့ကို ဟောပြောခဲ့ကာ တက်ရောက်လာသူများ သိရှိလိုသည့် မေးမြန်းမှုများကိုလည်း ပြန်လည်ဖြေကြားခဲ့သည်။ ဆွေးနွေးပွဲသို့ ဒေသခံပြည်သူ ၄၀ ခန့် တက်ရောက်ခဲ့သည်။ **မြို့နယ် (ပြန်/ဆက်)**

# ခပေါင်းရေလှောင်တမံ၏ အရေးပေါ်အခြေအနေ ကြိုတင်စီမံခန့်ခွဲထားမှုအား ဒေသခံများကို ရှင်းလင်းပြောကြား

**တောင်ငူ ဇူလိုင် ၂၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (၃)ရုံး၊ တည်ဆောက်ရေး (၅)၊ တောင်ငူမြို့မှ စီစဉ်ကျင်းပသည့် တောင်ငူမြို့နယ်ရှိ ခပေါင်းရေလှောင်တမံအရေးပေါ်အခြေနေဖြစ်ပေါ်လာပါက ကြိုတင်စီမံခန့်ခွဲချက်နှင့် နည်းဥပဒေ ရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက်က တောင်ငူမြို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အရေးပေါ်အခြေနေဖြစ်ပေါ်လာလျှင် ပူးပေါင်းဆောင်ရွက်ရမည့် အခြေနေများကို ရပ်ကျေးအုပ်ချုပ်ရေးမှူးများအား ပြောကြားပြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး (၅)မှ ဦးစီးအရာရှိ ဦးမျိုးအောင်ဇင်က ခပေါင်းရေလှောင်တမံ၏ အခြေအနေ စိုးရိမ်မှုမရှိစေရန် ကြိုတင်စီမံထားသည့် ဆောင်ရွက်ချက်များကို Powerpoint ဖြင့် ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် တာဝန်ရှိသူတစ်ဦးက ခပေါင်းရေလှောင်တမံ၏ အရေးပေါ်အခြေအနေ အဆင့် (၁) အဆင့်(၂)၊ အဆင့် (၃)သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားကာ ဦးစီးအရာရှိ ဦးသောင်းတင်က နည်းဥပဒေများကို ရှင်လင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးကြသည်။ အဆိုပါ အခမ်းအနားသို့ တောင်ငူမြို့နယ်ရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးအဖွဲ့များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

**သူရ (တောင်ငူ)**



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
### (၁၃၈၁ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ရက်)
### ၂၀၁၉ခုနှစ် ဇူလိုင် ၂၉ ရက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများတွင် သတ်မှတ်အရည်အချင်းပြည့်မီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ရာထူး | ရာထူးနေရာ |
|---|---|---|
| (က) | ဒုတိယစုံစမ်းရေးမှူး (၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀) | (၂၅) နေရာ |
| (ခ) | လက်ထောက်စုံစမ်းရေးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၃၀) နေရာ |
| (ဂ) | ဒု-လက်ထောက်ဦးစီးမှူး (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) | (၈၀) နေရာ |

၂။ လျှောက်ထားသူများသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားသူဖြစ်ရမည်။ (B.C.Sc, B.C, Tech, B.A(Eng;)၊ B.A(IR), B.Com, LL.B ဘွဲ့ရရှိသူများနှင့် မဟာဘွဲ့ရရှိသူများအား ဦးစားပေးစဉ်းစားမည် ဖြစ်ပါသည်။)
- (ဂ) အင်္ဂလိပ်စာ/ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရမည်။
- (ဃ) ၃၁-၇-၂၀၁၉ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။
- (င) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ ဘွဲ့တစ်ခုခုရရှိသည့် ဝန်ထမ်းများနှင့် နိုင်ငံ့ဝန်ထမ်းများသည် ၃၁-၇-၂၀၁၉ ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (စ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) ဝန်ထမ်းအဖြစ်ခန့်အပ်ခြင်းခံရပါက အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။
- (ဇ) သက်ဆိုင်သည့်ရာထူးနေရာအတွက် ကော်မရှင်ကသတ်မှတ်ထားသည့် လေ့ကျင့်ရေးသင်တန်းများတက်ရောက်နိုင်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင်အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
- (က) လျှောက်ထားသူအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်နှင့်နေရပ်
- (ဂ) မွေးနေ့သက္ကရာဇ်နှင့်အသက်
- (ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (င) လျှောက်ထားလိုသည့်ရာထူး
- (စ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
- (ဆ) ဆက်သွယ်ရန်နေရပ်လိပ်စာနှင့်ဖုန်းနံပါတ်
- (ဇ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ)
- (ဈ) ရေးဖြေစာမေးပွဲများကို နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မိမိဖြေဆိုလိုသည့်နေရာအား တိကျသေချာစွာဖြည့်သွင်းပေးရမည်။

၄။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀ဝ (ကျပ်တစ်ထောင်တိတိ)ကို နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ငွေစာရင်းအမှတ် OA-012406 သို့ ပေးသွင်းရမည်ဖြစ်ပါသည်။ နယ်မှလျှောက်ထားသူများသည် နီးစပ်ရာမြန်မာ့စီးပွားရေးဘဏ်များမှတစ်ဆင့် ကော်မရှင်ရုံး၏ ငွေစာရင်းအမှတ် OA-012406 သို့ ငွေလွှဲဖြင့်ပေးသွင်းပြီး ငွေလွှဲပြေစာမူရင်းအား လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို နေပြည်တော်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးခွဲ (ရန်ကုန်)နှင့် ကော်မရှင်ရုံးခွဲ (မန္တလေး)တို့တွင် အခမဲ့ထုတ်ယူနိုင်ပါသည်။

၆။ အလုပ်လျှောက်ထားရာတွင် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများပူးတွဲတင်ပြရမည်-
- (က) ဝင်ကြေးပေးသွင်းသည့်ချလန်မူရင်း/ငွေလွှဲပြေစာမူရင်း
- (ခ) နှစ်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ(၃)ပုံ (၁"×၁.၂၅")
- (ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (ဃ) အသက်နှင့်ပညာအရည်အချင်းအတွက် အထောက်အထားမိတ္တူ(ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်း/အခြေခံပညာအထက်တန်းအောင်လက်မှတ် (သို့မဟုတ်) အောင်မြင်ခဲ့သည့်ကျောင်း၏ထောက်ခံစာ)
- (င) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (စ) (၁)လအတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ နေထိုင်ကြောင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်းနှင့် သက်ဆိုင်ရာနယ်မြေရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
- (ဆ) ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးစစ်ချက်လက်မှတ်မူရင်း
- (ဇ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆)မိတ္တူ
- (ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ခွင့်ပြုကြောင်း ထောက်ခံစာ (မူရင်း/မိတ္တူ)

၇။ လျှောက်လွှာများကို ၃၀-၈-၂၀၁၉ ရက် နောက်ဆုံးထား၍ နေပြည်တော်အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးခွဲ(ရန်ကုန်)နှင့် ကော်မရှင်ရုံးခွဲ(မန္တလေး)သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ၊ စာတိုက်မှဖြစ်စေ ရုံးချိန်အတွင်း အရောက်ပေးပို့လျှောက်ထားရမည်။ (သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအထောက်အထားမပြည့်စုံသူများကို (လုံးဝ) ထည့်သွင်းလက်ခံစဉ်းစားပေးမည်မဟုတ်ပါ။)

၈။ လျှောက်ထားသူများအနက် ဒုတိယစုံစမ်းရေးမှူးရာထူး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတမေးခွန်းလွှာတို့ပါဝင်သည့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲနှင့် လက်ထောက်စုံစမ်းရေးမှူးရာထူးနှင့် ဒုတိယလက်ထောက်ဦးစီးမှူးရာထူးလျှောက်ထားသူများသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတမေးခွန်းလွှာတို့ပါဝင်သည့် အရည်အချင်းစစ်ရေးဖြေစာမေးပွဲတို့အား နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဖြေဆိုရမည်ဖြစ်ပြီး လာရောက်ဖြေဆိုသည့်အခါ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဘွဲ့လက်မှတ်နှင့် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမူရင်းတို့အား တစ်ပါတည်းတင်ပြရမည်။ ဖြေဆိုမည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၉။ ဖြေဆိုခွင့်ကတ်ပြား (ခုံအမှတ်)ကို နေပြည်တော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးခွဲ(ရန်ကုန်)နှင့် ကော်မရှင်ရုံးခွဲ(မန္တလေး)တို့တွင် ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်မတိုင်မီ သုံးရက်အလိုတွင် စတင်ထုတ်ပေးမည်ဖြစ်၍ မိမိဖြေဆိုမည့်နေရာတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်း၊ ကွန်ပျူတာလက်တွေ့စစ်ဆေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာစစ်ဆေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြေဆိုခွင့်ရရှိသူအမည်စာရင်းများကို နေပြည်တော် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးခွဲ(ရန်ကုန်)နှင့် ကော်မရှင်ရုံးခွဲ(မန္တလေး)တို့ရှိ ကြော်ငြာသင်ပုန်းများ၊ ဌာန၏ Website ဖြစ်သော www.accm.gov.mm နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ကြေညာပေးထားမည်ဖြစ်ပါသည်။ စစ်ဆေးမည့်ရက်များအား ထပ်မံကြေညာသွားပါမည်။

၁၁။ အသေးစိတ်သိရှိလိုပါက နေပြည်တော်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စီမံရေးရာဦးစီးဌာန၊ အုပ်ချုပ်မှုဌာန၊ ဖုန်း-၀၆၇-၈၁၀၃၂၇၂ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(ရန်ကုန်)၏ဖုန်း-၀၁-၅၃၂၆၀၇ သို့ဖြစ်စေ၊ ကော်မရှင်ရုံးခွဲ(မန္တလေး)၏ ဖုန်း-၀၂-၄၀၅၆၀၇၉ သို့ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အရှေ့တောင်အာရှပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာသမိုင်းနှင့်ရိုးရာဓလေ့ဌာန
## SEAMEO CHAT

အရှေ့တောင်အာရှ ပညာရေးဝန်ကြီးများအဖွဲ့ ဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနသည် CHAT Communication in English Language Course, Basic Level I (3/2019) သင်တန်းကို အောက်ပါအစီအစဉ်ဖြင့် လက်ခံဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

**သင်တန်းအမည်** - CHAT Communication in English Language Course, Basic Level I (3/2019)

**သင်တန်းဖွင့်လှစ်မည့်နေရာ** - ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန ပြည်လမ်း၊ ရန်ကုန်မြို့

**သင်တန်းဝင်ခွင့်အရည်အချင်း** - သင်တန်းတက်ရောက်လိုသူများသည် အနိမ့်ဆုံးအခြေခံပညာအထက်တန်းအောင်မြင်ပြီး CHAT Communication in English Course ဝင်ခွင့်စာမေးပွဲတွင် သင်တန်းကလက်ခံနိုင်သော လူဦးရေနှင့်အညီ သတ်မှတ်ထားသောအောင်မှတ်ရရှိသူများဖြစ်ရမည်။

**သင်တန်းလက်ခံမည့်ပုံစံ** - ၂-၈-၂၀၁၉ ရက် နံနက် ၉း၀၀ နာရီတွင် SEAMEO CHAT Facebook တွင် ဖော်ပြထားသော Link မှတစ်ဆင့် သင်တန်းဝင်ခွင့်ပုံစံ (Online Registration Form)ကို ဖြည့်သွင်းပြီးတင်သွင်းရန် ဖြစ်ပါသည်။

(ဝင်ခွင့်စာမေးပွဲဖြေဆိုရမည့် အချိန်၊ နေ့ရက်၊ နေရာတို့ကို SEAMEO CHAT Facebook တွင်လည်းကောင်း၊ SEAMEO CHAT ဌာနတွင်လည်းကောင်း ဖော်ပြထားမည်ဖြစ်ပါသည်။)

**စီမံကြီးကြပ်အဖွဲ့**
**CHAT Communication in English Language Course**

---

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ အထက စိုင်ပြင် တက္ကသိုလ်ဝင်တန်းမှ မောင်ထွန်းထွန်းမင်း၏ ဖခင်အမည်မှန်မှာ ဦးဝိ ၅/ဒပယ(နိုင်)၀၀၅၆၉၄ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ဟံသာဝတီ အထက ဒုတိယတန်းမှ မောင်အောင်မျိုးဆက်၊ ဆဋ္ဌမတန်းမှ မစန္ဒာလှိုင်၊ နဝမတန်းမှ မဇာဇာခိုင်၊ တက္ကသိုလ်ဝင်တန်းမှ မနီလာမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးအလုံးချေ ၁၁/မပန (နိုင်)၀၁၂၈၂၃ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ် အထက ဟံသာဝတီ သတ္တမတန်းမှ မောင်မင်းထိုက်ဦး၏ ဖခင်အမည်မှန်မှာ ဦးခိုင်လင်းဦး ၈/ဂဂန (နိုင်)၁၀၇၉၈၇ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ဟံသာဝတီရွာ အထက ဟံသာဝတီ အဋ္ဌမတန်းမှ မစုမြတ်မွန်အောင်၏ ဖခင်အမည်မှန်မှာ ဦးဂေါ်ရာ ၈/ဂဂန(နိုင်)၁၃၇၆၉၂ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်
ရေစကြိုမြို့ အထက (၁) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးချစ်သိန်း ၈/ရစက(နိုင်)၀၇၈၂၉၄ ဖြစ်ပါကြောင်း။

---

**ပညာရေးဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**အစိုးရနည်းပညာအထက်တန်းကျောင်း(လှိုင်သာယာ)တွင် ဖွင့်လှစ်မည့် အပတ်စဉ်(၃) စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့်ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်းများ တက်ရောက်နိုင်ရန်အတွက် ဝင်ခွင့်လျှောက်လွှာများ နောက်ဆုံးထားတင်ရမည့်ရက်ပြောင်းလဲမှုအား အသိပေးအကြောင်းကြားခြင်း**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း (မီးခွက်ဈေးအနီး)ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (လှိုင်သာယာ)တွင် ဖွင့်လှစ်မည့် အပတ်စဉ်(၃) စားသောက်ကုန်ထုတ်လုပ်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သက်မွေးပညာသင်တန်းများဖြစ်သော ပေါင်မုန့်နှင့် ကိတ်မုန့်ဖုတ်သင်တန်း၊ အနောက်တိုင်းနှင့် အရှေ့တိုင်းအစားအစာအချက်အပြုတ်သင်တန်း၊ ကော်ဖီနှင့် ဖျော်ရည်သင်တန်းများ တက်ရောက်ရန်အတွက် ဝင်ခွင့်လျှောက်လွှာများအား မူလကြေညာထားသည့် ၁၀-၈-၂၀၁၉ရက်အစား အကြောင်းအမျိုးမျိုးကြောင့် ၉-၈-၂၀၁၉ရက်နောက်ဆုံးထားပြီး လျှောက်လွှာများတင်ရမည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံများနှင့်ကျန်းမာရေးဌာနများအတွက် လိုအပ်သည့်ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၇-၂၀၁၉ ရက်
**တင်ဒါပုံစံပိတ်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၉ ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့်ဆေးဝါးအချက်အလက်များကို သိရှိလိုပါက တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန ထားဝယ်မြို့ (ဖုန်း-၀၅၉-၂၃၅၈၃၊ ၀၅၉-၂၃၅၈၆ တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာန**
**ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၄-၇-၂၀၁၉ ရက်
**တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** - ၂၃-၈-၂၀၁၉ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၅၈-၂၁၂၃၆၊ ကရင်ပြည်နယ်ကုသရေးဦးစီးဌာန ဖုန်း-၀၅၈-၂၃၄၉၃တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါရွေးချယ်ရေးကြီးကြပ်ကော်မတီ**

---

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ပြည့်ဖြိုးအောင်၏ဖခင်အမည်မှန်မှာ ဦးရာရှင် ၃/ကဆက(နိုင်)၀၂၄၂၅၇ ဖြစ်ပါကြောင်း။ **ဦးရာရှင်**

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ မုဒုံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ နန်းမြမ္မာ၏ ဖခင်အမည်မှန်မှာ ဦးစောအောင်ဝင်း ၃/ကဆက(နိုင်)၀၅၆၁၉၂ ဖြစ်ပါကြောင်း။ **ဦးစောအောင်ဝင်း**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့ အထက(ဂဇက်)နဝမတန်းမှ မသူဇာမိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်အောင် ၅/ကလဝ(နိုင်)၀၃၀၄၄၄ ဖြစ်ပါကြောင်း။ **ဦးမြင့်အောင်**

### ဖခင်အမည်မှန်
မွန်ပြည်နယ်၊ မုဒုံမြို့ ၊ အထက(၁) Grade - 6 သစ်မှ မိမိုးဝတီမွန်၏ ဖခင်အမည်မှန်မှာ ဦးမွန်စန်း ၁၀/ရမန(နိုင်)၀၈၄၄၈၉ ဖြစ်ပါကြောင်း။ **ဦးမွန်စန်း**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့ အထက(ဂဇက်) နဝမတန်းမှ မသဲယုမွန်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ဆွေ ၅/ကလဝ(နိုင်)၀၃၁၆၄၆ ဖြစ်ပါကြောင်း။ **ဦးခင်မောင်ဆွေ**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့နယ် ခင်ဦးရွာ အထက(ခွဲ) နဝမတန်းမှ မောင်စိုးမြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးလှဝင်းမောင် ၅/မကန(နိုင်)၀၆၈၈၄၈ ဖြစ်ပါကြောင်း။ **ဦးလှဝင်းမောင်**

---

## လေလံတင်ရောင်းချရန်ကြော်ငြာ

တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အခွင့်အရေးလိုင်စင် (၄၆)ခုအနက် အပေါင်ဆိုင် လိုင်စင်များအား သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊ ဈေးကောက်လိုင်စင်များ၊ ကူးတို့လိုင်စင်များနှင့် အခြားလိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့်လည်းကောင်း အောက်ပါအစီအစဉ်အတိုင်း လေလံရောင်းချသွားမည်ဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၄-၂၃၀၅၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**နေ့ရက်** - ၁၆-၈-၂၀၁၉ ရက်
**အချိန်** - နံနက် ၁၀း၀၀ နာရီ
**နေရာ** - တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးခန်းမ၊ တောင်ငူမြို့

**တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

---

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့ အထက(ခွဲ)(တောင်အောက်) တက္ကသိုလ်ဝင်တန်းမှ မတင်မာထွေး၏ ဖခင်အမည်မှန်မှာ ဦးမောင်စိန် ၅/ကလဝ(နိုင်)၀၁၆၄၄၆ ဖြစ်ပါကြောင်း။
**ဦးမောင်စိန်**

### ဖခင်အမည်မှန်
စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အိုင်ဒစတိုင်းကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မဒေါ်ထားခင်ပါရ်၏ ဖခင်အမည်မှန်မှာ ဦးဆန်ကျုံး ၅/ကလထ(နိုင်)၃၁၄၂၄၈ ဖြစ်ပါကြောင်း။
**ဦးဆန်ကျုံး**

### ဖခင်အမည်မှန်
ကလေးမြို့နယ်၊ နတ်ချောင်းရွာ ပညာ့ဗိမာန် ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်ဇင်သန့်၏ ဖခင်အမည်မှန်မှာ ဦးမင်းသူရ ၁၂/မဂဒ(နိုင်)၀၈၅၆၄၃ ဖြစ်ပါကြောင်း။
**ဦးမင်းသူရ**

### အမည်မှန်နှင့်ဖခင်အမည်မှန်
ခါမ်းပါတ်မြို့ အထက (ခွဲ) ဒုတိယတန်းမှ မောင်ဇဲဒီးဒီယား၏ အမည်မှန်မှာ မောင်ဇေဒီဒြဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးခွာလျန်ချွန်း ၅/ခပန(နိုင်)၀၁၀၆၆၂ ဖြစ်ပါကြောင်း။
**မောင်ဇေဒီဒြ၊ ဦးခွာလျန်ချွန်း**

---

### အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 8H/7576 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5H/6848 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**


### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 5F/1596 Lifan LFJ3053F, Dump Truck (4x2)(L) ယာဉ်လက်ဝယ်ရှိသူ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

DENKO

# ဝန်ထမ်းအလိုရှိသည်။

အမှတ် (၁၇/၁၈-B)၊ သီလဝါဆိပ်ကမ်း၊ ကျောက်တန်းမြို့နယ်တွင် တည်ရှိပြီး Denko Trading Co., Ltd ၏ကုမ္ပဏီခွဲ တစ်ခုဖြစ်သော Denko Petro Chemical Management Co., Ltd လက်အောက်ရှိ Oil Storage Tank Terminal တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများအား အလိုရှိပါသည်။





## (၁) Operation Manager - ကျား (၁) ဦး

- BE (Mechanical / Electrical) ဘွဲ့ရရှိသူဖြစ်ရမည်။
- Oil Storage Terminal လုပ်ငန်းတွင် လုပ်သက် အနည်းဆုံး (၇) နှစ် အထက် ရှိသူဖြစ်ရမည်။
- SAPS, HSE, Quality & Safety Standard များ၊ ကုမ္ပဏီမှ လုပ်ငန်းလိုအပ်ချက်ပေါ် မူတည်၍ ချမှတ်ထားသောစည်းမျဉ်း စည်းကမ်းများနှင့်အညီ Terminal Operation အားဦးဆောင်လည်ပတ်နိုင်သူ ဖြစ်ရမည်။

## (၂) Operation Supervisor - ကျား (၂) ဦး

- BE/ B Tech (Mechanical / Electrical) ဘွဲ့ရရှိသူဖြစ်ရမည်။
- Oil Storage Terminal လုပ်ငန်းတွင် လုပ်သက် အနည်းဆုံး (၅) နှစ်ရှိသူ ဖြစ်ရမည်။
- Terminal Operation Manager ၏ ညွှန်ကြားချက်အတိုင်း Oil Storage Terminal တစ်ခုလုံးနှင့် ပတ်သက်သော Operation လုပ်ငန်းစဉ်များအား SAPS, HSE နှင့် Safety Quality and Standard များ နှင့်အညီ အန္တရာယ်ကင်းစွာ တာဝန်ယူ လုပ်ဆောင်နိုင်သူ ဖြစ်ရမည်။

## (၃) Control Center Operator - ကျား (၃) ဦး

- BE/ B Tech (Mechanical / Electrical) (သို့) B Sc ဘွဲ့ရရှိသူဖြစ်ရမည်။
- Oil Storage Terminal လုပ်ငန်းတွင် လုပ်သက် အတွေ့အကြုံ အနည်းဆုံး (၅) နှစ်ရှိသူ ဖြစ်ရမည်။
- Terminal Operation လုပ်ငန်းတွင် တပ်ဆင်အသုံးပြုထားသော System များနှင့် ပတ်သက်ပြီး နားလည်တတ်ကျွမ်းသူဖြစ်ရမည်။

## (၄) Operator - ကျား (၈) ဦး

- B Sc ဘွဲ့ရရှိသူဖြစ်ရမည်။
- Oil Storage Terminal လုပ်ငန်းတွင် လုပ်သက် အနည်းဆုံး (၃) နှစ်ရှိသူ ဖြစ်ရမည်။
- ကုမ္ပဏီမှ ဆီသိုလှောင်သည့် Terminal နှင့် ပတ်သက်ပြီး ချမှတ်ထားသော SOP(Standard Operation Procedure) များ၊ HSE နှင့် Safety Standard များနှင့်အညီ ဆီတင် / ချ /ဖြည့် လုပ်ငန်းများအား တိကျစွာ လိုက်နာလုပ်ဆောင်နိုင်သူဖြစ်ရမည်။

## (၅) Maintenance Manager - ကျား (၁) ဦး

- BE (Mechanical) ဘွဲ့ရရှိသူဖြစ်ရမည်။
- Oil Storage Terminal လုပ်ငန်းတွင် လုပ်သက် အနည်းဆုံး (၅) နှစ်ရှိသူ ဖြစ်ရမည်။
- Oil Storage Terminal နှင့် ပတ်သက်သော ထိန်းသိမ်းပြုပြင်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ အားလုံးကို ချမှတ်ထားသော HSE guideline များ၊ Safe & Security Standard များနှင့်အညီ ကျွမ်းကျင်စွာ လုပ်ဆောင်နိုင်ရမည်။

## (၆) Maintenance Engineer ( Mechanical/ Electrical ) - ကျား (၂) ဦး

- BE / B Tech ( Mechanical/ Electrical ) ဘွဲ့ရရှိသူဖြစ်ရမည်။
- Oil Storage Terminal လုပ်ငန်းတွင် လုပ်သက် အနည်းဆုံး (၃) နှစ်ရှိသူ ဖြစ်ရမည်။
- ကုမ္ပဏီမှ ချမှတ်ထားသော SOP( Standard Operation Procedure) များ၊ HSE guideline များ၊ Safety & Security Standard များအား တိကျစွာ လိုက်နာပြီး Terminal အတွင်း အသုံးပြုနေသော machinery and electrical equipment များအတွက် preventive maintenance program များပြင်ဆင်ခြင်းနှင့် regular maintenance and servicing လုပ်ငန်းများအား ကောင်းစွာ လုပ်ဆောင်နိုင်စွမ်းရှိရမည်။

## (၇) HSE Officer - ကျား (၁) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခု ရရှိပြီး၊ HSE Certificate ကိုင်ဆောင်ထားသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ လုပ်ငန်းနှင့် ပတ်သက်သော လုပ်သက် အတွေ့အကြုံ အနည်းဆုံး (၅) နှစ်အထက်ရှိသူ ဖြစ်ရမည်။
- Oil Storage Terminal ၏ HSE Standard ပြည့်မီစေရန်အတွက် HSE Policy များရေးဆွဲခြင်း စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာခြင်းများ ပြုလုပ်နိုင်ရမည်။

## (၈) HSE Supervisior - ကျား (၂) ဦး

- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခု ရရှိပြီး၊ HSE Certificate ကိုင်ဆောင်ထားသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ လုပ်ငန်းနှင့် ပတ်သက်သော လုပ်သက် အတွေ့အကြုံ အနည်းဆုံး (၃) နှစ်အထက်ရှိသူ ဖြစ်ရမည်။
- Oil Storage Terminal နှင့် ပတ်သက်သော HSE လုပ်ငန်းစဉ်များအား သတ်မှတ်ထားသော Standard များ၊ SOP(Standard Operation Procedure) များ နှင့်အညီ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရမည်။

## (၉) IT Officer - ကျား (၁) ဦး

- BC Sc / BC Tech (သို့) Diploma in Computer Networking ရရှိသူ ဖြစ်ရမည်။
- သက်ဆိုင်ရာ လုပ်ငန်းနှင့် ပတ်သက်သော လုပ်သက် အတွေ့အကြုံ အနည်းဆုံး (၅) နှစ်အထက်ရှိသူ ဖြစ်ရမည်။
- Computer နှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းခြင်း၊ Data များ အားလုံခြုံစွာထိန်းသိမ်းခြင်း၊ Regular Maintenance and Servicing၊ Server နှင့် Networking လုပ်ငန်းများအားကောင်းစွာ လုပ်ဆောင်နိုင်သူဖြစ်ရမည်။

■ အမှတ်စဉ်(၄)မှလွဲ၍ အထက်ပါရာထူးအားလုံးအတွက် အလုပ်လျှောက်ထားသူများသည် Computer (Microsoft Office / Internet/ Email) ကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ပြီး မြန်မာ၊ အင်္ဂလိပ် ဘာသာစကား (၂)မျိုး ကျွမ်းကျင်စွာ ရေး၊ ဖတ်၊ ပြောဆို လုပ်ကိုင်နိုင်သူ ဖြစ်ရမည်။ အလုပ်လျှောက်ထားသူ၏ ကိုယ်ရေးမှတ်တမ်း / ပညာအရည်အချင်းအထောက်အထား/ လုပ်ငန်းအတွေ့အကြုံ / နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ / သန်ခေါင်းစာရင်းမိတ္တူ / အလုပ်သမားမှတ်ပုံတင်မိတ္တူ / ဓါတ်ပုံ ၃ ပုံ ( passport size )/ အကျင့်စာရိတ္တနှင့် ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်းထောက်ခံချက် ပူးတွဲတင်ပြရမည်။

Job Position တိုင်းအတွက် အသေးစိတ်သိရှိလိုသည်များကို www.facebook.com/DenkoTrading တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အလုပ်လျှောက်ထားရန် နှင့်ဆက်သွယ်ရန်လိပ်စာ ။ ။ အမှတ်(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုံ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၃၆၁၇၂၂၁

Email - mgr.hr@denkogroups.com (or) denko.hr@gmail.com

Closing date - 20th August 2019

www.denkomyanmar.com

## ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်၊ မုခ်ဦး
ရေတွင်း၊ ရေကန် ဒါယိကာမကြီး
**ဒေါ်သိန်းသိန်းစံ** အသက်(၈၅)နှစ်

သူငယ်ချင်း ဒုတိယဗိုလ်မှူးကြီးမျိုးမြင့်သိန်း(ငြိမ်း)နှင့် ဒေါ်ဥမ္မာတင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သိန်းသိန်းစံသည် ၂၇-၇-၂၀၁၉ရက် ညနေ ၆း၃၁နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၂၇)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
**ဦးမောင်တင်** [ဂန့်ဂေါ်တောင်ကျေးရွာ-ဝမြို့နယ်]
အသက်(၈၁)နှစ်

(ဦးမိုး-ဒေါ်ရှာ)တို့၏သား၊ (ဒေါ်သိန်းခင်)၏မောင်၊ ဦးမောင်ထွန်း၊ (ဦးရွှေနီ)၊ ဦးကျော်အောင်တို့၏အစ်ကို၊ (ဒေါ်လေးညွန့်)၏ခင်ပွန်း၊ ဒေါ်တင်တင်ညွန့်၊ ဦးညွန့်ဆွေ-ဒေါ်ဝေ၊ ဦးခင်မောင်မြ-ဒေါ်တင်တင်ညို၊ ဦးညွန့်ဝင်း-ဒေါ်မာဦး၊ ဦးဆလိုင်းဌေးဝင်း-ဒေါ်တင်တင်မော်၊ ဦးဆလိုင်းတင်အောင်မိုး(လက်ထောက်သင်းအုပ်အရှိန့်နှစ်ခြင်းအသင်းတော်၊ အင်းစိန်)၊ ဦးဆလိုင်းအောင်ဌေးလင်း-ဒေါ်စီစီဝင်းတို့၏ဖခင်၊ မြေး ၁၂ယောက်၊ မြစ် ငါးယောက်တို့၏ အဘိုးသည် ၂၈-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၇-၂၀၁၉ရက်(အင်္ဂါနေ့) နံနက် ၉နာရီတွင် အရှိန့်နှစ်ခြင်းအသင်းတော်၊ အင်းစိန်ဗိမာန်တော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီး/ရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် ၃၈၃/က၊ မြေဧရိယာ ၁၂၀၀စတုရန်းပေ၊ အတိုင်းအတာပေ(၂၀'×၆၀')၊မြေကွက်တည်နေရာအမှတ် ၃၈၃/က၊ ရတနာပုံ(၅)လမ်း၊ (၁၀/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမောင်ပု (CJ-၀၂၁၀၂၀)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမောင်ပု (ခင်ပွန်း/ဖခင်)သည် ၂၁-၂-၂၀၁၈ရက်တွင် ကွယ်လွန်သဖြင့် ဒေါ်ဖာတမာဘီ (CF-၀၈၈၃၀၈)၊ ဦးလှမင်းနိုင် (TKA-၁၁၁၈၄၁)တို့မှဇနီးနှင့်သားတော်စပ်ကြောင်း၊ ခင်ပွန်း/ဖခင်ဦးမောင်ပုသည် အိန္ဒိယ+မြန်မာလူမျိုး၊ အစ္စလာမ်ဘာသာဝင်များဖြစ်ကြသောကြောင့် ၎င်းတို့၏ ဝလေ့ထုံးတမ်းဥပဒေနှင့်အညီ ဒေါ်ဖာတမာဘီ၊ ဦးလှမင်းနိုင်တို့မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားကိတ္တိမ အမွေစားအမွေခံသားသမီးများသော်လည်းကောင်း၊ အခြားဇနီးသည် တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ တစ်အူထုံဆင်း ညီအစ်ကိုမောင်နှမများသော်လည်းကောင်း၊ တစ်ဦးတစ်ယောက်မျှ မကျန်ရှိကြောင်း၊ ကွယ်လွန်သူ၏ ဇနီး/သား အရင်းအချာတော်စပ်သည်မှာ မှန်ကန်ကြောင်း၊ ဦးမောင်ပု မကွယ်လွန်မီက သေတမ်းစာတစ်စုံတစ်ရာရေးသားခဲ့ခြင်း လုံးဝမရှိပါကြောင်းနှင့်အရှုပ်အရှင်းတစ်စုံတစ်ရာမရှိပါကြောင်း၊ ၁၁-၇-၂၀၁၈ရက်စွဲပါ ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဦးမောင်ပု အမည်ပေါက် နှစ်(၆၀)ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာပါသည်။ မြေပြင်ကွင်းဆင်းစစ်ဆေးရာတွင် တစ်ထပ်ပျဉ်ထောင် အသေးနှစ်လုံးရှိပြီး လျှောက်ထားသူ များကိုယ်တိုင်နေထိုင်သဖြင့် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၇၇၉)၊ မြေကွက်တည်နေရာအမှတ်(၇၇၉)၊ယမနေ(၉)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ နှစ်(၆၀)ဂရန်မြေ အမည်ပေါက် ဒေါ်တင်တင်စိုး ၁၄/ဒဒရ(နိုင်)၀၈၇၀၈၁ကို တရားပြိုင်ထားကာ ဒေါ်ဝေဝေ ၃/ဘအန(နိုင်)၀၂၉၆၂၀မှ တရားလိုပြုလုပ်၍ အရှေ့ပိုင်းခရိုင်တရားရုံးတွင် တရားမကြီးမှုအမှတ် ၁၂၈/၂၀၁၇ဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့မှုအပေါ် ၂၁-၁၂-၂၀၁၇ရက်တွင်ချမှတ်သည့် စီရင်ချက် ဒီကရီနှင့်တရားမဇာရီမှုအမှတ် ၈၇/ ၂၀၁၇၏ ၂၈-၉-၂၀၁၈ ရက်စွဲပါအမိန့်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ တရားရုံးအမိန့်၊ ဘိလစ်ခန့်အပ်စာတင်ပြ၍တရားရှုံး ဒေါ်တင်တင်စိုးကိုယ်စား ဘိလစ်ဒေါ်အေးငြိမ်းပြည့် ၁၂/ကမရ (နိုင်)၀၆၀၃၄၀မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခြင်းအား ကွင်းဆင်းစစ်ဆေးရာ နှစ်ထပ်-RC အဆောက်အအုံတစ်လုံးရှိပြီး ဆေးကုမ္ပဏီအားငှားရမ်းထားပါသည်။ အဆိုပါကိစ္စနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာမရှိ အစစတာဝန်ယူပါကြောင်း တရားနိုင်ဒေါ်ဝေဝေမှ လက်မှတ်ရေးထိုးပေးပါသဖြင့် ဘိလစ်ဒေါ်အေးငြိမ်းပြည့်၏ အရောင်းမြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆ BB၊ မြေကွက်အမှတ် V-၂၀၉၊ မြေကွက်တည်နေရာအမှတ် (၂၄၀/၂၄၂)၊ မယ်ဇလီပင်လမ်းနှင့် ကမ်းနားလမ်းထောင့်၊ မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် (ဦးတင်ဦး) အမည်ပေါက် မြေပိုင်ဂရန်မြေအား အမည်ပေါက် ဦးတင်ဦးသည် (၃၀-၁၀-၁၉၆၈)တွင် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းမြင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၃၆၉၇/၁-၇-၂၀၀၆အရ ပိုင်ဆိုင်ပြီး (မိခင်) ဒေါ်သန်းမြင့်သည် ၂၀-၅-၂၀၁၈ရက်တွင် လည်းကောင်း၊ ၎င်းတို့၏သမီးဖြစ်သူ ဒေါ်ဌေးဌေးသည် အပျိုကြီးဘဝဖြင့် ၂၃-၄-၂၀၁၉ရက်တွင် လည်းကောင်း ကွယ်လွန်သဖြင့် ဦးအောင်သိန်း ၁၂/ကမတ(နိုင်)၀၄၁၁၄၆၊ ဦးသန်းအောင် ၁၂/ကမတ(နိုင်)၀၄၇၃၁၁၊ ဦးဝင်းနိုင်ဦး ၁၂/ကမတ(နိုင်)၀၄၁၁၄၄တို့မှ ကွယ်လွန်သူတို့၏ သား/ညီမ/အစ်မ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆို၍ မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၆BB၊ မြေကွက်အမှတ် V-၂၁၀၊ မြေကွက်တည်နေရာ အမှတ် (၂၄၀/၂၄၂)၊ မယ်ဇလီပင်လမ်းနှင့် ကမ်းနားလမ်းထောင့်၊မကျည်းတန်းတောင်၊ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးတင်ဦးအမည်ပေါက် နှစ်(၃၀)မြေငှားဂရန် (၇-၅-၁၉၈၈ သက်ကုန်)မြေအား အမည်ပေါက် ဦးတင်ဦးကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းမြင့်မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ၃၆၉၈/၄-၇-၂၀၀၆အရ ပိုင်ဆိုင်ပြီး (မိခင်) ဒေါ်သန်းမြင့်သည် ၂၀-၅-၂၀၁၈ ရက်တွင် လည်းကောင်း၊ ၎င်းတို့၏သမီးဖြစ်သူ ဒေါ်ဌေးဌေးသည် အပျိုကြီးဘဝဖြင့် ၂၃-၄-၂၀၁၉ ရက်တွင်လည်းကောင်း ကွယ်လွန်သဖြင့် ဦးအောင်သိန်း ၁၂/ကမတ(နိုင်)၀၄၁၁၄၆၊ ဦးသန်းအောင် ၁၂/ကမတ(နိုင်)၀၄၇၃၁၁၊ ဦးဝင်းနိုင်ဦး ၁၂/ကမတ(နိုင်)၀၄၁၁၄၄တို့မှ ကွယ်လွန်သူတို့၏ သား/ညီမ/အစ်မတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အိမ်ထောင်စု လူဦးရေစာရင်း၊ နှစ်(၃၀) ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# အနိစ္စ

## ဦးစိုးသိန်း [ထွေအုပ်(ငြိမ်း)]
အသက်(၆၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊ နိဗ္ဗာန်ကျေးရွာနေ (ဦးအေးမောင်-ဒေါ်မြရင်) တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ အဖျောက်ကျေးရွာနေ (ဦးဘိုးမှီ-ဒေါ်နှင်းဖူး)တို့၏ သားသမက်၊ (ဦးအုန်းလှိုင်)၏အစ်ကို၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၂)ရပ်ကွက်၊ ငွေပြည်သာ(၂)လမ်း၊ အမှတ်၁၂၁၇နေ မောင်မောင်သက်-မသန္တာအောင်၊ မသွယ်သွယ်လင်း၊ မောင်ကောင်းသက်စံတို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုး၊ ဒေါ်သန်းစိန်(ခ)ဒေါ်စိန်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၈-၇-၂၀၁၉ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၉ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အလ္လာဟ်အသျှင်မြတ် အမိန့်တော်ခံယူခြင်း
**အလ်ဟာဂျ်နူရ်ဇာမာန်(ခ) ဟာဂျီဦးအုံးမောင်**
ပါရဂူမုန့်ဆိုင်
အသက်(၅၇)နှစ်

ရန်ကုန်မြို့နေ ဟာဂျီဦးခင်မောင် (ခန္တာသုခသွေးဆေး)-ဟာဂျီမဒေါ်ခင်အေးတို့၏သား၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၈)လမ်း၊ အမှတ်(၇)နေ ဟာဂျီမဆလ်မာဘီ(ခ)ဟာဂျီမဒေါ်ချိုပြုံး၏ခင်ပွန်း၊ ဟာဂျီဦးအောင်ပြည့်ဖြိုးကျော်-ဟာဂျီမဒေါ်မေသူ၊ ဟာဂျီမယမင်းစုဝေ တို့၏ချစ်လှစွာသောဖခင်၊ မောင်အောင်ဘုန်းမြတ်ကျော်၊ မမေရတီဖြိုးကျော်တို့၏ အဘိုးသည် ၂၇-၇-၂၀၁၉ရက် (စနေနေ့) ညနေ ၅နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၈-၇-၂၀၁၉ရက်(တနင်္ဂနွေနေ့)တွင် အဆွရ်အပြီး ရေဝေးကဘရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။ **ကျန်ရစ်သူမိသားစု**

## ဦးကြည်လွင် (ခရမ်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ မေဓာဝိဟာရလမ်း၊ အမှတ် ၆၈၊ လေးလွှာ(A)နေ (ဦးအော်မွား)-ဒေါ်ကျင်စိန်တို့၏သား၊ ခရမ်းမြို့နေ (ဦးစိန်လွင်)-ဒေါ်ခင်ရွှေတို့၏ သားသမက်၊ ဦးစံဝင်း-ဒေါ်မြင့်မြင့်ကြည်၊ (ဦးစံသိန်း)-ဒေါ်ချိုချိုဝင်း၊ ဒေါ်မြင့်မြင့်သန်း၊ (ဦးစိန်ဝင်း)-ဒေါ်ချို၊ ဦးမောင်မောင်ချစ်-ဒေါ်ဝင်းဝင်းဌေး၊ ဦးမျိုးမြင့်-ဒေါ်စိုးစိုးတို့၏ညီ/မောင်၊ ဒေါ်တင်တင်မိုး၏ခင်ပွန်း၊ မောင်ကျော်ဇေယျ-မနန်းဇွန်ပန်းအိမ်၊ မအိသန္တာထွန်း၊ မောင်မျိုးဟိန်းထိုက်တို့၏ဖခင်၊ မောင်စိုးခမ်းဟန်ဖ၊ မနန်းမောက်ခမ်းဟွမ်တို့၏ အဘိုးသည်၂၈-၇-၂၀၁၉ရက် (တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အမှတ် ၈၂၅-ခ၊ အောင်သပြေ အရှေ့ ၉လမ်း၊ ၇အရှေ့ရပ်ကွက်၊ သာကေတမြို့နယ် နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၉ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ သာကေတမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
**ဒေါ်ခင်မြ**
သံတွဲမြို့
အသက်(၉၄)နှစ်

(ဦးပိန်-ဒေါ်ဘူလီ)တို့၏သမီး၊ သံတွဲမြို့၊ ဘုရင့်နောင်လမ်း၊ လက်ပတ်နာရီဆေးလိပ်ခုံ(ဦးညွန့်စိန်)၏ဇနီး၊ (ဒေါ်ခင်မြင့်)၏ အစ်မ၊ ဦးတင်လေး-ဒေါ်နွယ်နွယ်ဦး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ (၃)ရပ်ကွက်၊ စေတနာသုခလမ်း၊ အမှတ် ၈၃နေ ဦးခင်မောင်လတ်-ဒေါ်စန်းစန်းညွန့်တို့၏မိခင်၊ ကိုဉာဏ်ထွန်းဦး-မချယ်ရီဝေ၊ မမြတ်သစ်ခင်၊ ဒေါက်တာသင်းစုထွေးတို့၏ အဘွားသည် ၂၇-၇-၂၀၁၉ရက် (စနေနေ့) ည ၉း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
**ဒေါ်ညွန့်(ခ)ဒေါ်မြညွန့်** (မြိတ်)
အသက်(၉၃)နှစ်

မြိတ်မြို့၊ ထားဝယ်စုရပ်၊ ဗဟိုလမ်းနှင့်ရန်ကုန်မြို့၊ ကမာရွတ်(၃)ရပ်ကွက်၊ လှည်းတန်းဗဟိုလမ်း၊ အမှတ် ၁၄၁နေ (ဦးခွာ-ဒေါ်တိုးချစ်)တို့၏သမီး၊ (ဦးခင်မောင်)၏ချစ်လှစွာသောဇနီး၊ ဦးမောင်မြိုင်-ဒေါ်မြမူ၊ ဒေါ်တင်တင်ဌေး၊ (ဦးတင်အောင်-ဒေါ်စန်းယု)၊ ဒေါ်တင်အေး၊ ဒေါ်မြကြူ၊ ဦးမြင့်စိုး၊ ဦးသောင်းစိုး၊ ဒေါ်လှဲ့လှဲ့မာ၊ ဦးသောင်းစိုး-ဒေါ်လွယ်လွယ်ဌေး၊ ဦးစိုးအောင်၊ ဦးထွန်းထွန်းမင်း-ဒေါ်ချိုချိုခိုင်(ခ)ဒေါ်မြတ်မြတ်ခိုင်၊ ဦးဝီလျံ-ဒေါ်ညိုညိုခိုင်တို့၏မိခင်၊ မြေး ၁၃ယောက်၊ မြစ် ၁၃ယောက်တို့၏အဘွားသည် ၂၇-၇-၂၀၁၉ရက် (စနေနေ့) ည ၇း၃၀နာရီတွင် အာရုတော်ဝင် CCUB-1 ၌ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၉ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းမည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၉ရက် (သောကြာနေ့) နံနက် ၆ နာရီမှ ၁၂ နာရီအထိ အထက်ပါ ကမာရွတ်(၃)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးထွန်းနိုင် (စက်မှု-၁၊ အလုပ်ရုံခွဲမှူး၊ MPF၊ ငြိမ်း)
အသက်(၈၅)နှစ်

မြောင်းမြမြို့နေ ရွှေကုန်သည်(ဦးကြန်-ဒေါ်ငွေတင်)တို့၏သား၊ (ဒေါ်အေးကြည်)၊ (ဦးမြသန်း)၊ (ဦးညွန့်ရင်)၊ (ဦးအေးကြိုင်)တို့၏ညီမောင်၊ ဒေါ်ယဉ်နွဲ့ (စား/ထွေး၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန္တာနိုင်(Champion Constructiopn Co.,Ltd)၊ ဦးအောင်မျိုးနိုင်-ဒေါ်သီတာခိုင် (မိုးသောက်ပန်း၊ စာသင်-စာကျက်ဝိုင်း)တို့၏ဖခင်၊ မောင်ဇေယျာလင်းထက်၊ မစုသဇ္ဈာထက်တို့၏အဘိုးသည် ၂၇-၇-၂၀၁၉ရက် (စနေနေ့) နံနက် ၃း၂၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၉ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် ၅၂ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဒေါ်လှစိန် (စစ်တွေ) အသက်(၈၃)နှစ်
ဌာနခွဲမှူး၊စီမံ(ငြိမ်း)၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ စက်မှု(၁)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၈မိုင်၊ မြိုင်ဟေဝန်အိမ်ရာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ တိုက် ၃၊ အခန်း ၃၀၁နေ (ဒေါက်တာ ဦးအောင်ဖော်ခိုင်-ဒေါ်အေးသာ)တို့၏သမီး၊ဒေါက်တာ ဦးဦးလှဖော်-ဒေါ်မြသိန်း၊ ဗိုလ်မှူးဒေါ်စံသာ(ငြိမ်း)၊ (ဦးဦးထွန်း-ဒေါ်လှတင်)၊ (ဦးရွှေဖံ)-ဒေါ်လှခင်၊ (ဒေါက်တာဒေါ်လှဖြူ)တို့၏ ညီမ၊ (ဦးကျော်ဖံ)၏အစ်မ၊ တူ၊တူမ ၁၂ ယောက်တို့၏အဒေါ်၊ မြေးရစ်ယောက်တို့၏အဘွားသည် ၂၆-၇-၂၀၁၉ရက် (သောကြာနေ့) ည ၁၀း၄၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၉ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

[ကွယ်လွန်သူအားရည်စူး၍ ၁-၈-၂၀၁၉ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ကြည်ဌေး** (ကြံခင်း)
အသက်(၇၉)နှစ်

ကြံခင်းမြို့နယ်၊ ဆိပ်သာရွာနေ (ဦးအုန်းမောင်-ဒေါ်သိန်း)တို့၏သမီး၊ (ဦးကြည်ဝင်း)၏ဇနီး၊ မြောက်ဒဂုံမြို့နယ်၊ ပင်လုံအိမ်ရာအပိုင်း(၁)၊ နှင်းဆီမြိုင်လမ်း၊ အမှတ်(၈၂)နေ ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၊ တွဲဘက်ဘဏ္ဍာရေးမှူး ဒေါ်ဝင်းမြတ်မွန်၏မိခင် ဒေါ်ကြည်ဌေးသည် ၂၆-၇-၂၀၁၉ရက် (သောကြာနေ့) ညနေ ၅း၃၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးဘကြည်** (နမ္မတီးမြို့)
အသက်(၇၉)နှစ်

သူငယ်ချင်း ဦးဇော်မိုးခိုင်၏ဖခင် ဦးဘကြည်သည် ၂၃-၇-၂၀၁၉ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉၇)**
**သူငယ်ချင်းမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်အေးမြိုင်**
အသက်(၉၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးအပိုင်၊ ကင်းရွာနေ (ဦးမှို-ဒေါ်အေးဗုံ)၊ ခရမ်းအပိုင်၊ အေးရွာနေ (ဦးလူလေး-ဒေါ်ညွန့်)တို့၏သမီးချွေးမ၊ (ဦးကျော်သင်း)၏ဇနီး၊ ဦးဝိဇ္ဇောဘာသ(ဝိမုတ္တိသုခ)ကျောင်း၊ ခြောက်ထပ်ကြီး ဘုရားကြီးတိုက်၏မယ်တော်ကြီး၊ ဦးလှထွန်း-ဒေါ်မြမြဝင်း(အောင်သပြေ/အောင် သရဖူတံဆိပ်ရိုက်)၊ ဦးဝင်းဌေး-ဒေါ်စန်းစန်းတင့်၊ ဦးလှမြင့်-ဒေါ်မာမာဝင်း(အလုပ်ရုံခွဲမှူး၊ ငြိမ်း)အထည်ချုပ်စက်ရုံ၊ အမှတ် (၁၈)စက်မှုဝန်ကြီးဌာန၊ ဦးကျော်ဇင်မင်း(3/E Shipping)-ဒေါ်ယဉ်ယဉ်မြ၊ ဦးလှထွန်း(ကုန်သွယ်/လယ်ယာ၊ ငြိမ်း)၊ ဦးကျော်စိုးမိုး-ဒေါ်ယဉ်ယဉ်ခိုင် (ခိုင်အထည်ဆိုင်၊ မြေနီကုန်းပလာဇာ)၊ ဦးလင်းထိန်-ဒေါ်အေးအေးမော်တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘွား၊ အမှတ် ၂၂၊ မိုးမခလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်အေးမြိုင်သည် ၂၇-၇-၂၀၁၉ရက်(စနေနေ့) ညနေ ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၉ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၉ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
**မန်းအောင်လှကျော်** [တပ်မတော်လေ(ငြိမ်း)]
အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ် ၂၂၈ (လေးလွှာ)နေ (မန်းစံချိန်-နော်လှ တင်)တို့၏သား၊ (မန်းစံရှား-ဂိုရွှေထား)တို့၏သားသမက်၊ (ဒေါ်မြမေချိန်)၊ (ဆရာတော်မန်းအောင်ညွန့်တင်)၊ မန်းရွှေကိုလေး၊ (ဒေါ်ထားရီချိန်)တို့၏ညီ/မောင်၊ (ဒေါ်ခင်စန်းမြင့်)၊ (မန်းစံစီဖိုး)၊ (ဂိုခင်သိန်းချိန်)၊ (မန်းထွန်းလှချိန်)၊ ဂိုဒေါ်လီချိန်၊ (စ အောင်ထူး)၊ (နန့်ခင်ထွေး)၊ (နန့်မူမူမော်လီချိန်)တို့၏အစ်ကို၊ မန်းဝင်းနိုင်ဦး-ဒေါ်ခင်စန်းလှ(ခ)မစန္ဒီ၊ ဂိုမိုးသူဇာအောင်-မန်းသဘွား၊ မန်းလင်းနိုင်အောင်(ခ)ကိုလင်းလင်း-ဂိုအေးလှကျော်၊ နန့်နန္ဒာအောင်တို့၏ချစ်လှစွာသောဖခင်၊ နန့်မိုးပွင့်ဖြူ၊ နန့်ဆောင်းပွင့်သူ၊ စဘလယ်ဇင်အောင်စံဘွား၊ နန့်မာစီစံဌေး၊ စနိုဝယ်လင်းလင်းကျော်၊ စအယ်ရှန်လင်းလင်းကျော်တို့၏အဘိုး၊ (သုနာပြုဆရာမကြီး ဂိုသဲစိန်)၏ချစ်လှစွာသောခင်ပွန်းသည် ၂၇-၇-၂၀၁၉ရက် (စနေနေ့) ညနေ ၅း၃၅နာရီတွင် အာရုတော်ဝင်ဆေးရုံ၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၉-၇-၂၀၁၉ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်ပိုးကရင်နှစ်ခြင်းအသင်းတော် (ဘရေတန်)၊ ၁၂၁ မင်းရဲကျော်စွာလမ်း၊ ပိုးကရင်သာသနာဝင်း၊ ကရင်ခြံရပ်ကွက်၊ အလုံမြို့နယ်တွင် ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(အသင်းတော်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးတင်အောင်** (မာန်အောင်မြို့) အသက်(၉၀)

မာန်အောင်မြို့၊ ဈေးတန်းလမ်းနေ (ဒေါ်ဝင်းကျံ)၏ခင်ပွန်း၊ (ဦးခင်မောင်ကြည်)-ဒေါ်ခင်ဝင်း၊ ဦးတင်မောင်ဝင်း-ဒေါ်သီသီအောင်၊ (ဒုတိယဗိုလ်မှူးကြီးအုန်းရွှေ)-ဒေါ်ခင်ခင်ဝင်း၊ (ဦးတင်မောင်ဆွေ)-ဒေါ်စံတင့်၊ ဦးတင်မောင်လေး-ဒေါ်ခင်စောရီတို့၏ဖခင်၊ မလင်းလင်းမွန်၊ ဗိုလ်မှူးထွန်းရန်နိုင်၊ မတင်မီမီဆန်း၊ မဟန်စုဆွေ၊ ဒေါက်တာထူးအောင်နိုင်ရွှေ၊ မမေရတနာဝင်း၊ မောင်ထွန်းလင်းနိုင်၊ မသဲစုမြတ်ရွှေ၊ မောင်ပြည့်ဖြိုးသျှန်အောင်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘေးသည် ၂၇-၇-၂၀၁၉ရက် မွန်းလွဲ ၂း၄၀နာရီတွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့်၃၁-၇-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (တာမွေမြို့နယ်၊ အင်းဝလမ်း၊ အမှတ် ၁၈နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၉ရက် (သောကြာနေ့)နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ဦးဘုန်းဝေသိန်း
အသက်(၅၄)နှစ်

ကျောက်ဆည်မြို့၊ ဘောဂဝတီရပ်နေ ဦးအေးသောင်း-ဒေါ်ခင်မေ၊ (ဦးဘတင့်)၊ ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးဘမြင့်(ငြိမ်း)- (ဒေါ်ညိုညိုသန်း)၊ ကျောက်ဆည်မြို့နေ ဒေါ်မေဝမ်း၊ ဒေါ်ခင်ဆန်း(အထပြ-ငြိမ်း)၊ ဦးမောင်ဇော်-ဒေါ်မြင့်မြင့်(စိုက်ပျိုးရေး-ငြိမ်း)တို့၏တူ၊ ဦးစံသိန်း-(ဒေါ်မြသန်း)တို့၏သား၊ မီမီသိန်း၊ သီသီသိန်း၊ သင်းသင်းသိန်း၊ သွယ်သွယ်သိန်း၊ မေသူသိန်း၊ မို့မို့စံသိန်း၊ ဒေါ်အေးသီတာမြင့်၊ ဒေါ်ယုရွှေစင်မြင့်၊ နိုင်ထူးမြင့်၊ အောင်သူမြင့်တို့၏အစ်ကိုသည် ၂၈-၇-၂၀၁၉ရက်တွင် ဘောဂဝတီရပ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၁၉ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် မင်းမွေးတောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

[ကွယ်လွန်သူအားရည်စူး၍ ၃-၈-၂၀၁၉ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## ရဟန်း ဒါယကာကြီး
**ဦးအောင်မြင့်နိုင်(ခ)ကိုမြင့်**
**Operation Manager**
**Pacific Asia Hi.Tech Construction Co.,Ltd**
အသက်(၄၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ကျုံးကျုံးကျကျေးရွာနေ(ဦးခင်လှ)-ဒေါ်တင်လှတို့၏သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ (ဦးမျိုးခင်-ဒေါ်ကြီးမြင့်)တို့၏သားသမက်၊ ကျုံးကျုံးကျ ကျေးရွာနေ(ဦးစိုးဝင်း)-ဒေါ်ရီရီချို၊ဦးဇော်လွင်-ဒေါ်မြင့်မြင့်သန်း၊ လှိုင်သာယာမြို့နယ်နေ ဦးအောင်ငြိမ်း-ဒေါ်ဆွေမော်ဦး၊ ဦးအောင်စိုးမိုး-ဒေါ်စန်းစန်းရင်၊ ဦးတင်ရွှေ-ဒေါ်သီသီဝင်း၊ အင်းစိန်မြို့နယ်နေ (ဦးလွင်မိုး)-ဒေါ်နီနီဝင်း၊ဒေါ်ကြည် ကြည်ဝင်းတို့၏ညီ/မောင်၊ မခိုင်မာကြည်၏အစ်ကို၊ ဒေါ်နီလာဝင်း၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဟိန်းမြင့်မြတ်(အင်းစိန်၊ အမက-၁၊ ဗဟို)၏ဖခင်သည် ၂၇-၇-၂၀၁၉ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၁၉ရက်မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

[ကွယ်လွန်သူအားရည်စူး၍ ၂-၈-၂၀၁၉ရက် (သောကြာနေ့) နံနက်တွင် အမှတ် ၆၄၊ အောင်ဇေယျလမ်း၊ ကန္တားအလယ်ရပ်ကွက်၊ ဒေါ်နီလာဝင်း၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

# ဖားကန့်မြို့နယ်၌ တောင်ကမ်းပါးယံပြိုကျ၍ ကုမ္ပဏီဝန်ထမ်း ၁၆ ဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦး သေဆုံးကာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိ

**ဖားကန့် ဇူလိုင် ၂၈**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ယနေ့နံနက်ပိုင်းက ဆိပ်မူကျေးရွာအုပ်စု ကရင်ချောင်ကျေးရွာအနီးရှိ စိန်လုံ တောင်ကမ်းပါးယံ ပြိုကျမှုကြောင့် ကုမ္ပဏီဝန်ထမ်း ၁၆ ဦးနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦးသေဆုံးကာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိကြောင်း ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၂ နာရီခန့်က ဖားကန့်မြို့နယ် ကရင်ချောင်ကျေးရွာအနီးရှိ ဒေသအခေါ် (စိန်လုံတောင်ကြော) မှ ပေ ၅၀၀ ခန့်အမြင့်ရှိသည့် တောင်ကမ်းပါးယံ ပြိုကျသဖြင့် ရာဇဌာနီ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ ဝန်ထမ်း ၁၆ ဦးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင် သုံးဦးတို့ မြေစာပိ၍ သေဆုံးခဲ့ကာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ရဲလုံခြုံရေးအဆောက်အဦသုံးလုံး၊ ဖိုးဝိုးကားတစ်စီးနှင့် ရဲတပ်ဖွဲ့ဝင်များကိုင်ဆောင်သည့် လက်နက်နှင့် ခဲယမ်းများ မြေဖုံးလွှမ်းသွားခဲ့သည်။

သေဆုံးသူများမှာ ဇော်လင်း (၄၁ နှစ်) ဂန့်ဂေါမြို့နယ် မြင်သာကျေးရွာ၊ စိုင်းကျော်စိုး (၄၆ နှစ်) ညောင်ရွှေမြို့နယ်၊ ကန်လောင်းကျေးရွာ၊ ဇော်လွမ်းအောင် (၂၃ နှစ်) မတူပီမြို့၊ ထက်အောင်ဖြိုး (၂၁ နှစ်) ပခုက္ကူမြို့နယ် ကြီးရွာအုပ်စု၊ ဟိန်းမင်းထက် (၂၄ နှစ်) ကောလင်းမြို့ ခွင့်တောင်းကျေးရွာ၊ ဇော်ဝေ (၂၂ နှစ်) မြိုင်မြို့နယ် သဒ္ဒတ်ကျေးရွာ၊ နိုင်မင်း (၃၅ နှစ်) ဆားလင်းကြီး မြို့နယ် ဇာမဏီ(မ)ကျေးရွာ၊ ကြည်နိုင် (၄၄ နှစ်) ပုလဲမြို့နယ်

*စာမျက်နှာ ၄ ကော်လံ ၅* ❇




တောင်ကမ်းပါးယံ ပြိုကျမှုဖြစ်ပွားသည့်နေရာသို့ ရောက်ရှိလာသည့် တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များကို တွေ့ရစဉ်။

## မြန်မာနှင့် တရုတ်လက်ရွေးစင်အသင်း တရုတ်နိုင်ငံ၌ ခြေစမ်းမည်

စာ » ၁၂

## လပွတ္တာမြို့နယ်အနီး နစ်မြုပ်သွားသော ရေယာဉ်ပေါ်မှ ပျောက်ဆုံးနေသူများအနက် ၁၇ ဦးကို ရှာဖွေတွေ့ရှိ

စာ » ၁၃

## အိန္ဒိယနိုင်ငံ၌ ရေလွှမ်းမိုးမှုကြောင့် ပိတ်မိနေသည့် ရထားတစ်စင်းပေါ်မှ ခရီးသည် ၁၀၀၀ ကျော်ကို ကယ်ဆယ်

စာ » ၁၄

## မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ် ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး နိုင်လင်းထွန်းစီစဉ်ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့မျိုးဆက်သစ်ပြိုင်ပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒေါပုံမြို့နယ် မိုးလုံလေလုံအားကစားခန်းမ၌ ပွဲစဉ် ၁၄ ပွဲ ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲ၌ ငါးချီစိန်ခေါ်ပွဲများတွင် ပြိုင်ပွဲအတွေ့အကြုံများရှိကြသည့် ဆူးမိုက်(ခြသေ့်မင်း) နှင့်စောရေထူး (သတ္တိ) တို့ပွဲတွင် သူတင်ကိုယ်တင်ထိုးသတ်ခဲ့ကြသော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ❒

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) သုံးပွဲစလုံး သရေရလဒ်ဖြင့် ပြီးဆုံး

**ရန်ကုန် ဇူလိုင် ၂၈**

၂၀၁၉ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၈) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ သုံးပွဲစလုံး သရေရလဒ်များဖြင့် ပြီးဆုံးခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံအသင်းနှင့် ဟံသာဝတီအသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ တန်းဆင်းဇုန်အတွင်း ကျရောက်နေသည့် ဒဂုံအသင်း၏ ရုန်းကန်မှုကို တွေ့မြင်ခဲ့ရပြီး နိုင်ပွဲမရခဲ့သော်လည်း အဖိုးတန်သရေတစ်မှတ်ရယူနိုင်ခဲ့သည်။ ဒုတိယအကျော့တွင် ပုံစံကောင်းရရန် ရုန်းကန်နေရသည့် ဟံသာဝတီအသင်းသည် ယခုပွဲတွင်လည်း အမှတ်ရရန် ရုန်းကန်ခဲ့ရပြီး ထက်လင်းလင်း၏ ချေပဂိုးကြောင့်သာ သရေတစ်မှတ်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းတွင် ဒဂုံအသင်း၏ ထိုးဖောက်မှုများက ပိုမိုထိရောက်ခဲ့သည်။ ဟံသာဝတီအသင်းသည် ပိုဖိကစားနိုင်သော်လည်း တိုက်စစ်ကစားပုံမကောင်းသည့်အပြင် ကစားသမားအများစုမှာ မကြာခဏလူကျွံဘော ဖြစ်နေသောကြောင့် တိုက်စစ်ဆင်မှုများမှာ အချည်းနှီးဖြစ်ခဲ့သည်။ ၁၂ မိနစ်တွင် ဒဂုံအသင်း ဦးဆောင်ဂိုးရခဲ့ပြီး တိုက်စစ်မှူးပက်ထရစ်က ထောင့်ကန်ဘောကို ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင်လည်း ဒဂုံအသင်းက ဂိုးထပ်ရနိုင်သည့် အခွင့်အရေးအချို့ထပ်ရခဲ့ပြီး အသုံးမချနိုင်၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်း ကစားသမားများအပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သည်။ ဟံသာဝတီအသင်းသည် ၇၆ မိနစ်တွင် ထက်လင်းလင်း သွင်းယူသည့်ပြစ်ဒဏ်ဘောဂိုးဖြင့် ချေပဂိုးပြန်ရခဲ့သော်လည်း တိုက်စစ်ကစားပုံမှာ အားနည်းချက်များရှိခဲ့ပြီး သရေတစ်မှတ်အတွက် ရုန်းကန်ခဲ့ရသည်။

မုံရွာကွင်း၌ ကျင်းပသည့်ပွဲတွင် စစ်ကိုင်းအသင်းနှင့် ရန်ကုန်အသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။ ရန်ကုန်အသင်းသည် ဒုတိယနေရာမှ ရှမ်းယူနိုက်တက်အသင်း၏ သရေကျမှုကို အခွင့်ကောင်းမယူနိုင်ခဲ့ဘဲ သုံးမှတ်အသာဖြင့်သာ ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ စစ်ကိုင်းအသင်းမှာမူ ရှုံးပွဲဆက်နေမှုကို အိမ်ကွင်း၌ ရပ်တန့်နိုင်ခဲ့ခြင်းဖြစ်သည်။




ဟံသာဝတီအသင်း၏ ဂိုးသွင်းရန် ကြိုးပမ်းမှုကို ဒဂုံနောက်ခံလူများနှင့် ဂိုးသမားတို့ ကာကွယ်နေစဉ်။ ဓာတ်ပုံ - ဖိုးသော်ဇင်

မန္တလာသီရိကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းနှင့် ရခိုင်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၃* ◆

Certificate TH18/11153
LMA လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
အမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR 005394(0519)
စိတ်ဖိစီးမှုလျော့ပါးစေရန် ၊ သီးကောင်းစေရန် ၊
ခွန်အားသစ်ဖြစ်စေရန် ၊ မှတ်ဉာဏ်ကောင်းစေရန် ၊
အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Certificate TH18/11152
ISO 9001:2015 နှင့် GMP လက်မှတ်ရ Lwin Myint Aung Industrial Co.,Ltd. (၄/၂၀၁၆ တဆထလ(တိုး) ၉၉၈) အမှတ် ၁၃၀/၇၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။